
www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၆၀၈၀၉
ကာ်ဗာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၇၁၁၁၁၁
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ် ဩဂုတ်လ ၂၀၁၀
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
ဥတ္တရာဒေဝ
အတ္တနုတ်ဆိုး / ဥတ္တရာဒေဝ။ - ရန်ကုန် ၊
ရွှေပဒေသာစာပေ၊ ၂၀၀၉
၂၃၆ - စာ၊ ၁၂ x ၁၈ စင်တီ
(၁) အတ္တနုတ်ဆိုး


BURMESE CLASSIC .com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ၁။ အမှောင်ရိပ်ဝယ်

တရိပ်ရိပ် ရွေ့လျားနေသော တိမ်အပိုင်းအစများသည် လပေါ်သို့ ဖုံးလွှမ်းသွားရာ ပတ်ဝန်းကျင်သည် လုံးဝ အလင်းရောင်မရှိ မှောင်မိုက်သွားတော့၏။

ထိုအချိန်တွင် မိုးနှင်းဆီ ခြံ၏အလယ်မှာတည်ရှိသော အိမ်အိုကြီး၏ အပေါ်ထပ်အခန်းတွင်းမှ မီးရောင် ထွန်းလင်းလျက်ရှိရာက မီးရောင်ပျောက်သွားသည်။

ခြံထောင့်အစပ်မှ အိမ်ကြီးပေါ်သို့ မော့ကြည့်နေသော လူတစ်ယောက်သည် သက်ပြင်းရှိုက်၍ အံကို တင်း

www.burmeseclassic.com

www.burmeseclassic.com



တင်းကြိတ်လိုက်ပြီး အိမ်ကြီးဆီသို့ လျှောက်သွားလေသည်။

အိမ်ကြီး၏နောက်ဘက် ကြောင်လိမ်လှေကားမှ နေ၍ အပေါ်သို့ ဖြည်းညင်းစွာ တက်သွားသည်။

အပေါ်ထပ်တံခါးကို တွန်းလိုက်ရာ အလိုက်သင့် ပွင့်သွားသည်။

တင်စုံတစ်ယောက်သည် တံခါးကို ကြိုတင်၍ ဖွင့်ထားဟန်တူသည်ဟု သူ တွေးမိသည်။

မီးရောင်မရှိသော်လည်း သည်အိမ်ကြီးတွင် ဘယ်ခနေရာမှာ ဘာပစ္စည်းရှိသည်ကို သူ သိသည်။

အိမ်ထဲမှာ မျက်စိမှိတ်ပြီးပင် လမ်းလျှောက်နိုင်သည်အထိ ကျွမ်းကျင်ပြီးသား။

ခြေသံမကြားအောင် ခြေဖို့ဖွနင်း၍လျှောက်သွားကာ အခန်းတစ်ခုရှေ့မှာ ရပ်လိုက်၏။

အခန်းတံခါး၏လက်ကိုင်ဘုကို ကိုင်ကာ နားကို တံခါးနှင့် ထိကပ်လိုက်၏။

အတွင်းမှ အသက်ပြင်းပြင်းရှူသံကို ကြားနေရ





သည်။

တံခါးလက်ကိုင်ဘုကို ကိုင်လှည့်ကာ အားကုန်တွန်းဖွင့်လိုက်သည်။

"ဂျိ"

"ဟင်"

ခုတင်ပေါ်မှ ပူးကပ်၍ အိပ်နေသော အမျိုးသားနှင့် အမျိုးသမီးသည် ရုတ်တရက် ခန္ဓာကိုယ်ချင်းခွဲခွာလိုက်ပြီး အမျိုးသားသည် ခုတင်ပေါ်မှ ရုတ်တရက် ခုန်ဆင်းလိုက်၏။

တံခါးကိုဖွင့်၍ ဝင်လာသူသည် ခုတင်ကို ပတ်၍ ပြေးသော အမျိုးသားအား ဝင်လုံးပြီး လက်သီးနှင့် အဖိရ ထိုးလိုက်၏။

အမျိုးသားသည် ကြမ်းပြင်ပေါ် ယိုင်လဲထိုးကျပြီး အနီးမှ မီးရောသနပ်ခါးတုံးကို ကောက်ကိုင်ပြီး သူ့အား ဆင့်ကဲဆင့်ကဲရိုက်လိုက်သည်။

"အို . . . အို . . . မလုပ်နဲ့။ လက်လွန်ကုန်မယ်"

ခုတင်ပေါ်မှ အမျိုးသမီးသည် ထိုသို့ပြောပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်မှ ဆင်းလိုက်သည်။

သူမ၏ကိုယ်ပေါ်မှ ဝတ်လစ်စလစ်ဖြစ်နေပုံကို သတိရပြီး ခုတင်ပေါ်မှာရှိနေသော အဝတ်အစားများကို ကောက်ဝတ်လိုက်သည်။

အမျိုးသားသည် ဝရန်းသုန်းကားဖြင့် အခန်းတံခါး ဖွင့်၍ ကြောင်လိမ်လှေကားမှ ပြေးဆင်းသွားပြီး နောက်မှ လိုက်သူသည် ခေါင်းမှသွေးများ ယိုစီးကာ မလိုက်နိုင်ဘဲ မူး ဝေနေ၏၊

ထိုစဉ် အမျိုးသမီးက အခန်းမီးကို ဖွင့်လိုက်၏၊

ခေါင်းမှသွေးတွေ စီးကျကာ လဲနေသော ခင်ပွန်း ဖြစ်သူအား အံ့သြထိတ်လန့်စွာ ငေးကြည့်နေသည်။

"မိနိုး"

အံ့ကြိတ်၍ ဒေါသဖြင့် ခေါ်လိုက်သော ခင်ပွန်းအစီး သွား၍ မေ့ထုမည်အလုပ် . . .

"ခွေးမ . . . ခွေးလိုလုပ်တဲ့မိန်းမ၊ အရှက်မရှိတဲ့ ကောင်မ"



အစ်ကိုကြီး . . . မ . . . လုပ်ပါနဲ့ အစ်ကိုကြီး"

ခင်ပွန်းဖြစ်သူက အဝတ်အစားတွေ ဖရိုဖရဲနှင့် ဇနီး ဖြစ်သူအား ရွံရှာစက်ဆုပ်စွာ၊ အခဲမကြေစွာ၊ ဒေါသမုန်တိုင်း ထန်စွာ ကြည့်ပြီး ဆွဲဆောင့်ကာ ဇနီးဖြစ်သူ၏လည်ပင်းကို အငြိုးတကြီး ကြမ်းတမ်းစွာ ညှစ်ထားလိုက်၏။

"အစ် . . . ကိုကြီး"

"နင့်ကို ငါ သတ်မယ်။ နင် သေမှ အေးမယ်"

အံတကြိတ်ကြိတ်နှင့် ပြောရင်း လက်နှစ်ဖက်ကို တင်းကျပ်သထက် တင်းကျပ်အောင် ညှစ်ထားသဖြင့် အမျိုး သမီးမှာ မည်သည့်အသံမျှ မထွက်နိုင်။ မျက်လုံးများမှာ ပြူး သထက် ပြူးကျယ်ကာ လုံးဝ မလှုပ်ရှားနိုင်ဘဲ ငြိမ်ကျသွား လေသည်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com



## ၂။ တခဏ္ဍသာဝဓာတီ ဆက်ချစ်မှာသော

မှောင်မည်းနေသောအချိန်၊ ကားတစ်စီးလောက်သာ သွားနိုင်သည့် မြေနီလမ်းကျဉ်းကလေးမှာ သူသည် ဦးတည်ရာမဲ့ ပြေးသွားနေရင်းက အလွန်မောပိုက်လာသည်၊

ဂယောင်ချောက်ချားစိတ်များဖြင့် သူ၏မျက်လုံးသည် ဘာကိုမှ သဲသဲကွဲကွဲမမြင်ရလောက်အောင် ရီဝေနေသည်။

ယခင်က သည်နေရာကို သူ ကျွမ်းမှကျွမ်း။

○———ရှုပ်အော———○



ဒါကြောင့် သူ့အတွက် လုံခြုံရာကို သူ ပြေးလာခဲ့ခြင်းပင်ဖြစ်သည်။

သူ၏အမည်မှာ ထင်ကျော်ဖြစ်သည်။

စမ်းရေတွင်းရွာနှင့် ရွာနားတစ်ဝိုက်မှာတော့ ထင်ကျော်အား မသိသူ မရှိသလောက်ဖြစ်သည်။

ထင်ကျော် လူသိများခြင်းမှာ တော်လို့ ကောင်းလို့ မဟုတ်။

ဆိုးလို့ ပေလို့ လူဆိုးလူပေအဖြစ် လူသိများနေခြင်းဖြစ်သည်။

ထင်ကျော် စွတ်ရွတ်ပြေးလာခဲ့သော မြေနီလမ်း၏အဆုံးမှာ လမ်းခွဲနှစ်ခုရှိသည်။

ညာဘက်လမ်းခွဲသို့ ချိုးလိုက်လျှင် နွားများ မွေးမြူထားသော ခြံကြီးတစ်ခြံရှိ၏။

ခြံအဝင်းသို့ ဝင်လာခဲ့သည်။

ခြံ၏တစ်ဖက်ထောင့်မှာ ခြေတံရှည်ပျဉ်ထောင်အိမ်ကြီးတစ်အိမ်ရှိ၏။

○———ရှုပ်အော———○

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်တွင် ထင်ကျော် ပုန်းခိုနေပါက တော်ရုံ တန်ရုံနှင့် ထင်ကျော်အား တွေ့ချင်သူများ ရှာတွေ့နိုင်မည် မဟုတ်ပေ။

မိုးများရွာထားသဖြင့် လမ်းက စိုစွတ်နေသည်။

ရွှံ့စေးများရှိသဖြင့် ခြေမချော်အောင် သတိထား၍ လျှောက်လာပြီး လှေကားလက်ရန်းကို ကိုင်လိုက်၏။

"ကိုထင်ကျော်"

ရုတ်တရက်ခေါ်သံကြောင့် အိမ်ပေါ်သို့ မော့ကြည့်၏။

လှေကားထိပ်မှာရပ်နေသူကား မိုးနှင်းဆီဖြစ်နေသည်။

"လာ . . . လေ။ တက်လာလေ။ ကျွန်မ ရှင့်ကို စောင့်နေတယ်"

"ဟင်"

ထင်ကျော့်ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်နေသည်။



ကြက်သီးတွေ ဖြန်းခနဲထလာသည်အထိ တုန်လှုပ်မိ၏။

ခံပင်ဖားလျားနှင့် အဖြူမှာ အနက်ရောင်အလုံးသေးသေးလေးများပါသော အင်္ကျီ၊ အနက်ရောင်မှာ အဖြူအလုံးများပါသော ထဘီကို ဝတ်ထား၏။

သည်လောက်ဝေးသည့်နေရာမှာ ကျန်ခဲ့သည့် မိုးနှင်းဆီသည် ဘူထက်အရင် ဒီခြံသို့ ရောက်နေသည်မှာ လုံးဝ ဖြစ်နိုင်ပါလား။

"ကိုထင်ကျော်"

စူးအက်အက် ရှတတအသံဖြင့် ခေါ်လိုက်ရင်း ရှေ့သို့ တိုးလာ၏။

"လာလေ . . . ရှင် ကျွန်မကို ချစ်တယ်ဆို။ ကျွန်မနဲ့ အတူနေမယ်ဆို။ ကျွန်မ ရှင့်ကို စောင့်နေတာ"

လှေကားမှ ဆင်းလာသည်။

"ဟာ . . . မင်း . . . မင်း မလာနဲ့ . . . မလာနဲ့"

ထင်ကျော် နောက်ပြန်လှည့်၍ ဆင်းပြေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုထင်ကျော်"

"ကိုထင်ကျော်"

အော်ခေါ်ဒဲ့သဲ့သဲ့ ကျန်ခဲ့သည်၊

ထင်ကျော်က လုံးဝ လှည့်မကြည့်၊

ထိုစဉ် မိုးက ဖွဲဖွဲရွာလာ၏။

ထင်ကျော်သည် ခွာခြံမှ ထွက်၍ တစ်ဖက်သို့ ကွေ့လိုက်၏၊

ထိုလမ်းသည် တဖြည်းဖြည်း မြင့်တက်သွားပြီး အဆုံးမှာ ရေကန်ကြီးရှိလေသည်။

ရေကန်ကြီးထဲသို့ စမ်းရေများ စီးဆင်းကျရောက်နေရာ မိုးအခါတွင် ရေကန်သည် ပြည့်လျှံ၍ ရေစီးလည်း သန်လေသည်။

သစ်ပင်ကြီးတစ်ပင်အောက်တွင် ငင်မိုရပ်ရင်းမှ မျက်နှာပေါ် စီးကျလာသော ရေများအား လက်ဖြင့် သပ်လိုက်သည်။

မိုးနှင်းဆီ . . .



သူမကား အတူနေချင်လို့တဲ့။

ယခုပင် သူ မိုးနှင်းဆီနှင့် တွေ့ခဲ့ပြီး မိုးနှင်းဆီ၏ ခင်ပွန်းဖြစ်သူနှင့် ထိုးကြိတ်သတ်ပုတ်ခဲ့ရသည် မဟုတ်လား။

မိုးနှင်းဆီ၏ခင်ပွန်း ဦးနေခွန်းအောင်သည် အသက် လေးဆယ်ကျော်အရွယ်ဖြစ်ကာ သမီးအရွယ်လောက် ရှိသည့် မိုးနှင်းဆီအား ဇနီးမယားအဖြစ် ယူထားပြီး အလွန် သဝန်တိုတတ်သူ ဖြစ်သည်။

တကယ်တမ်းကျတော့ မိုးနှင်းဆီက သူဌေးသမီး ဖြစ်သည်။

မိုးနှင်းဆီ ခြံကြီး၏အရှင်သခင်မစင်စစ် ဖြစ်သည်။

ဦးနေခွန်းအောင်က မိုးနှင်းဆီ၏ ဖခင် ဦးဇေယျာ၏ တပည့်၊ အားကိုးယုံကြည်စိတ်ချရသူဖြစ်၍ ဦးဇေယျာ၏ [illegible] လုပ်ငန်းများကို မျက်နှာလွှဲကာ အုပ်ချုပ်ရေး [illegible] ကိုင်စေသည်။

ဦးဇေယျာတို့ လင်မယား [illegible] ဒဏ်ရာရရှိပြီး သေဆုံးခါနီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ဖို့ ဦးနေ့ခွန်းအောင်အား မှာကြားခဲ့သည်ဖြစ်ရာ ဦးနေ့ခွန်းအောင်က အသက်နှစ်ဆယ်ရွယ် မိုးနှင်းဆီကို မယားမဖြစ် သိမ်းသွင်းရယူခဲ့ပြီး သူဌေးလုပ်နေသူ ဖြစ်သည်။

မိုးနှင်းဆီအား အပြင်သို့ သွားလာခွင့်မပေး၊ နေရာတကာမှာ လိုက်ချုပ်ချယ်၊ ဟိုလူနှင့်စွပ်စွဲ သည်လူနှင့်စွပ်စွဲ၊ သဝန်တိုလွန်းသူမို့ မိုးနှင်းဆီက အဖေအရွယ်ခင်ပွန်းဖြစ်သူအား စိတ်ကုန် စိတ်ပျက်နေပြီဖြစ်သည်။

ထင်ကျော်နှင့် မိုးနှင်းဆီ တွေ့ဆုံချစ်ကြိုက်မိကြသောအခါ ထင်ကျော်ကလည်း လူပေ လူတေတစ်ဦးဖြစ်ပြီး မိန်းမကို သတ်သတ်မှတ်မှတ်ပယူရန် အလွန်ကြောက်သူဖြစ်သော်လည်း မိုးနှင်းဆီကိုတော့ လူထက် ငွေကို မက်၍ ယူမည်ဟု ဆုံးဖြတ်ထား၏။

ဒါပေမဲ့ ဦးနေ့ခွန်းအောင်၏ လက်က ဘယ်လိုလွတ်အောင် ပြေးရမလဲဆိုတာ စဉ်းစားတွေးတောကြံစည်နေမိလေသည်။



ယခုတော့ . . .

ဦးနေ့ခွန်းအောင်က လက်ဆုပ်လက်ကိုင် မိသွားရေပြီ။

ဒီလူကြီးအကြောင်း သိသည်။

အလွန်ဒေါသကြီး၍ ကြမ်းတမ်းရက်စက်သူဖြစ်၏။

ဦးနေ့ခွန်းအောင်သည် ရိုးသားဟန်ဖြင့် လူကြီး လူကောင်းတစ်ဦးအသွင် နေထိုင်သော်လည်း တကယ်တမ်း အတွင်းစိတ်မှာ ကောက်ကျစ်သူဖြစ်ကြောင်း ထင်ကျော်က သိလေသည်။

ဦးနေ့ခွန်းအောင်က ထိုနေရာတွင်ပင် မိမိအား မွဲချင်းပြီး သတ်မည်ဖြစ်ရာ မိမိက လွတ်မြောက်လာသောအခါ မိုးနှင်းဆီအား ခွင့်လွှတ်ပေးနိုင်ပါ့မလား။

မထင်။ မထင်။

မိမိတော့ လုံးဝမထင်ထား။ ဦးနေ့ခွန်းအောင်သည် မိုးနှင်းဆီအား ဘယ်လောက်ချစ်ချစ် သူ့အပေါ် သစ္စာဖောက်သူအဖြစ် အနည်းဆုံး အရိုးကျိုးအောင်တော့ ရိုက်၍ ဆုံးမပေ

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြည်။

ရှဲ . . . ရှဲ . . . ရှဲ

လေတိုက်၍ သစ်ပင်များ လှုပ်သံကပင် ချောက်ချားဖွယ်ကောင်းနေပါလား။

မှောင်မည်းနေ၍ ပတ်ဝန်းကျင်ကို သေချာမမြင်ရ။

မိမိ ဘောင်းဘီအိတ်ထဲမှာ လက်နှိပ်ဓာတ်မီးအသေးလေးပါတာ သတိရသဖြင့် ထင်ကျော်သည် လက်နှိပ်ဓာတ်မီး ထုတ်၍ ပတ်ဝန်းကျင်အား ကြည့်လိုက်၏။

"ဟင်"

ထိတ်လန့်တကြား အော်လိုက်မိတာကတော့ လက်နှိပ်ဓာတ်မီး ထိုးကြည့်လိုက်သည့် အလင်းရောင်ရှေ့တွင် ဆံပင်ဖားလျားချထားသည့် မိုးနှင်းဆီ၏အသွင်သဏ္ဍာန်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

"ကိုထင်ကျော်"

မိုးနှင်းဆီက ခေါ်လိုက်သည်။

ထင်ကျော် ကြက်သီးမွေးညင်းထကာ နောက်သို့



ချာခနဲလှည့်ပြေးသည်။

ထင်းရှူးပင်၊ ဝါးပင်များ ပတ်ချာလည်ဝိုင်းနေသောနေရာဖြစ်သည်။

"ဖတ် . . . ဖတ် . . . ဖတ် . . . ဖတ်"

သူ့ဖိနပ်သံကို သူ ပြန်ကြားနေရတာတောင် တုန်လှုပ်ဖို့ ကောင်းနေသည်။

"ရှဲ . . . ရှဲ . . . ရှဲ . . . ရှဲ . . . ရှဲ"

သစ်ရွက်တွေ လှုပ်သံ၊ ဝါးရုံပင်တွေ ယိမ်းနွဲ့သံတွေကလည်း စိတ်ချောက်ချား ကြောက်ရွံ့ဖွယ်ရာပါလား။

"ကိုထင်ကျော်"

သူ့ရှေ့တည့်တည့် ဝါးရုံပင်ကြားမှာ မိုးနှင်းဆီ ရောက်နေသည်။

"ကျွန်မကို ချစ်တယ်ဆို။ ကျွန်မကို မထားခဲ့ပါနဲ့။ ကျွန်မ ရှင့်နောက်ကို လိုက်မယ်"

"ဟာ"

ပြောပြောဆိုဆိုနှင့် မိုးနှင်းဆီ ရှေ့သို့ တိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ . . . လား"

ဒါမိုးနှင်းဆီ လုံးဝမဖြစ်နိုင်။

သူ ရှာခနဲလှည့်ပြေးပြန်သည်။

"ကိုထင်ကျော်"

"ကိုထင်ကျော်"

"ကိုထင်ကျော်"

ဘယ်ကိုပြေးပြေး သူ့ရှေ့မှ မိုးနှင်းဆီ ရောက်နေသည်။

"ကျွန်မကို ခေါ်သွားပါ။ ရှင် ကျွန်မကို ချစ်တယ်ဆို"

သူ့နောက်က တကောက်ကောက်လိုက်ရင်း ပြောနေသည်။

မဖြစ်ဘူး။ သူမဟာ ခုနေ လူသားဝင်စစ်မဖြစ်နိုင်တော့ဘူး၊

မိုးနှင်းဆီဟာ သူ့ယောက်ျားလက်ချက်ကြောင့် သေဆုံးသွားပြီဖြစ်မယ်။

ဒါကြောင့် အခုလိုက်နေတာ မိုးနှင်းဆီဘဝပြောင်း





သွားတဲ့ ဝိညာဉ်လား၊ သရဲလား၊ ပြိတ္တာလား။

တစ်ခုခုတော့ တစ်ခုခုပဲ။

"ကိုထင်ကျော် . . . ကိုထင်ကျော်"

"မလိုက်နဲ့။ မင်း ငါ့နောက်မလိုက်နဲ့။ သွား . . . သွား မင်းနဲ့ငါ ဘဝချင်းမတူတော့ဘူး"

"ကျွန်မ လိုက်ပါရစေ ကိုထင်ကျော်။ ကျွန်မဆီ ပြန်လာခဲ့ပါ။ ကျွန်မဆီ ပြန်လာခဲ့ပါ။ ရှင် ကျွန်မကိုချစ်တယ်ဆို"

"မလိုက်နဲ့ . . . မလိုက်နဲ့ . . . မင်းဟာ လူမဟုတ်ဘူး။ သွား . . . သွား"

ထင်ကျော် အော်ဟစ်ရင်း နောက်ဆုတ်ရင်းမှ ချောက်ကမ်းနှုတ်ခမ်းကို ရောက်သွားသည်။

သူ မျက်လုံးကို ဖွင့်ကြည့်လိုက်၏။

မိုးရေတွေ ရွဲနေသဖြင့် သူ့တစ်ကိုယ်လုံး အသားတွေ တဆတ်ဆတ်တုန်ကာ ချမ်းအေးသည့် ဝေဒနာကို မချိမဆံ့ခံစားနေရသည်။

တစ်ကိုယ်လုံး အေးစက်နေသော်လည်း မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



များက အပူငွေ့ငွေ့ ထွက်နေသလား မှတ်ရအောင် စပ်ပူ စပ်လောင်ဖြစ်နေပါသည်။

ကောင်းကင်မှာ လျှပ်ပန်း လျှပ်နွယ်တွေ လက် လက် ဖြာနေသည်။

သူ၏ဘေးပတ်ဝန်းကျင်မှာ လူသူအရိပ်အယောင် မတွေ့ရသော်လည်း လေဝိုက်သံ၊ သစ်ပင်များ ယိမ်းနွဲ့လှုပ် ရှားသံတို့က ဆူညံလျက်ရှိလေသည်။

သူသည် အိပ်ချင်မူးတူးဖြစ်ပြီး အလွန်ပင်ပန်း မော ဟိုက်နေသည်။

ရန်သူနှင့်တိုက်ခိုက်ပြီး ကြောက်လန့်တကြား ပြေး လွှားလာခဲ့ရသော ခရီးက ဝေးလှပြီ။

ပြေးရင်းပင် အိပ်ပျော်သွားသလိုဖြစ်ကာ အိပ်မက် မက်နေသလိုလို တကယ်ဖြစ်နေသလိုလို ခံစားနေရသည်။

နားထဲမှာတော့ "ကိုထင်ကျော် . . . ကိုထင်ကျော်" နှင့် သူ၏အမည်ကို အဆက်မပြတ်ခေါ်နေပါသော မိုးနှင်းဆီ ၏ အသံကို ကြားနေရသည်။

ဤသူဒေသ



"မလိုက်ခဲ့ပါနဲ့ကွာ။ ငါ တောင်းပန်ပါတယ်၊ မင်း မလိုက်ခဲ့ပါနဲ့ကွာ" ဟူ၍ သူ၏ရင်ထဲမှာလည်း ပြောနေမိရင်း မှ မိုးနှင်းဆီနှင့် ဝေးသထက် ဝေးရာအရပ်ကို ပြေးနေမိ သည်။

"ဂျွတ် . . . ဂျွတ် . . . ဂျွတ် . . . ဂျွတ်"

တစ်နေရာတွင်မှ သစ်ပင်ကြီးတစ်ပင်သည် အမြစ် မှ ကျွတ်ထွက်၍ တဂျွတ်ဂျွတ်မြည်ကာ အောက်သို့ ကျိုးကျ နိမ့်ဆင်းလာသည်ကို သူ မမြင်။

မသယ်ချင့် သယ်ချင် ခြေလှမ်းများဖြင့် မိမိခန္ဓာ ကိုယ်ကို သယ်ရင်း ထိုသစ်ပင်အနီးတွင် ရပ်လိုက်၏။

"ကိုထင်ကျော်"

နားထဲမှာ ပီပီသသခေါ်သံကြား၍ လှည့်ကြည့်နေ ခိုက်မှာပင် သစ်ပင်ကြီးသည် ထင်ကျော်ပေါ်သို့ ပြိုလဲကျသွား ပါလေတော့သည်။

"အား"

✦ ✦ ✦

ဤသူဒေသ

www.burmeseclassic.com

www.burmeseclassic.com



## ၃။ ဗိုးနှင်းဆီတဲ့လား

"ဟယ် . . . ဟိုမှာ မိန်းကလေးတစ်ယောက် ကား ကြုံလိုက်ချင်လို့လား မသိဘူး။ ရပ်ပေးလိုက်ပါ"

မိုးဖွဲဖွဲရွာနေသော လမ်းအလယ်မှာ မိန်းကလေး တစ်ယောက် ရပ်နေသဖြင့် နန်းအိမ်စံက ကားရပ်ခိုင်းလိုက် ခြင်း ဖြစ်သည်။

"စမ်းရေတွင်းအထိရောက်မလား၊ လိုက်မလား"

မိန်းကလေးက ခေါင်းညိတ်ပြပြီး ကားနောက်ပိုင်း





သို့ တက်သွားတာကို ကားနောက်ကြည့်မှန်ထဲက နန်းအိမ်စံ က တွေ့သည်။

ကားမောင်းသူ စိုင်းဝဏ္ဏကတော့ သည်အရပ်မှာ ညဘက် မရောက်ဘူး၍ အနည်းငယ် စိုးရိမ်နေသည်။

ကားဝယ်ပြီး ကိုယ်တိုင်ကားမောင်း၍ ခရီးမထွက် စဖူး ထွက်နေခြင်းဖြစ်သည်။

ကားကို ပြင်ဦးလွင်မှာ ဓာတ်ဝင်နားပြီး လားရှိုးအထိ သွားရန် ထွက်လာခဲ့ခြင်းဖြစ်သည်။

စမ်းရေတွင်းရောက်တော့ မိုးလင်းနေပြီ။

တုန်ကားကြီးများ ဆိုက်ထားရာ ဆိုင်တစ်ဆိုင်ရှေ့ ရပ်လိုက်သည်။

"ချမ်းတယ် . . . လက်ဖက်ရည်လေး ဝင်သောက် ပြီး အရောင်းအဝယ်ကိစ္စလေး စုံစမ်းလိုက်ဦးမယ်"

နန်းအိမ်စံက ကားတံခါးဖွင့်ဆင်းပြီး ကားနောက် ဘက်သို့ လျှောက်သွားသည်။

ကားကြုံလိုက်လာသည့်မိန်းကလေး ရှိသေးသည်



www.burmeseclassic.com

www.burmeseclassic.com



ပဟုဝင်လား။

သည်မှာခင်းမလားလို့ မေးရန် ရည်ရွယ်သည်။

ကားနောက်ခန်းထဲမှာ နန်းအိမ်စံ၏မောင် ဝမ်းကွဲ ပေါလုနှင့် ညီမဖြစ်သူ နန်းခက်ဖုံတို့ ပါလာသည်။

"ဟဲ့ . . . အိပ်ပျော်နေကြတာလား။ လက်ဖက်ရည် သောက်ရအောင် ဟိုမိန်းတာလေးရော"

နန်းအိမ်စံပြောမှ နန်းခက်ဖုံ အိပ်ပျော်ရာက နိုးလာ၏။

"လမ်းကြုံလိုက်လာတဲ့မိန်းတာလေးရော။ ဘယ်တုန်းက ဆင်းသွားတာလဲ"

"ဟုတ်ပါရဲ့။ ကားပေါ်တက်လာတုန်းကလည်း ဘာမှ မပြောဘူး။ ပြန်ဆင်းသွားတော့လည်း နှုတ်ဆက်မသွားဘူး"

လက်ဖက်ရည်ဆိုင်မှာ မနက်အစောကြီး လက်ဖက်ရည်ရသည်။

ကောက်ညှင်းပေါင်း ပူပူနွေးနွေးလည်း ရသည်။



ခရီးဝေးသွား ကားသမားများအတွက် အဆင်ပြေနေသည်။

"လက်ဖက်ရည်သုံးခွက်နဲ့ ကောက်ညှင်းပေါင်းပဲလား။ ကားပေါ်က တစ်ယောက် မဆင်းဘူးလား။ အချမ်းပြေ ရေနွေးကြမ်းလေးဖြစ်ဖြစ် ဆင်းသောက်လေ"

ဒေါ်ကြာဥက ကားပေါ်သို့ကြည့်၍ ပြောရင်းက ရေနွေးကရားနှင့် အကြမ်းပန်းကန်လုံးများ စားပွဲပေါ်ချပေးသည်။

"အဘွားကြီး . . . ဘာတွေပြောနေတာလဲ။ ကျွန်မတို့ လေးယောက်ပဲပါတယ်။ ကားပေါ်မှာ ဘယ်သူမှ မရှိဘူး"

နန်းအိမ်စံက ပြောလိုက်သည်။

"အဘွား . . . ဘာတွေပြောနေတာလဲ။ ကားပေါ်မှာ လူရှိသေးတယ်ထင်လို့လား"

ပေါလုက ပြောသည်။

သည်ဆိုင်မှာ သူတို့ ခရီးထွက်တိုင်း ဝင်စားနေကျမို့ ခင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားပေါ်မှာ စိန်းကလေးတစ်ယောက်ထိုင်နေတာ မြင်လိုက်တယ်လေ"

"ဟုတ်လို့လား . . . သေချာကြည့်ပါဦး။ အဘွား မျက်စိမှုန်နေလို့ပါ"

"ငါ သေချာတွေ့တာပါကွယ်"

ပေါ်လုတို့ ရယ်နေကြသည်။

"အစ်မတို့ကားနဲ့ ဘယ်လိုလုပ်ပြီး မိုးနှင်းဆီပါလာတာလဲ"

အကြော်ကြော်နေသော မတင်အေးက အနီးသို့ ရောက်လာပြီး မေး၏။

"မိုးနှင်းဆီ . . . ဟုတ်လား။ ဘယ်သူလဲ"

"အစ်မတို့ကားပေါ်မှာထိုင်နေတယ်လေ။ ခုနလေး တင်ကပဲ ကားပေါ်ကဆင်းပြီး ဆိုင်ထဲဘက် ဖြတ်သွားတယ်"

နန်းအိမ်စံတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး အံ့အားသင့်နေကြရသည်။

"ဘယ်လိုဖြစ်တာလဲ"



ကားရပ်ရပ်ချင်း နန်းအိမ်စံကိုယ်တိုင် ကားနောက်ခန်းသို့ သွားကြည့်ခဲ့သေးတာပဲ။

ပေါ်လုနှင့် နန်းခက်မုံကလွဲပြီး ဘယ်သူမှ မရှိပါဘူး။

"နင်တို့ကလည်း သေချာမကြည့်ကြဘူး။ ကားပေါ်မှာ ရှိနေတဲ့လူကိုတောင် မမြင်ဘူးတဲ့။ အိပ်ချင်မူးတူး မျက်လုံးတွေနဲ့လေ"

စိုင်းငွေ့ကြာက ပြောသည်။

"မိုးနှင်းဆီက သူတို့ကားနဲ့ပါလာတာ မဖြစ်နိုင်ပါဘူး။ မနေ့ညနေကပဲ ဈေးထဲမှာ တွေ့လိုက်သေးတာ"

ဒေါ်ကြာဥက ပြောသည်။

"ဟာ . . . ခုလေးတင်နော် သူတို့ကားပေါ်က ဆင်းပြီး ကျွန်မ အကြော်ဖိုဘေးက ဖြတ်သွားတာ"

"နင် မျက်စိမှားလို့ဖြစ်မှာပါ"

"အဘွားမျက်စိ မှားတာပါ"

"မိုးနှင်းဆီကိုတော့ ဒီလောက်ချောတာ ငါ သေချာ သိတယ်။ မျက်စိ မမှားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဉနှင့် မတင်အေးတို့ ငြိမ်းနေတာကြည့်ပြီး နန်းအိမ်စံ ရယ်နေသည်။

"ကဲ . . . ကဲ . . . ငြိမ်းမနေကြနဲ့၊ ကျွန်မတို့တော့ ဘယ်သူမှန်းမသိဘူး၊ လမ်းမှာတွေ့လို့ တင်လာတာ၊ မျက်နှာလည်း သေချာမကြည့်မိဘူး။ ပြန်ဆင်းသွားတာလည်း မသိလိုက်ရဘူး၊ အသွား ကျွန်မပစ္စည်းတွေ အပ်ထားတာ ရောင်းရရဲ့လား မေးမလို့"

"အေး . . . အရောင်းအဝယ်နည်းနည်းအေးတော့ ပစ္စည်းတာ မသွက်ဘူး။ ခဏထားလိုက်ပါဦး၊ ပုတ်ကုန်မှ မဟုတ်ဘဲ"

အရောင်းအဝယ်အကြောင်းပြောနေသဖြင့် မိုးနှင်းဆီအကြောင်း မေ့သွားကြလေသည်။

✧ ✧ ✧



## ၄။ မီတော်ထပ်မှားတာလား

ဒေါ်လေးလုံသည် တံခါးကို တဖတ်ဖတ် ရိုက်နေသံကြောင့် လုပ်လက်စအလုပ်ကို ထားပြီး တံခါးဆီသို့ ထလာခဲ့၏။

ဒီလောက် မနက်စောစောစီးစီး မည်သူကများ တံခါးကို လာခေါက်နေရတာပါလိမ့်။

တံခါးမဖွင့်ခင် တံခါးအနီး ပြတင်းပေါက်သေးသေးလေးမှ အပြင်သို့ ချောင်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဘယ်သူမှလဲမရှိပါလား"

ဒိဒိဒိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်လို့ မေ့ပွားရင်း မီးဖိုခန်းသို့ ပြန်ဝင်လာခဲ့သည်။

ဘုရားဆွမ်းတော်တင်ရန်အတွက် ပန်းကန်ပြားထဲမှ ဆွမ်းနှင့် ပေါက်ပေါက်များ ထည့်သည်။

"ကလင် . . . ကလင် . . . ကလင်"

ဟော . . . ဒီတစ်ခါတော့ သေချာပြီ။

တံခါးက ခေါင်းလောင်းကို လာလှုပ်သည်။

အိမ်ရှေ့ဆီ ပြေးလာခဲ့၏။

တံခါးကို ဖွင့်လိုက်သည်။

မည်သူမျှ မရှိ။

တစ်စုံတစ်ယောက် လာပြီး နှောက်ပြောင်ထားလား။

မဖြစ်နိုင်ပါ။

ဟော . . .

ခြံရှေ့က ဖြတ်သွားသော လူရိပ်ကို တွေ့လိုက်၏။



ခြံရှေ့သစ်အယ်ပင်ကြီးအောက်က ဖြတ်ရင်း မိမိအိမ်ဘက်သို့ လှည့်ပြန်ကြည့်နေသော မိုးနှင်းဆီအား ဒေါ်လေးလုံ တွေ့လိုက်သည်။

"မိုးနှင်းဆီ"

ဒေါ်လေးလုံ၏အသံက ခပ်တိုးတိုးမို့ မိုးနှင်းဆီ မကြားဘဲ လှည့်ထွက်သွားသည်။

"ဩော် . . . ဒီမိန်းကလေးနှယ် စောစောစီးစီး ဘာဖြစ်လာပြန်နဲ့လဲ။ သူ့ထဘီလေးတွေ ချုပ်ဖို့အပ်ထားတာ လာယူတာလား မသိဘူး"

ဒေါ်လေးလုံက အိမ်မှာတစ်ယောက်တည်း နေထိုင်သော အပျိုကြီးဖြစ်၏။

မိုးနှင်းဆီ ခြံအနီးမှာပင်နေပြီး အင်္ကျီချုပ်ဆိုင် ဖွင့်ထား၏။

ဒေါ်လေးလုံသည် မိုးနှင်းဆီ အပ်ထားသော ထဘီနှစ်ထည်ကို အမြန်ချုပ်၍ အိမ်သို့ ကိုယ်တိုင်ပင် သွားပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးနေထွန်းအောင်ကို ခြံရှေ့မှာ တွေ့ရ၏။

"မနက်စောစောက မိုးနှင်းဆီ အိမ်ရှေ့လာသွားတယ်။ သူ့ထဘီအပ်ထားတာ လိုချင်လို့ထင်ပါရဲ့ ဒါကြောင့် အမြန်ချုပ်ပြီး လာပို့တာ"

"မနက်က လာသွားတယ် ဟုတ်လား။ မဖြစ်နိုင်ပါဘူး။ မိုးနှင်းဆီ မနေ့ညကပဲ ခရီးထွက်သွားတယ်"

ဒေါ်လေးလုံ ဇဝေဇဝါဖြစ်သွားရလေသည်။

✧ ✧ ✧





# အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com



## ၅။ သူတာ ရှင်ပိုးအိ

"ကျိုးကြီးခင်"

"ဟင်"

ရုတ်တရက် ခေါ်လိုက်သံကြောင့် ဒေါ်မှုမှုခင်သည် အံ့ဩတုန်လှုပ်သွားချေ၏။

မမျှော်လင့်ဘဲ မထင်မှတ်ဘဲ ရောက်လာသူ မိန်းကလေးအား အခန်းထဲမှာရှိသောလူများက ငေးကြည့်နေကြသည်။

•——ရွှေအသာ——•

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ၊ အရပ်ရှည်ရှည်သွယ်သွယ်၊ ပါးလျ လျ ကိုယ်လုံးလေးနှင့် မျက်စုံးချက်ဖန့်လှလှ၊ ဆံပင်ရှည်ရှည် ကို အားလျားချထားသော ဓိန်းကလေး။

"ရှင်ပိုးအိ"

"ကြီးကြီးခင်"

"ဟဲ့ ... လာ ... လာ ... နင်တစ်ယောက်တည်း လား၊ ဘယ်သူနဲ့လာတာလဲ"

ဒေါ်မူမူခင် ပြောပြောဆိုဆိုနှင့် ရှင်ပိုးအိလက်ကို ဆွဲ ၍ အိပ်ခန်းအတွင်းသို့ ခေါ်သွားသည်။

"ကြီးကြီးခင် ... သမီး ဂေဟာမှာမနေချင်လို့ ထွက် လာတာ"

"ဘုရား ... ရေ၊ နင့်သဘောနဲ့နင် ထွက်လာတယ် ဟုတ်လား"

"သမီး ထွက်ပြေးလာတာ"

"ကြည့်စမ်း ... နင် ဘယ်သူ့အားကိုးနဲ့ ထွက်ပြေး လာရတာလဲ"



"သမီး အဲဒီမှာမနေချင်ဘူး။ ကြီးကြီးခင် တစ်ယောက် လုံး ရှိနေတာပဲ"

"အေး ... ညည်းတော့ သေတော့မှာပဲ။ ငါတောင် ဘယ်လိုနေထိုင်ရတယ်ဆိုတာ။ မဖြစ်ဘူး ... ညည်းကို ပြန်ပို့ မှာပဲ"

"အို ... မပြန်ဘူး။ မနေချင်လို့ ထွက်ပြေးလာပါ တယ်ဆိုမှ"

"ဒီမှာနေလို့မှ မရတာ"

ထိုစဉ်ပင် ရုတ်တရက် အခန်းတံခါးပွင့်ပြီး ဒေါ်မူမူ ခင်၏ ခင်ပွန်းဖြစ်သူ ဝင်လာသည်။

"ကဲ ... ကဲ ... ဒီကောင်မလေး ထွက်ပြေးလာ တာလား။ ပြန်မလွှတ်နေနဲ့တော့။ ဒီမှာပဲ နေခိုင်းလိုက်"

ဒေါ်မူမူခင်သည် ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်းမောင် အား မကျေမနပ် မျက်စောင်းထိုးကြည့်သည်။ ပြီးမှ ...

"ညည်းက ဂေဟာထက် အပြင်လောကက ပို ကောင်းတယ်ထင်နေသေးတယ်။ နေကြည့်လေ ... တွေ့ဦး

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

သူမကို ပြန်မပို့တော့ဘူးဆိုတာ သိ၍ ရှင်ပိုးအိ ရင်ထဲ ပေါ့သွားလေသည်။

"မီးဖိုခန်းထဲသွား ဟိုကောင်မတွေ ထမင်းစားနေကြတယ်၊ အတူဝင်စားလိုက်"

ဒေါ်ခူမူခင်က ပြောပြီး ညှိခန်းထဲ ပြန်ထွက်သွား၏။

ရှင်ပိုးအိ နောက်ဖေးမီးဖိုခန်းထဲ ဝင်ခဲ့၏။

သူမအရွယ် မိန်းကလေးသုံးယောက် စားပွဲဝိုင်းကလေးနှင့် ထမင်းစားနေကြသည်။

"ထမင်းစားမလို့လား"

တစ်ယောက်က မေးပြီး ထမင်းပန်းကန်တစ်ချပ် စားပွဲပေါ် ချပေး၏။

ထမင်းပန်းကန်ထဲမှာ ထမင်းထည့်လိုက်သည်။

စားပွဲဝိုင်းပေါ်မှာ ချဉ်ပေါင်ဟင်းတစ်ခွက်၊ ငါးဟင်းတစ်ခွက်၊ ငါးပိချည်နှင့် တို့စရာ ရှိသည်။



"စားကြ . . . ငါလည်း တတ်သလောက် မှတ်သလောက် ချက်ထားတာ"

ကြာဖြူက ပြောသည်။

"ဟိုကျရင်လည်း ထမင်းချက်တဲ့အလုပ်ပဲ လုပ်ရမှာ ထင်တယ်"

"မဟုတ်ဘူး။ သန့်ရှင်းရေးပဲ လုပ်ရမှာ"

ဆွေဆွေက ပြောရင်း ငါးဟင်းကို ဇွန်းဖြင့်ခပ်၍ ရှင်ပိုးအိ ပန်းကန်ထဲ ထည့်ပေးသည်။

"စားလေ . . . ရှင်ရော ကျွန်မတို့အဖွဲ့နဲ့အတူတူ သွားမှာ မဟုတ်လား"

"အစ်မတို့က ဘယ်သွားမှာလဲ"

"မလေးရှား"

"ဟင် . . . တကယ်လား"

ရှင်ပိုးအိ အံ့ဩသွား၏။

"ဟုတ်တယ်လေ။ အောက်လမ်းက ထွက်မှာ။ မနက်ဖြန် လာခေါ်မယ်ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပိုးအိုရင်ထဲမှာ ဝမ်းသာသွားသလို ဖြစ်သွားဇော်။

မျှော်လင့်ချက်ရောင်ခြည် တစ်ခုကို တွေ့လိုက်ရသည်။

သူမ ငါးနှစ်သမီးအရွယ်ဘဝက မိဘတွေ သေဆုံးပြီး အဒေါ်ဖြစ်သူက ဂေဟာသို့ ပို့ထားခဲ့ခြင်း မဟုတ်ပါလား။

ယခု အသက်ဆယ့်ရှစ်နှစ်၊ ဆယ်တန်းပင် ဖြေခဲ့ပြီးပြီ။

ဂေဟာမှာ မနေချင်၍ ထွက်လာခဲ့ခြင်းဖြစ်သည်။

သည်က မိန်းကလေးတွေလို နိုင်ငံခြားအလုပ်သွားလုပ်နိုင်ခွင့်ရှိရင် မကောင်းဘူးလား။

ထမင်းကို ချဉ်ပေါင်ဟင်း၊ ငါးပိရည်တို့နှင့် နယ်ဖတ်စားပြီး ပန်းကန်ခွက်ယောက်တွေ ကူဆေးပေးခဲ့ရသည်။

ဒေါ်မူမူခင်၏အိမ်သို့ ရှင်ပိုးအိ တစ်နှစ်တစ်ခေါက်လောက်တော့ လာလည်ခွင့်ရသည်။

အိမ်မှာ အမြဲတမ်းလိုလို စဲဂိုင်းရှိနေတတ်သဖြင့် ဒေါ်မူမူခင်က ညအိပ် လက်မခံပါ။



ခဏတဖြုတ်နေပြီး ဂေဟာသို့ ပြန်နိုင်းခဲ့သည်။

ဒေါ်မူမူခင်က အဝတ်အစားသစ်များနှင့် မုန့်ဖိုးတော့ ဂေဟာသို့ လာပေးတတ်၏။

"အမလေး . . . တစ်ကိုယ်လုံး ညောင်းနေတာပဲ။ ကဲ . . . ငါ့ကိုလာပြီး နှိပ်ပေးဦး။ ဘာကြောင့် ဒီလောက်အပြင်မှာ နေချင်ရတာလဲ"

မကြာခင်ပင် ဒေါ်မူမူခင် အိပ်ခန်းထဲဝင်လာပြီး နှိပ်နိုင်းသည်။

"သမီး ဟိုမှာမပျော်ဘူး။ သမီးနဲ့အတူနေတဲ့ တချို့လည်း ထွက်သွားကြပြီ။ သင်းသင်းထွေးက ဆယ်တန်းအောင်လို့ ဘွဲ့ရှာပြန်သွားပြီ"

"အေး . . . ညည်းလည်း ဆယ်တန်းအောင်အောင်ဖြေလေ။ ဆယ်တန်းအောင်ပြီးမှ ထွက်လာတယ်ဆို ဟုတ်သေး"

"မနှစ်ကလည်း မအောင်ဘူး။ ဒီနှစ်လည်း မဖြေနိုင်ဘူး။ သမီး အလုပ်လုပ်ချင်လို့။ ဟိုအစ်မတွေလို မလေးရှား

www.burmeseclassic.com



သွားပြီး အလုပ်လုပ်လို့ ရေဘူးလား"

"သာရယ်"

ရှင်ပိုးအိ လျှာတစ်လစ်လေးထုတ်ပြီး ပြုံးလိုက်၏။

"ဟိုအစ်မသုံးယောက်ပြောနေတာပဲ။ မလေးရှား သွားမှာဆို"

"အဲဒီကောင်မတွေ အိမ်ဖော်သွားလုပ်မှာ။ အလကား သူတို့ကိုယ် သူတို့ အထင်ကြီးလို့၊ ဒီနိုင်ငံမှာတောင် လက်ကြောတင်းအောင် မလုပ်ချင်တာ၊ သူများနိုင်ငံမှာ လွယ်တယ်မှတ်လို့။ သူတို့က နောက်တော့ ပျက်စီးလာမှာ"

"ဘာပဲဖြစ်ဖြစ် သမီးတော့ ဖွန့်စားကြည့်ချင်တယ်"

"အန္တရာယ်များတယ် ကောင်မလေး"

"သမီးက အလုပ်လုပ်နိုင်ပါတယ် ကြီးကြီးခင်ရဲ"

"ညည်းမသိပါဘူး"

ဒေါ်မှုမှုခင်က မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သဖြင့် ရှင်ပိုးအိ စကားဆက်မပြောရဲတော့။

ညနေ ရေချိုးအဝတ်အစားလဲပြီးတော့ အိမ်ရှေ့



ခည့်ခန်းမှာ ဧည့်သည်တွေလည်း ရှင်းသွားသဖြင့် အိမ်သန့်ရှင်းရေးလုပ်ရင်း တီဗီထိုင်ကြည့်နေမိ၏။

"ကောင်မလေး . . . နိုင်ငံခြားသွားချင်လို့ဆို . . . ဟုတ်လား"

ဒေါ်မှုမှုခင်ယောကျ်ား ဦးစိန်ဝင်းမောင်ရောက်လာပြီး ပြောသည်။

ရှင်ပိုးအိက ဦးစိန်ဝင်းမောင်ကို အားကိုးတကြီးကြည့်ရင်း ခေါင်းညိတ်ပြသည်။

"အင်း . . . ရုပ်ချောချောလှလှ ချစ်စရာကောင်းနေရင်တော့ ဟိုမှာ အလုပ်ဖြစ်ပါတယ်။ ဒီမှာနေလည်း သိပ်အလုပ်ဖြစ်မှာ မဟုတ်ဘူး။ ကောင်းပြီ မနက်စောစော ဒီကောင်မလေးတွေနဲ့ လိုက်သွား"

"ဟင် . . . တကယ်လား"

နောက်တစ်နေ့မနက် လေးနာရီတွင် မကြာဖြူတို့ သုံးယောက်ကို လာခေါ်သောကားနှင့် လိုက်သွားဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၆။ ရွှေသခင်အလိုတော်များ

"တို့တွေကို ဘယ်နေရာခေါ်လာတာလဲ မသိဘူး။ လာလိုက်ရတာ အဝေးကြီး"

ကြာဖြူက ပြောလိုက်သည်။

"ဒါ ဘာမြို့လဲမသိဘူး။ ရှမ်းပြည်တစ်နေရာ ဖြစ်မယ်။ ဒါကြောင့် ရာသီဥတုက အေးနေတာ။ ပြီးတော့ ပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်း။ တောင်တန်းတွေချည်းပဲ"

အိမ်ပြတင်းပေါက်မှာ ရပ်ပြီး အပြင်သို့ မျှော်ကြည့်



ကာ ဆွေဆွေက ပြောသည်။

လေးယောက်သား ပြတင်းပေါက်မှာရပ်၍ အပြင်သို့ ကြည့်ကြ၏။

"ဟုတ်တယ်နော် . . . လွမ်းစရာကြီး"

ကြာဖြူ၊ ဆွေဆွေနောက်တစ်ဦးက တင်မေဦး ဖြစ်သည်။

သူတို့ကို ထမင်းကျွေးသောအခါ ဖော့ဘူးနှင့် ခေါက်ဆွဲကြော်ရောက်လာသည်။

"အစ်မတို့ နိုင်ငံခြားသွားဖို့ ပိုက်ဆံပေးရလားဟင်"

စုမှ ရှင်ပိုးအိက မေးသည်။

"ဟင့်အင်း . . . ပွဲစားခလောက်ပဲ ပေးရတာ။ ပေးစရာ ပိုက်ဆံမှ မရှိတာ။ ဟိုမှာ အလုပ်လုပ်ပြီးမှ ပြန်ပေးရမှာ"

"ဟိုအလုပ်ရှင်ဆီက သူတို့ကို ပေးလိုက်မှာ"

ရှင်ပိုးအိက ဖြစ်နိုင်ရဲ့လားလို့ စဉ်းစားတွေဝေနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတွေ စားစရာရှိ မြန်မြန်စား၊ ခဏနေ လာခေါ်မှာ"

အိုက်စံဆိုသောလူက လာပြော၍ ခေါက်ဆွဲကြော် အမြန်စားပြီး အသင့်ပြင်ထားကြသည်။

"လာခဲ့ . . . ကောင်မလေးတွေ"

အိုက်စံပင် လာခေါ်သည်။

ခြံဝင်းထဲမှာရှိသော အဆောက်အဦတစ်ခုထဲ ခေါ်သွား၏။

အပြင်က တံခါးပေါက်မှာ မျက်ပေါက်ကျဉ်းကျဉ်းနှင့် အရုပ်အလွန်ဆိုးသော လူတစ်ယောက် ထိုင်နေသည်။

တံခါးပေါက်နှစ်ခုကို ကျော်ဖြတ်ပြီးမှ အခန်းကျယ်ကြီးတစ်ခုကို ရောက်သည်။

အခန်း၏အလယ်မှာ ကြိမ်ဆက်တီတစ်စုံရှိ၏။

အခန်းထောင့်မှာ စားပွဲခုံအရှည်ကြီးရှိပြီး ထိုင်ခုံသုံးခု ချထား၏။

အလယ်က ခုံမှာ ဂျင်းဘောင်းဘီဝတ်ထားသော





မိန်းမတစ်ဦး ခြေထောက်ချင်း ချိတ်၍ ထိုင်နေသည်။

"ကောင်မလေးတွေက ချစ်စရာလေးတွေပဲ။ ပြင်ပေးလိုက်ရင် တော်တော်လှမယ်"

ထို့နောက် မိန်းမကြီးနှစ်ယောက်၊ ယောက်ျားကြီးတစ်ယောက် ရောက်လာပြီး ရှင်ပိုးအိတို့အား သေချာကြည့်ကာ အပြင်မှာ သွားစောင့်နေဖို့ ပြောလိုက်သည်။

ရှင်ပိုးအိတို့လေးယောက် အခန်းပြင်က ခုံတန်းရှည်မှာ ထိုင်စောင့်နေကြရတာ နစ်နာရီလောက်ကြာသည်။

ပြီးမှ ဂျင်းဘောင်းဘီနှင့် မိန်းမကြီးထွက်လာကာ ရှင်ပိုးအိတစ်ယောက်တည်းကို လိုက်ခဲ့ဟု ခေါ်သွားသည်။

ရှင်ပိုးအိအား ခေါ်သွားသောကားသည် တစ်နာရီကျော်ကြာအောင် မောင်းသွားပြီးမှ တောင်ကုန်းလေးတစ်ခုပေါ် တက်သွား၏။

တောင်ကုန်းပေါ်တွင် ခေတ်မီလှပစွာ ဆောက်လုပ်ထားသော သုံးထပ်တိုက်တစ်လုံးရှိသည်။

သုံးထပ်တိုက်၏ ဘေးမှာ ရှည်ရှည်မျောမျောလေး



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထားသော ကားဂိုဒေါင်ရှိသည်။

ကားဂေါက ဆင်းဆင်းချင်း ဆင်ဝင်ဖန်ဘက်ဘက်မှာ အသည်းပုံ ရေကူးကန်လေးကို တွေ့ရ၏။

ရေကူးကန်မှာ ကြွေပြားများ အပြည့်ကပ်ထားပြီး ရေက ပြာလဲ့နေရာ ရေကူးချင်စိတ်ပင် ပေါက်လာသည်။

"လာ . . . အိမ်ထဲဝင်မယ်။ ရေကူးကန်လေးက လှတယ် မဟုတ်လား။ နောက်တော့ ကူးရမှာပါ"

ဂျင်းဘောင်းဘီဝတ်ထားသော မိန်းမကြီးက ပြောပြီး အိမ်ထဲဝင်သွားသည်။

ရှင်ပိုးအိလည်း မိန်းမကြီးနောက်မှ လိုက်ဝင်သွားသည်။

လှပသစ်လွင်သော အိမ်ကြီး၏အတွင်းမှာလည်း ဧည့်ခန်းကျယ်ကြီးနှင့် ဆိုဖာဆက်တီ၊ ဇာခန်းဆီးလှလှများ၊ ခေတ်မီအသုံးအဆောင်ပစ္စည်းများဖြင့် နေချင့်စဖွယ် တင့်တယ်လှပနေပါသည်။

အသက် ငါးဆယ်အရွယ် မိန်းမကြီးတစ်ဦးနှင့်





အသက်လေးဆယ်ကျော်အရွယ် မိန်းမတစ်ဦး ဧည့်ခန်းထဲရောက်လာပြီး ရှင်ပိုးအိအား သေချာကြည့်နေကြ၏။

"အားလိ . . . သူ နေရမယ့်အခန်းခေါ်သွား"

အသက်လေးဆယ်အရွယ် အားလိဆိုသည့်မိန်းမကြီးက ရှင်ပိုးအိအား အပေါ်သို့ ခေါ်သွားပြန်သည်။

အခန်းထဲမှာ နစ်ယောက်အိပ်ခုတင်တစ်လုံး၊ မှန်တင်ခုံ စသည်တို့ဖြင့် တည်းခိုခန်းသဖွယ် ပစ္စည်းအစုံရှိလေသည်၊

"နာမည်ဘယ်လိုခေါ်လဲ"

"ရှင်ပိုးအိ"

"ဪ . . . အဲဒီမှာ ရေချိုးခန်းလည်းရှိတယ်။ ရေချိုး အဝတ်အစားလဲထား"

"ဟို . . . ဒီဟာက ဟိုတယ်လား"

ဒေါ်အားလိအား ရှင်ပိုးအိ မေးလိုက်သည်။

"ဟိုတယ် မဟုတ်ဘူး။ သူဌေးရဲ့အိမ်ပဲ၊ ဒီအိမ်မှာနှင် နေရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ကျွန်မက နိုင်ငံခြားသွားပြီး အလုပ်လုပ်မလို့"

ဒေါ်အားလီသည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"ငါတို့သူဌေးက နှင့်ကို ဝယ်လိုက်ပြီ။ နိုင်ငံခြားနောက်တော့ သွားရင် သွားရမှာပေါ့။ အခုတော့ သူဌေးရဲ့ မိန်းမဖြစ်ပြီ"

"ဘာ"

အလန့်တကြား အော်လိုက်သည်။

ဒေါ်အားလီ အခန်းထဲမှ လျင်မြန်စွာ ထွက်၍ ပျောက်ကွယ်သွားသည်။

ကြားရသည့်စကားကို မယုံ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ရင်တွေတုန်၍ ကျန်ရစ်ရာက ရှင်ပိုးအိသည် အခန်းတံခါးကို ဖွင့်လိုက်၏။

"ဘုရား . . . ဘုရား"

တံခါးကို အပြင်က သော့ပိတ်သွားပါလား။

အားနှင့်တံခါးကို တွန်းဖွင့်သည် မရ။

"ကျွန်မကို တံခါးဖွင့်ပေးပါ။ ကျွန်မ ဒီမှာမနေချင်ဘူး။ တံခါးဖွင့်ပေးပါ။ ကျွန်မ တောင်းပန်ပါတယ်"

ဘယ်လိုပင် အော်အော် မည်သူမျှ အနားရောက်မလာ။

မည်သည့်အသံမှ မကြား။

ဘဝရယ် . . .

ဘယ်လိုဖြစ်ရတာလဲ။

ဘာကြောင့် ဒီလောက်ကံဆိုးရတာလဲ။

တံခါးကို ထုရ၊ သံကုန်အော်ဟစ်ရနှင့် နောက်ဆုံးတော့ ခြေကုန်လက်ပန်းကျပြီး အိပ်ပျော်သွားသည်။

အိပ်ရာက နိုးတော့လည်း ဘာသံမှ မကြား၍ ရေချိုးခန်းထဲဝင် ရေချိုးလိုက်သည်။

ရေချိုးခန်းထဲမှာ ရှန်ပူ၊ ဆပ်ပြာ [illegible] သင့်ရှိနေသည်။

ရေချိုးပြီး အဝတ်အစား [illegible]

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါး ရုတ်တရက် ပွင့်လာပြီး ဒေါ်အားလီ ခေါင်းဆတ်ပြ၍ ခေါ်သည်။

အောက်ထပ်သို့ဆင်းပြီး ထမင်းစားရသည်။

ထမင်းစားခန်းထဲမှာ အသက်ခြောက်ဆယ်အရွယ် ဟု ထင်ရသော အဘိုးကြီးတစ်ယောက်ရှိသည်။

စားပွဲထိပ်မှာ ထိုင်ပြီး၊ ထမင်းစားရင်းမှ ရှင်ပိုးအိ အား သေချာကြည့်သည်။

ရှင်ပိုးအိကလည်း စူးစမ်းစွာကြည့်လိုက်၏။

အသားဖြူဖြူစပ်စပ်နှင့် ဝရုတ်လား၊ ရှမ်းလား၊ ဘာ လူမျိုးမှန်းမသိ။ မျက်လုံးပေါက်ကျဉ်းသည်။ နဖူးနည်းနည်း ပြောင်သည်။

ဆံပင်ပါးပါးလေးတွေကို အနက်ရောင်ဆိုးထား၏။

ဖြူဆွတ်နေသော ရှပ်အင်္ကျီကို ဝတ်ထားသည်။

အလွန်သဘောကောင်းသည့်ပုံစံနှင့် ပြုံးမိန့်မိန့် လုပ်ကာ ရှင်ပိုးအိအား ကြည့်နေသည်။

“သူ့နာမည်က ရွှေပိုးအိ၊ အဲ ... မဟုတ်ဘူး။ ရှင်





ပိုးအိတဲ့ သူဌေး”

“လှတယ်။ နာမည်လည်းလှ၊ လူလည်းလှတယ်”

“ဒါ ... ငါတို့သူဌေး ရန်ကျားအိုက်တဲ့။ နင့်ကို ဟိုပွဲစားတွေဆီက ဝယ်လိုက်ပြီ”

စားလက်စ ပါးစပ်ထဲသွင်းမည့် ထမင်းပင် ပြုတ်ကျ သွား၏။

“ကျွန်မ ... နိုင်ငံခြားမှာ အလုပ်သွားလုပ်မလို့။ ဟိုကို ပို့ပေးမယ်ဆိုပြီး ကျွန်မကို ခေါ်လာတာ။ ဒီမှာ ကျွန်မ ဘာလုပ်ရမှာလဲ”

ပြုံးကြောင်ကြောင်အမူအရာနှင့် ပြောလိုက်သော ရှင်ပိုးအိ၏ ကလေးဆန်ပုံလေးအား သူဌေးဆိုသောလူကြီး က ကြည့်ပြီး ဟဟားဟားရယ်နေသည်။

“ဟဲ့ ... သူဌေးကို အဲလိုမပြောရဘူးလေ”

ဒေါ်အားလီက ပြော၏။

“ရှင်ပိုးအိ ဒီမှာနေတာ ဘာအလုပ်မှ မလုပ်ရဘူး။ သူဌေးကပေး လုပ်ရမှာ။ ဒီအိမ်ကြီးမှာ နေရမယ်။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com

လည်း မချက်ရဘူး၊ အဝတ်လည်း မလျှော်ရဘူး။ မုန့်ဖိုး အများကြီးပေးမယ်။ ဖျင်းရင်အခွေကြည့်၊ သီချင်းနားထောင်"

သူက ပြောသည်၊

"ဟင့်အင်း . . . ကျွန်မ ဒီမှာ မနေချင်ဘူး"

"မနေချင်လို့မရဘူး၊ မင်းကို ငါ ဝယ်ထားလိုက်ပြီ"

ရှင်ပိုးအိ ထမင်းဆက်မစားဖြစ်တော့။

ဒေါသဖြင့် ပေါက်ကွဲကာ သံကုန်အော်ဟစ်ပြီး စားပွဲခုံကို လက်သီးဆုပ်၍ ထုလိုက်၏။

"ဟာ . . . ဒီလိုလုပ်လို့ရမလား၊ ကျွန်မကို အိမ်ပြန် ပို့ပေး၊ ကျွန်မ ထွက်ပြေးမှာနော်"

"ထွက်မပြေးပါနဲ့ ကောင်မလေး။ ဒီမှာ မင်းထွက် ပြေးလို့မရဘူး။ အေးအေးဆေးဆေးနေပါ"

သူဌေးက ဒါပဲပြောပြီး သူ့အနားမှာရှိသော အိပ်ထဲ က ထောင်တန်ငွေစက္ကူအထုပ်နှစ်ထုပ်ကို ရှင်ပိုးအိ ရှေ့သို့ ချပေး၏။

"ရော့ . . . အဲဒါ မင်းယူထား၊ မင်းအတွက် အဝတ်





အစားတွေ ဝယ်ပေးဖို့ ပြောထားတယ်၊ ထွက်ပြေးရင်တော့ မင်းဒုက္ခရောက်သွားမယ်။ ဟုတ်ပြီလား"

သူဌေးအပြင်သို့ ထွက်သွားသည်။

ရှင်ပိုးအိ ပြတင်းပေါက်မှနေပြီး အပြင်သို့ မျှော် ကြည့်သည်။

ခြံဝင်းတံခါးကို သော့ခတ်၍ ပိတ်ထားပြီး လူနှစ် ယောက်စောင့်နေတာ တွေ့ရ၏။

အတင်းဖွတ်ထွက်သွားလို့တော့ မရဘူးဆိုတာ သိ၍ ငြိမ်နေရ၏။

တစ်နေ့လုံး ဘာမှလုပ်စရာမရှိ။

ညနေခင်းမှာ ရေချိုး အလှပြင်ပြီး အခွေကြည့် နေသည်။

ထမင်းစားဖို့အတွက် ဒေါ်အားလီပင် ထမင်းပြင်ပေး သည်၊

အငွေ့တထောင်းထောင်းထနေသော ထမင်း ဟင်း တွေတွေ့တော့လည်း ဘယ်လောက်ပဲ စိတ်ညစ်နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထားကာ စားချင်စိတ် ပေါက်နေပေသည်။

အသီးအရွက်တွေများများနှင့် အစိမ်းကြော်လို ဟင်းချိုကို ရှင်ပိုးအိ အရမ်းကြိုက်သည်။

ဟင်းချိုတလည်း မွှေးနေသည်။ အရသာက ချဉ်ပြုံးပြုံးလေးမို့ သောက်လို့ကောင်းသည်။

ကြက်သားတုံးတွေကို ကျွတ်ရွနေအောင် ကြော် ပေးထားသည်။

ငါးနှင့်ပဲငပိ နှပ်ထားတာကလည်း ငန်ငန်ချိုချို လေး။

မထူးတော့ပါဘူး။ စားမယ့်စားတော့ အဝစားထား မှ။

ပေဟာမှာနေရသော မိန်းကလေးမို့ ဒီလိုအစား အသောက်ကောင်းတွေ တစ်ခါမှ မတွေ့ရ၍ အဝအပြဲအိပ်ပစ် လိုက်သည်။

ဒေါ်အားလီနှင့် သန့်ရှင်းရေးလုပ်နေသည့် ကောင်မ လေးတစ်ယောက်ပဲ တွေ့သည်။

ရှုမဝ



အခွေတွေ တစ်ကားပြီးတစ်ကား ဖွင့်ကြည့်ရင်း အချိန်ဖြုန်းနေသည်။

"ညကျရင် ဘာသောက်ဦးမလဲ။ အိုဗာတင်းတို့ မိုင်လိုတို့ရှိတယ်။ ဖျော်ပြီး ပို့လိုက်မယ်"

ဒေါ်အားလီက မေး၏။

"မသောက်တော့ဘူး။ အိပ်ချင်ပြီ"

"သောက်ပါ။ အိပ်ခါနီး အားရှိအောင် တစ်ခုခု သောက်ရတယ်။ ဖျော်ပြီးပို့လိုက်မယ်"

"အင်း . . . အင်း"

သူမ ခေါင်းညိတ်ပြလိုက်သည်။

ဒေါ်အားလီက အိုဗာတင်းထဲမှာ အိပ်ဆေးတွေ ထည့်၍ဖျော်ကာ ကောင်မလေးအား ပို့ခိုင်းသည်။

ဖန်ခွက်ကြီးနှင့် ဖျော်ထားသော အိုဗာတင်းကို ကြည့်ပြီး သောက်မလို့လုပ်ပြီးမှ အန်ချင်လာ၏။

အဲဒီလိုဟာမျိုးတွေ မသောက်တတ်။

ထို့ကြောင့် ရေချိုးခန်းထဲသွား၍ သွန်ပစ်လိုက်ပြီး

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



ခွက်ကို အသာထားလိုက်၏။

ထမင်းကို ဗိုက်တင်းအောင်စားထားသဖြင့် အရမ်း အိပ်ချင်လာ၍ အိပ်ရာထဲဝင်အိပ်လိုက်သည်။

နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော ရှင်ပိုးအိအား ကြည့်၍ သဘောကျသလို ပြုံးကာ ဒေါ်အားလီ မိုင်လို့ခွက်ကို သိမ်းသွား၏။

✧ ✧ ✧

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပါသော ရှင်ပိုးအိ ၏ ကလေးဆန်ဆန်ရှိ ချစ်စရာကောင်းနေပါသော မျက်နှာလေး အား သူဌေးရန်ကျားအိုက်က ပြုံးဖြီးဖြီးနှင့် ကြည့်လိုက်သည်။

ဝတ်ထားသော အင်္ကျီ၊ ဘောင်းဘီရှည်တို့အား ညဝတ်အဝတ်အစားများနှင့် ချွတ်လဲလိုက်သည်။

သူတစ်ကိုယ်လုံးအား ရေမွှေးများ ဆွတ်ဖြန်းလိုက် သည်။

ပြီးလျှင် ရှင်ပိုးအိဘေးမှာ အိပ်လိုက်၏။

ပြီးသော



ရှင်ပိုးအိကိုယ်ပေါ်မှ စောင်ကို ခွာသည်။

ထိုအချိန် ရှင်ပိုးအိ ဆတ်ခနဲ နိုးလာသည်။

"ဟင်"

သူမဘေးမှာ လှဲအိပ်ပြီး သူမအား ဖက်ထားသော ရန်ကျားအိုက်ကို တွေ့သည်နှင့် အထိတ်တလန့် မျက်လုံး မျက်ဆံပြူးဖြင့် ဝုန်းခနဲ ခုန်ထလိုက်၏။

ရန်ကျားအိုက်က ပြန်၍ဖမ်းဆွဲထားသည်။

ရှင်ပိုးအိကလည်း အားသန်သည်။ လျင်မြန်သွက် လက်သူဖြစ်၍ ရန်ကျားအိုက်လက်ထဲမှ အလွတ်ရုန်းထွက် နိုင်၏။

ရှင်ပိုးအိ ခုတင်ပေါ်မှ ဆင်းပြေးသဖြင့် ရန်ကျား အိုက် ပြန်ဆွဲထားကာ နှစ်ယောက်သား လုံးထွေးနေကြ သည်။

"ကောင်မလေး . . . နင့်ကို ငါ ဝယ်ထားတယ်။ ကောင်မလေး ထွက်ပြေးလို့မရဘူး"

ရန်ကျားအိုက်က ဆွဲထားရင်း ပြောသည်။

ပြီးသော

www.burmeseclassic.com

www.burmeseclassic.com



"လှတ်ဝမ်း . . . ငါ့ကို ဘာမှတ်လို့လဲ . . . ဖယ်"

ရှင်ပိုးအိ အတင်းရုန်းကန်ထွက်ပြေးရာ ရန်ကျား အိုက်ကာ နောက်မှ အားနှင့်ဆွဲလိုက်သဖြင့် အင်္ကျီနောက်ကျောမှ ထက်ခြမ်းကွဲပြဲသွားသည်။

"ဗြဲ"

"ဟင်"

"အမယ်လေး . . . ရှက်လိုက်တာ"

အင်္ကျီ စုတ်ပြဲသွားတော့ ရှင်ပိုးအိ အိပ်ရာထ ဝုန်းခနဲ ထထိုင်လိုက်၏။

သူမကိုယ်ပေါ်ကို ငုံ့ကြည့်လိုက်၏။

အင်္ကျီတွေ စုတ်ပြဲမနေ။

ရာသီဥတုအနည်းငယ် အေးသဖြင့် အနွေးထည် ဝတ်ထားရာ လုံလုံခြုံခြုံ နွေးနွေးလေး ဖြစ်နေသည်။

အိပ်မက်မက်နေတာပါလား။

တစ်အိမ်လုံး ဘာသံမှ မကြားရအောင် တိတ်ဆိတ် ငြိမ်သက်လျှန်းသည်။



အိပ်ခန်းပြင်သို့ထွက်ကြည့်၏။

အောက်ထပ် ဧည့်ခန်းမှာ အိမ်သန့်ရှင်းရေးလုပ်သည့် ကောင်မလေး အိပ်ပျော်နေသည်။

အတော်ပဲ . . .

အားလုံး အိပ်ပျော်နေကြပြီထင်ရဲ့။

"ဒီအချိန်ထွက်ပြေးမှပဲ"

အပေါ်တက်ပြီး သူမ၏ ပစ္စည်းများကို ရှင်ပိုးအိ ထုတ်ယူလိုက်သေးသည်။

အိပ်ပျော်နေသော မိန်းကလေးအား ကျော်ဖြတ်၍ အိမ်ပြင်သို့ ထွက်လာခဲ့သည်။

ဝင်းတံခါးဝဆီသို့ ကြည့်လိုက်ရာ အစောင့်နှစ်ယောက် မရှိ။

အချိန်အခါနှင့် အခွင့်အရေးက ဝိုင်းဝိုင်းဝန်းဝန်း ကူညီ သာပေးနေတာမို့ ရှင်ပိုးအိ ဝင်းတံခါးပဆီသို့ ပြေးသွားလိုက်၏။

"ဟော့ . . . ဟော့ . . . ဒါ ဘယ်လိုဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အားလီ အခုမှ ရှင်ပိုးအိအား မြင်တွေ့သွားရာ စိုးရိမ်တကြီးဖြင့် အော်ဟစ်၍ အိမ်ထဲမှ ပြေးထွက်လာသည်။

ခြံဝင်းတံခါးသော့ခတ်ထားရာ ရှင်ပိုးအိ မဖွင့်တတ်။

ဘယ်လိုလုပ်ရမလဲ။

ဟိုက ဒေါ်အားလီကလည်း အိမ်ထဲက ပြေးထွက်လာနေပြီဆိုတော့ ရှင်ပိုးအိ ဝင်းတံခါးကြီးရှေ့မှာ ခုန်ဆွ ခုန်ဆွ လုပ်နေပြီးမှ သံတံခါးပေါ်သို့ တွယ်တက်လိုက်သည်။

သံဝင်းတံခါးက သံပန်းအခက်အနွယ်များဖြင့် လုပ်ထားသည်။

ခဲရာခဲဆစ်ပင် ကျော်တက်ပြီး အပေါ်ဆုံးထိပ်သို့ ရောက်သောအခါ လမ်းပေါ်သို့ ခုန်ချလိုက်၏။

ထိုစဉ်ပင် ဒေါ်အားလီ ရောက်လာပြီး တံခါးကို ဖွင့်လိုက်သည်။

တံခါးသော့က ဒေါ်အားလီဆီမှာ ရှိနေတာ ဖြစ်သည်။

"ဟဲ့ . . . မပြေးနဲ့။ နင် ပြေးလို့ရဘူး၊ ပြေးရင် မြန်





အဖမ်းခံရမယ်"

တံခါးကိုဖွင့်ပြီး ရှင်ပိုးအိအား လှမ်းဆွဲသည်။

မိန်းမချင်းမို့ အားချင်းက သူမသာ ကိုယ်မသာ ဖြစ်နေသည်။

ရုန်းရင်းဆွဲရင်းကနေ ရှင်ပိုးအိ ဒေါ်အားလီအား တွန်းပစ်လိုက်သည်။

ဒေါ်အားလီသည် ဝင်းထရံဘေးမှ မြောင်းထဲ ပစ်ကျသွား၏။

"အား"

အထိတ်တလန့် အော်သံနှင့်အတူ ငြိမ်ကျသွား၏။

ဒေါ်အားလီ နဖူးပေါ်မှာ သွေးတွေ ဖြာထွက်လာတာလည်း တွေ့၏။

မြောင်းနှုတ်ခမ်းဘောင်နှင့် ခေါင်း အရှိန်ပြင်းစွာ ဆောင့်မိဟန်တူ၏။

အစတော့ ရှင်ပိုးအိ အံ့ဩထိတ်လန့်တွေဝေစွာ ရပ်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . .

ပြေးရမည်ကို သတိရပြီး ထွက်ပြေးလေသည်။

❖ ❖ ❖



## ၇။ ဘယ်တစ်ရှင်

တစ်ရှိန်ထိုး အဆက်မပြတ်ပြေးလာခဲ့တာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းလဲ မသိ။

လမ်းတွေ့သမျှပြေးလာရာက ထောင့်ချိုးကွေ့အရောက်တွင် ဆိုင်ကယ်နှင့် လူနှစ်ယောက်က ရှင်ပိုးအိ၏ ချောင်ပိမ့်ပျောက်နာပျက် အမူအရာကို သတိထားမိကာ ဆိုင်ကယ်ကို ပြန်ကွေ့၍ ရှင်ပိုးအိနောက်သို့ လိုက်လာသည်။

"ဟေ့ . . . နေဦး၊ မပြေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တာယ်နောက်နံ့မှာ ထိုင်သူက လှမ်းအော် ရှင်ပိုး အိမ်နောက် ပြေးလိုက်လာ၏။

"ညီမလေး"

သစ်ပင်တစ်ပင်အောက်က ခုံရှည်လေးမှာ ထိုင်နေသူက လက်ပြောက်ပြပြီး ခေါ်လိုက်သည်။

"လာ . . . ကိုကြီးစောင့်နေတာ ကြာပြီ။ ထိုင် . . . ဟိုကောင်က ဘာလုပ်မလို့ ငါ့ညီမနောက် လိုက်လာတာလဲ"

မင်းကိုကြီးက ရှင်ပိုးအိမ်နောက်မှ လိုက်လာသူကို မာန်မဲ၍ မေးလိုက်သည်။

ရှင်ပိုးအိလှည့်ကြည့်လိုက်သောအခါ ဆိုင်ကယ်နှင့် လိုက်လာသူနှစ်ယောက် မင်းကိုကြီးအား ကြောက်ရွံ့သလိုကြည့်ပြီး ဆိုင်ကယ်နှင့် ပြန်ထွက်သွားတော့သည်။

ရှင်ပိုးအိက မောလွန်း၍ ရင်ဘတ်ကို လက်နှင့်ဖိထားကာ ခုံတန်းပေါ် ထိုင်ချလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုကြီး"

"ဘာဖြစ်လို့ ကျေးဇူးတင်တာလဲ"



"ကိုကြီးပြောလိုက်လို့ သူတို့ ကျွန်မနောက် လိုက်မနှောင့်ယှက်တော့ဘူးပေါ့"

"ရော့ . . . ရေသောက်လိုက်ဦး။ မင်း သိပ်မောနေပြီ"

သူလက်ထဲမှာကိုင်ထားသော ရေသန့်ပုလင်းအား ပေးလိုက်သည်။

လင်းမိုးများ လင်းနေပြီ။

"ဘာဖြစ်လာတာလဲ"

"ကျွန်မကို နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ ပို့ပေးမယ် ဆိုပြီး ခေါ်လာခဲ့တာ။ ဒီကျတော့ တရုတ်သူဌေးဆီမှာ ရောင်းစားတယ်။ အဲဒါနဲ့ ထွက်ပြေးလာတာ"

"သြော် . . . ဒီလိုလား"

ဒါပဲပြောပြီး မင်းကိုကြီးမျက်နှာက ပြုံးစေ့စေ့ဖြစ်သွား၏။

"ဒါဆို . . . မင်း အခု ဘယ်ပြန်မလဲ"

"ကျွန်မ အိမ်မပြန်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ဟာ . . . မင်းက ဒါဆို ဘယ်သွားမှာလဲ၊ ဟိုမှာ ကိုယ့်သူငယ်ချင်းကားလာနေပြီ။ အဲဒီကားနဲ့ ခဏလိုက်ခဲ့၊ ဒီမှာ မင်း ကြာကြာနေလို့မဖြစ်ဘူး၊ မင်းကိုတွေ့လို့ ပြန့်ခေါ်သွားနေဦးမယ်"

လိုက်အေ့အမျိုးအစား အပြာရောင်ကားတစ်စီး ရောက်လာပြီး ထိုကားပေါ်သို့ တက်လိုက်ကြသည်၊

"ဘယ်သူလဲတွ"

သူငယ်ချင်းဖြစ်သူက မေးလိုက်၏။

"ကဲ . . . ဒီနေရာက အမြန်မောင်းပါ။ နောက်တော့ ပြောပြမယ်"

မင်းကိုကြီးက ပြောလိုက်သည်။

ကားမောင်းတဲ့လူက ကျွမ်းကျင်သူပီပီ ကားကို မောင်းလိုက်တာမှ လှစ်ခနဲ လှစ်ခနဲ။

"ဒီမိန်းကလေးက ရန်ကုန်က ဖို့သူငယ်ချင်းညီမပေါ့ ကွာ။ အဖော်ကောင်းတယ်ဆိုပြီး သူငယ်ချင်းတွေနဲ့ လိုက် လာပြီး ဒုက္ခတွေ့နေလို့။ ငါပြန်ရင် သူ့ကိုခေါ်သွားပြီး အိမ်ပြန် ပို့ပေးလိုက်မယ်"

မင်းကိုကြီးက သူငယ်ချင်းဖြစ်သော ထွန်းအောင် ဇော်အား ခပ်တိုတိုပင် ရှင်းပြလိုက်သည်။

ရှင်ပိုးအိက မင်းကိုကြီးပြောသမျှ ငြိမ်နေလိုက် သည်။

အဝေးပြေးလမ်းမကြီးပေါ်ရှိ ခြံဝင်းကျယ်ကြီးထဲသို့ ..ားက ဝင်သွားပြီး နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှေ့မှာ ကား ကို ရပ်လိုက်သည်။

"ပြင်ပြီးပြီလား"

ထွန်းအောင်ဇော်က ဂျစ်ကားတစ်စီးအနီးမှာ ရပ် နေသူအား မေးလိုက်သည်။

"ပြီးပြီ အစ်ကို။ ဘီးလည်း လဲတပ်ပြီးပြီ"

"ဟုတ်ပြီ . . . ဒါဆို မင်းကား မင်းယူသွားတော့။ မနက်မှ ထွက်ပါလား"

"ခုပဲထွက်မှာ။ အရေးကြီးတဲ့ကိစ္စရှိတယ်။ လာ . . . ညီမ အဲဒီဂျစ်ကားပေါ်တက်"



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းစတားချပ်ဘား အနီရောင်ပေါ် ပြောင်းတက်ပြီး ထွက်ခွာလာခဲ့သည်။

"မင်းနာမည်လေးတောင် ငါ မသိရသေးပါလား"

"ရှင်ပိုးအိ . . . ငါ အစ်ကို"

"ရှင် . . . ပိုး . . . အိ"

"ဟုတ်"

"နာမည်နဲ့လူနဲ့ လိုက်ပါတယ်။ မင်း လောလော ဆယ် အိမ်မပြန်ချင်တဲ့အကြောင်းရှိတယ်ပေါ့ ဟုတ်လား"

ရှင်ပိုးအိ စဉ်းစားတွေဝေနေသည်။

ဒီလူကို ယုံရဖို့မလား . . . လို့။

"ဟော့ . . . ကောင်မလေး ဘာတွေစဉ်းစားနေလဲ။ ငါ့ကို မယုံဘူးလား၊ ငါ့နာမည်က မင်းကိုကြီးတဲ့"

"နာမည်အရင်းလား"

"ဒါပေါ့ . . . ငါလည်း ငယ်ငယ်က မိဘမရှိဘဲ အဒေါ် အိမ်မှာ ပင်ပင်ပန်းပန်းအလုပ်တွေလုပ်ပြီး လာရတော့ နိုင်ငံ ခြားမှာ အလုပ်သွားလုပ်ချင်တာ၊ သွားဖြစ်ပါတယ်၊ ငါ့





အတွက်တော့ အလုပ်လုပ်ရတာ မဆန်းပါဘူး။ ပင်ပန်း လည်း ခံနိုင်ပါတယ်။ ဟိုမှာ ဆောက်လုပ်ရေး ဝင်လုပ်တယ်။ ကားမောင်းတယ်။ ပိုက်ဆံစုပြီး ဒီပြန်လာချင်စိတ်ပေါက်လို့ ပြန်လာတာ"

"ဟိုကိုပြန်သွားဦးမှာလား အစ်ကို"

"မသွားချင်ဘူး။ ဟိုမှာ အလုပ်လုပ်ရတာ အရမ်း ပင်ပန်းပြီး အဖိနှိပ်ခံရတာက ပိုဆိုးတယ်"

"ဒါဆို အခု အစ်ကို ဘာလုပ်မှာလဲ"

"ကိုယ့်ဇာတိမြို့ဖြစ်တဲ့ ကျောက်မဲကို ပြန်ဆင်း မယ်။ သိပေါ်နဲ့ကျောက်မဲမှာ ဆွေမျိုးတွေလည်း ရှိတော့ အဲဒီမှာ အလုပ်လုပ်မယ်"

"ရန်ကုန်ကို မသွားတော့ဘူးပေါ့"

"မသွားသေးပါဘူး။ ကျောက်မဲမှာ အဆင်ပြေရင် ရန်ကုန်သွားဖြစ်ချင်မှ သွားဖြစ်မှာ။ သွားလည်း အကြာကြီး နေပြီးမှ သွားဖြစ်မှာ။ မင်းက ဘယ်ကိုသွားချင်လဲ ပြော ကိုယ်နဲ့လိုက်မဲ့ချင်လား၊ ဒါမှမဟုတ် မင်းသွားချင်တဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com

ပို့ပေးရမလား"

"ကျွန်မမှာ သွားစရာမရှိပါဘူး။ အိမ်ကို ပြန်ရင်လည်း ကျွန်မကို ပြဿနာရှာဦးမှာ။ ကျွန်မ အစ်ကိုနဲ့အတူ လိုက်ခဲ့မယ်။ လုံခြုံစိတ်ချရတဲ့နေရာမှာ ကျွန်မကို အပ်ထားခဲ့ပေးပါလား အစ်ကို။ အလုပ်တစ်ခုခုလုပ်ရင်း ကျွန်မ နေစရာ စားစရာလေးရှိရင် တော်ပါပြီ။ ကူညီပေးပါနော် အစ်ကို"

"ကောင်းပြီလေ။ မင်းမှာ အစက်အခဲရှိနေတယ်ဆိုရင် ကိုယ် ကူညီပါ့မယ်။ မင်းကို ပြင်ဦးလွင်မှာရှိတဲ့ ကိုယ့်အစ်မဆီ အပ်ခဲ့ရင် ကောင်းမလားလို့။ ဟိုမှာ တည်းခိုခန်းရှိတော့ အလုပ်သမားလည်း အမြဲလိုအပ်နေတယ်။ ပြင်ဦးလွင်က ကိုယ်နဲ့ ခဏ ခဏ ရောက်မယ့်နေရာပဲ။ ဒါဆို အဲဒီပဲ ဝင်ုနားသွားလိုက်မယ်"

"အစ်ကို ကောင်းသလိုသာလုပ်ပါ"

ကားကို မနားမနေ တစ်ညလုံးမောင်းလာခဲ့သည်။

လမ်းမှာ မိုးရွာပြီး လမ်းတွေချော်နေသဖြင့် ရှင်ပိုးအိကာ သတိထားမောင်းဖို့ ပြောနေရသည်။

ရှုမောဟ

တောင်တက်တောင်ဆင်းလမ်းများမှာ သတိထားမောင်းလာရင်း ညဆယ့်နှစ်နာရီလောက်မှာ ရွာကြီးတစ်ရွာသို့ ရောက်လာသည်။

စားသောက်ဆိုင်ကြီး နှစ်ဆိုင် မီးများထိန်ထိန်လင်း၍ ရောင်းချနေသည်။

အဝေးပြေးကားနှစ်စီးပေါ်မှ ခရီးသည်များ ဆင်း၍စားသောက်နေကြတာ တွေ့ရသည်။

"လက်ဖက်ရည်သောက်ရအောင်"

မင်းကိုကြီးက ခေါ်လိုက်သည်။

လက်ဖက်ရည်နှင့် ပဲပလာတာ ပူပူလေး စားသောက်ပြီး ခရီးဆက်ခဲ့ကြသည်။

တဖြည်းဖြည်း မိုးလင်းလာရန် နီးလာပြီ။

ကောင်းကင်ပေါ်မှာ ရောင်နီတွေ သန်းနေတာ တွေ့ရ၏။

လမ်းက အတွေ့အကောက်တွေ များလာသည်။

လမ်းရှင်းသည်ဆိုပြီး မင်းကိုကြီးကလည်း ကားကို

ရှုမောဟ

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်သွက်သွက်လေး မောင်းလာသည်။

"ဒိုင်း"

"ကျွီ . . . ကျွီ . . . ကျွီ"

ရုတ်တရက် ကားဘီးပေါက်သွားပြီး တစ်ဖက်သို့ ကားက ဆွဲသွားသည်။

မင်းကိုကြီး ဘရိတ်နင်းလိုက်သောအခါ ခြုံကြီး တစ်ခြုံ၏ အုတ်နံရံဘေးကို ပွတ်လိုက်၍ ကားရပ်သွား၏။

"ဘုရား . . . ဘုရား . . . ဘယ်လိုဖြစ်တာလဲ"

ရှင်ပိုးအိ ရင်ကို လက်ဖြင့်ဖိရာမှ ကားရှေ့ခက်စ် ဘုတ်ရှိကို ဆွဲကိုင်ထားလိုက်၏။

"ဘာဖြစ်သွားသေးလဲ"

မင်းကိုကြီးက ရှင်ပိုးအိဘက် လှည့်မေးသည်။

"ကျွန်မက ဘာမှမဖြစ်ဘူး။ ကားက ပျက်စီးသွားပြီ လား ကြည့်ဦး"

ကားပေါ်မှ ဆင်းကြည့်သည်။

"ဘာဖြစ်ကြတာလဲ"

ဤမှာနိုင်လွှာ



ရုတ်တရက် ခြံထဲက အသံပေါ်လာ၏။

သူတို့အနီးသို့ လူတစ်ယောက် ရောက်လာ၏။

သံဆူးကြိုးဝင်းထရံအတွင်းမှ လူက အပြင်မှာ ရှိနေသော မင်းကိုကြီးနှင့် ရှင်ပိုးအိအား ကြည့်ရင်းမှ အံ့သြတွေဝေသွားသည်။

"ကားဘီးပေါက်ပြီး တစ်ဖက်ဆွဲသွားလို့ နံရံနဲ့ နည်းနည်း ပွတ်လိုက်မိတာ။ အုတ်နံရံက ဘာမှမဖြစ်ပါဘူး"

မင်းကိုကြီးက ပြောသည်။

လေးပေခန့်မြင့်သော အုတ်နံရံအပေါ်မှာ သံဆူးကြိုးတွေ ခတ်ထားခြင်းဖြစ်၏။

"အပြင်ထွက်ကြည့်ဦးမယ်"

ခြံတံခါးပွင့်လာသောအခါ ခြံတံခါးမှ သစ်သားဆိုင်းဘုတ်လေးအား ရှင်ပိုးအိ ဖတ်ကြည့်လိုက်သည်။

"မိုးနှင်းဆီ" . . . တဲ့။

ခြံဝင်းအုတ်နံရံ ဘာမှမဖြစ်။

"ကားဘာရော ဘာဖြစ်သွားလဲ"

ဤမှာနိုင်လွှာ

www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်းအောင်က မေးသည်။

"ဘရိုတ်ဝါရှာပေါက်သွားတယ် ထင်တယ်"

"ဘီးရော လဲရဦးမယ် မဟုတ်လား၊ လာလေ . . . အိမ်ထဲဝင်ထိုင်ကြပါဦး"

ဦးနေဒွန်းအောင် နောက်ကနေ၍ လိုက်သွားကြသည်။

အိမ်ကြီးက ကုန်းမြင့်ပေါ်မှာရှိသည်။

တိုက်ခံပျဉ်ထောင် နှစ်ထပ်အိမ်ကြီးသည် ရှေးဆန်သော်လည်း ခန့်ထည်သည်။

"ထိုင်ကြဦး . . . မိုးလည်းလင်းနေပြီ၊ အေးအေးဆေးဆေး ကော်ဖီသောက်ပြီးမှ ကားပြင်ဖို့ အလုပ်သမား ရှာကြတာပေါ့"

ဧည့်ခန်းနှစ်ခန်းရှိသည်။

အပြင်ဧည့်ခန်းမှာ ကြိမ်ဆက်တီနှင့် ပက်လက်ကုလားထိုင်တစ်လုံးရှိသည်။

"အပေါ့အပါးသွားချင်ရင် ဒီဘက်မှာ ရှိတယ်နော်"





ဦးနေဒွန်းအောင် ကိုယ်တိုင်ပင် ကော်ဖီဖျော်ပေးတာ တွေ့ရတော့ အားနာမိသည်။

"တော်ဖီနဲ့ ကိတ်ခြောက်ပဲရှိတယ်၊ စားကြဦး"

ပြောရင်းမှ ဦးနေဒွန်းအောင်သည် ရှင်ပိုးအိအား သေချာစူးစိုက်ကြည့်သည်။

သည်အကြည့်စူးစူးကြောင့် ရှင်ပိုးအိ မနေတတ်မထိုင်တတ်အောင် ကြောက်ရွံ့တုန်လှုပ်မိပါသည်။

"နာမည် ဘယ်လိုခေါ်လဲ"

"ရှင်ပိုးအိ"

"တော်တော်တူတာပဲ၊ မင်းတို့နှစ်ယောက်ဟာ အမြွာညီမဆိုရင် ယုံမယ်"

"ဘယ်သူနဲ့လဲဟင်"

"ဥမ္မာဒီနီးမ မိုးနှင်းဆီနဲ့ပေါ့"

"ခြော်"

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



## ၈။ ငါ ထယ်လူဖဲ

"ကျုပ်ပြောတဲ့အကြောင်းကို အေးအေးဆေးဆေး စဉ်းစားပါ။ မင်းတို့အတွက် အကျိုးမယုတ်စေရပါဘူး။ ကားပြင်ဖို့အတွက် စိုက်ပေးမယ်။ စားဖို့သောက်ဖို့လည်း စိုက်ပေးမယ်။ ခဏနားလိုက်ကြဦးနော်"

ဦးနေ့ခွန်းအောင်၏ စကားအဆုံးမှာ ရှင်ပိုးဒီနှင့် မင်းကိုကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေပေးရခက်နေကြသည်။

ဒါပေမဲ့ . . .

[illegible]

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ ဒီမှာနေလို့ရသေးသည်မို့ ရှင်ပိုးအိ ကျေနပ်သွား၏။

"ပေါဒါ မိုးနှင်းဆီရဲ့ ဓာတ်ပုံအယ်လ်ဘန်ပဲ။ ဓာတ်ပုံရိုက်တာ ဝါသနာပါတယ်လေ။ ကျူပ်အပြင်သွားဦးမယ်။ ကားပြင်မယ့်သူ ခေါ်လာခဲ့မယ်"

ဦးနေဒွန်းအောင် အပြင်သို့ ထွက်သွားသောအခါ မိုးနှင်းဆီ၏ ဓာတ်ပုံတွေ ကြည့်ပြီး ရှင်ပိုးအိနှင့် မင်းကိုကြီးတို့ အပြန်ပြန်အလှန်လှန် တိုင်ပင်ကြရသည်။

"ဘယ့်နှယ်လဲ၊ သူပြောတာဖြစ်နိုင်ရဲ့လား။ သူ့ မိန်းမက ရုတ်တရက် ဘာဖြစ်လို့ သေသွားတာလဲ၊ သူ့မိန်းမ သေတာ ဘယ်သူကိုမှ မသိစေချင်တာကရော သဘာဝကျရဲ့လား"

"မင်းနဲ့မိုးနှင်းဆီတူတာကတော့ အံ့ဩဖို့ကောင်းနေပြီ။ တကယ်တူတာပဲ"

"ကျွန်မက မိုးနှင်းဆီအဖြစ် ဒီမှာနေပေးတော့ ပတ်ဝန်းကျင်ကလူတွေက မသိဘဲနေမလား"





"ခုပဲ အိမ်မှာရှိတဲ့ အလုပ်သမားတွေ သူ ထုတ်ပစ်လိုက်ပြီလို့ ပြောပါရောလား"

"အစ်ကိုကရော ဒီကိစ္စ ဘယ်လိုသဘောရလဲ။ ကျွန်မ လုပ်ပေးသင့်သလား"

"မင်းက လုပ်ပေးချင်လား"

"ကျွန်မ လုပ်ပေးနိုင်ပါ့မလား။ လောလောဆယ်တော့ ကျွန်မ အိမ်ပြန်လို့မဖြစ်သေးဘူး၊ ဒီမှာနေရမယ်ဆိုတာတော့ ကြိုက်တယ်"

ရှင်ပိုးအိပြောတာကို သဘောကျစွာဖြင့် မင်းကိုကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း စဉ်းစားနေသည်။

"ပိုက်ဆံတွေ အများကြီးရမယ်ဆိုတာလည်း ကျေနပ်စရာပဲကွ။ လောကကြီးမှာ အရေးကြီးဆုံးက ပိုက်ဆံပဲ။ ပိုက်ဆံရမယ့်အလုပ်ဆို လုပ်ရတာ ပျော်မှာပဲ"

"ဒါပေမဲ့ ဒီအလုပ်က ရာဇဝတ်မှုနော်"

"ဟာ . . . ကွာ မဟုတ်တာ"

"မိုးနှင်းဆီဟန်ဆောင်ပေးရမှာဆိုတော့ အပြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထားပေါ့"

သူတို့နှစ်ယောက် အကြာကြီးတိုင်ပင်ပြီးမှ ထို အလုပ်ကို လုပ်ပေးရန် ဆုံးဖြတ်ကြသည်။

နံနက်စာကို ဦးနေဒွန်းအောင်ကိုယ်တိုင် ဝယ်လာပေးသည်။

ကားပြင်သည့်လူခေါ်လာပြီး မင်းကိုကြီး၏ကားကို ပြင်ပေးသည်။

ပြီးတော့ သူတို့နှစ်ယောက်ကို လမ်းကြားထဲမှာ ရှိသော ခြံထဲက မိုးနှင်းဆီအိမ်ကြီးဆီ ခေါ်သွားသည်။

အိမ်က အနီရောင်ဆေးများ သုတ်ထားသော အုတ်ညှပ်နှစ်ထပ်တိုက်ဖြစ်သည်။

ကြီးမားသော ဆင်ဝင်ကြီးနှင့် အနေအထိုင်းဆန်စွာ ဆောက်လုပ်ထား၏။

"ဟင် . . . မိုးနှင်းဆီက တော်တော်ချမ်းသာတာပဲ။ ဒီလောက်ကြီးတဲ့အိမ်မျိုး ဘယ်နှစ်အိမ်ရှိသေးလဲ မသိဘူး"

ရှင်ပိုးအိက ပြောလိုက်၏။

ရှူးဆော



"အခေါ်ထဝ်က အိပ်ခန်းမှာနေရမယ်။ အဲဒီမှာ မိုးနှင်းဆီရဲ့ အဝတ်အစားတွေရှိတယ်။ ယူဝတ်လို့ရတယ်။ သူ့အသုံးအဆောင်ပစ္စည်းတွေအားလုံး ယူသုံးလို့ရတယ်။ ဒေါ်ဘ အခန်းမှာ မင်းနဲ့ငါ နေမယ်"

ဦးနေဒွန်းအောင်က ပြောသည်။

သူတို့ လင်မယားနေသော အခန်းမှာ ရှင်ပိုးအိအား နေစေခြင်းဖြစ်သည်။

"အိမ်မှာ အမြဲနေပြီး အလုပ်လုပ်တဲ့ ဒေါ်စောကို သူ့ရွာပြန်နိုင်းလိုက်ပြီ။ မနက် ထမင်းချက်ဖို့နဲ့ သန့်ရှင်းရေးလုပ်ဖို့ လူရောက်လာလိမ့်မယ်။ သူက မညီအိတဲ့။ သူရောက်လာရင် စကားသိပ်မပြောမိစေနဲ့။ သူ့အလုပ်သူပြီးရင် ပြန်လိမ့်မယ်"

ဦးနေဒွန်းအောင်က မည်သို့နေထိုင်ရမည်ကို သေချာရှင်းပြသည်။

နေ့လယ်တစ်နေ့လယ်လုံး အိပ်ပြီး ညစာကိုလည်း ဦးနေဒွန်းပင် ဝယ်လာပေး၏။

ရှူးဆော

www.burmeseclassic.com

www.burmeseclassic.com

ညစာ ထမင်းမစားမီ ဦးနေဒွန်းနှင့် မင်းကိုကြီးတို့ အရက်အနည်းငယ်စီ သောက်ကြသည်။

ရှင်ပိုးအိအား မင်းကိုကြီး၏ညီမဟု ပြောထား သည်။

ညစာစားပြီးသော ပန်းကန်ခွက်ယောက်များအား ရှင်ပိုးအိပင် ဆေးကြောသိမ်းဆည်းသည်။

ကြောင်အိမ်ထဲမှာ ကော်ဖီမစ်၊ တီးမစ်၊ ဂွေကာ အုပ်၊ လက်ဖက်၊ အကြော်စုံနှင့် တခြားမှန့်ပဲသွားရည်စာများ အစုံရှိနေသည်။

"မိုးနှင်းဆီက ဆိတ်ပါးဆပ်လိုပဲ အစားနဲ့ပါးစပ် မပြတ်ဘူး။ ဒါကြောင့် သူစားတတ်တဲ့မုန့်တွေ အမြဲဝယ်ထား တာ"

ရာသီဥတုကလည်း အေး၊ ခရီးလည်း ပန်း၊ ဘာခြား လုပ်စရာအလုပ်လည်း မရှိတာမို့ စောစောပင် အိပ်ရာဝင်ဖြစ် ကြသည်။

ဦးနေဒွန်းအောင်က အောက်ထပ်မှာ နိုင်ငံခြား





ရှင်ရှင်ဖာတ်လမ်းတွဲ ကြည့်ရင်း ကျန်ခဲ့သည်။

"ဟေ့ . . . သေချာတံခါးပိတ်အိပ်"

အိပ်ခန်းထဲမဝင်ခင် မင်းကိုကြီးက တိုးတိုးမှာလိုက် သည်။

ရှင်ပိုးအိက မိုးနှင်းဆီ၏ အိပ်ခန်းကျယ်ဝန်းသန့်ရှင်း မှုကို သဘောကျနှစ်သက်မိသည်။

မှန်တင်ခုံပေါ်မှာ အလှပြင်ပစ္စည်းမျိုးစုံ ရှိသည်။

မိုးနှင်းဆီသည် အလှအပကြိုက်သည့် ခေတ်ဆန် သော အမျိုးသမီးဖြစ်လိမ့်မည်လို့ တွေးမိ၏။

အဝတ်အစားဗီရိုထဲမှာလည်း အင်္ကျီတွေ၊ ထဘီ တွေ အပြည့်အသိပ်။

ဝတ်ချင်တာ ယူဝတ်လို့ ဦးနေဒွန်းအောင်က ပြော ထားသဖြင့် ရေချိုးပြီး ညဝတ်အင်္ကျီဖြစ်သော ဘောင်းဘီ ရှည်၊ အင်္ကျီရှည်အား ဝတ်လိုက်သည်။

တံခါးကို ဂျက်ချ၍ပိတ်ပြီး မီးမှိတ်လိုက်သည်။

"ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်၏ အော်သံကြား၍ မျက်လုံးဖျတ်ခနဲပွင့်သည်။

"ဘာဖြစ်လို့ ငါ့အိပ်ရာမှာ အိပ်နေတာလဲ။ ထစမ်း"

မှောင်ထဲမှာ မိန်းမတစ်ယောက် ရပ်နေသည်။

အခန်းထဲမှာ ညအိပ်မီးအပြာလေးသာ ထွန်းထားရာ ထိုမိန်းအား သဲသဲကွဲကွဲမမြင်ရပါ။

"ငါပြောနေတာ ကြားလား။ ဆင်းစမ်း . . . ငါ့အိပ်ရာပေါ်မှာ စွင့်ခနဲအိပ်နေလိုက်တာ"

ရှင်ပိုးအိ အိပ်နေရာက ထထိုင်လိုက်သည်။

"ဒီက အစ်မ . . . အစ်မ မိုးနှင်းဆီလား"

တုန်တုန်ယင်ယင်နှင့် ရှင်ပိုးအိ ပြောသည်။

"ဟုတ်တယ် . . . ငါ့နာမည် မိုးနှင်းဆီ။ ဒီအိမ်ဟာ ငါ့အိမ်၊ ဒီအခန်းက ငါ့အခန်း။ ကြည့်စမ်း . . . ငါ့အဝတ်အစားတွေ ဝတ်ထားတာပါလား"

မာမာထန်ထန် ပြောနေသော မိုးနှင်းဆီ၏ မျက်နှာကို တအံ့တဩ ကြောက်ရွံ့တုန်လှုပ်ဟန်ဖြင့် ငေးကြည့်မိ၏။



ပြာလဲ့လဲ့မီးရောင်ထဲမှာမို့ မျက်နှာကို သေချာ မမြင်ရ။

"ကျွန်မ . . . ကျွန်မ တောင်းပန်ပါတယ် အစ်မ။ ကျွန်မမှာ နေစရာ သွားစရာမရှိလို့ပါ။ ကျွန်မ နေချင်လို့ နေရတာ မဟုတ်ပါဘူး။ ကျွန်မကို ခွင့်လွှတ်ပါ"

ရှင်ပိုးအိ တကယ်ပင် ရင်ထဲက လှိုက်လှိုက်လှဲလှဲ တောင်းပန်မိနေတာ ဖြစ်သည်။

"နင်က ဘယ်သူလဲ"

"ကျွန်မနာမည် ရှင်ပိုးအိပါ။ ငယ်ငယ်ကတည်းက အဖေနဲ့အမေ ဆုံးသွားလို့ အဒေါ်က မိဘမဲ့ဂေဟာမှာ ထားခဲ့တာပါ။ အခု အဒေါ်အိမ်ပြန်သွားတော့ အဒေါ်ရဲ့ယောကျ်ားက နိုင်ငံခြားသွား အလုပ်လုပ်ဖို့ ပို့ပေးမယ်ဆိုပြီး တရုတ်သူဌေးအိမ်မှာ ရောင်းစားခဲ့လို့ ထွက်ပြေးလာခဲ့တာပါ။ ဒီကို ရောက်တော့ ဦးနေဒွန်းအောင်က ဒီမှာခဏနေပေးပါဆို့ ပြောလို့ နေနေတာပါ။ ပြီးရင် ကျွန်မပြန်မှာပါ"

ရှည်ရှည်ဝေးဝေးပင် ရှင်ပိုးအိက ရှင်းပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှာ ရပ်နေသော မိုးနှင်းဆီကလည်း သေချာနားထောင်နေသည်။

"ကျွန်မကို ခွင့်လွှတ်ပါနော်။ ကျွန်မမှာ သွားရာ မရှိလို့ပါ"

"ဒေါက် . . . ဒေါက် . . . ဒေါက်"

အပြင်မှ တံခါးခေါက်ခေါက်သံ ဆူညံစွာ ကြားရ၏။ ရှင်ပိုးအိ၏ချက်လုံးများ ဖျတ်ခနဲ ပွင့်သွားသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"ရှင်ပိုးအိ"

"ဟင်"

မင်းကိုကြီး၏အသံကို ကြားမှ ရှင်ပိုးအိသည် မိုးနှင်းဆီအား ကြည့်လိုက်သည်။

မရှိပါလား။

ဘယ်ရောက်သွားပါလိမ့်။ မြန်လိုက်တာ။

ရှင်ပိုးအိ မီးဖွင့်လိုက်သည်။

"ရှင်ပိုးအိ . . . နိုးပြီလား"

o———ဖျှနသော———o



"ဒေါက် . . . ဒေါက်"

"ရှင် . . . လာပြီ . . . လာပြီ"

ရှင်ပိုးအိ တံခါးဖွင့်ပေးလိုက်သည်။

မင်းကိုကြီး တံခါးဝမှာ ရပ်နေသည်။

"ဘယ်သူနဲ့စကားပြောနေလဲ။ စကားပြောသံ လိုလို ငိုသံလိုလို ကြားလို့"

"ဟုတ်လား . . . အင်း . . . အိပ်မက်မက်တာ"

"အထဲမှာ ဘယ်သူမှ မရှိဘူးလား"

"မရှိပါဘူး။ လာ . . . အထဲဝင်ကြည့်လေ။ ဟို . . . ဦးရော"

"ဟိုမှာလေ။ ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေတယ်။ သူ့ကိုနှိုးပြီး အိပ်ရာပေါ် အိပ်ခိုင်းရမယ်"

"ဟုတ်တာပေါ့။ အပြင်မှာ အေးကအေးနဲ့။ အစ်ကိုရော အိပ်မပျော်သေးဘူးလား"

"စောစောက တစ်ရေးအိပ်ပျော်သွားတယ်။ နစ်နစ်မြိုက်မြိုက်ကြီး အိပ်လို့မရဘူး။ အိပ်ရာပြောင်းလို့လား။ ဒီလို

o———ဖျှနသော———o

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူး၊ ကိုယ်က ဘယ်နေရာဖြစ်ဖြစ် အိပ်လို့ရတယ်၊ အိပ်ပျော်နေတုန်း တစ်ယောက်ယောက်က လာနှိုးသလိုပဲ၊ လန့် လန့်ပြီး နိုးတယ်"

"ဟုတ်လား"

"ကဲ . . . ဒါဆို တံခါးသေချာပိတ်ပြီး အိပ်တော့။ ကိုယ် ဦးနေနွန်းအောင်ကို နှိုးလိုက်ဦးမယ်"

"ဟုတ် . . . ဟုတ်ကဲ့ အစ်ကို"

ရှင်ပိုးအိ တံခါးပိတ်လိုက်သည်။

ခြင်ထောင်ကို မချ အိပ်ရာထဲဝင်လိုက်သည်။

စောစောတုန်းက တွေ့ခဲ့သည့် မိုးနှင်းဆီအကြောင်း စဉ်းစားသည်။

ဟုတ်ပါရဲ့ မိုးနှင်းဆီက သူမနှင့် တော်တော်တူတာပဲ။

မအိပ်ခင်က မိုးနှင်းဆီ၏ဓာတ်ပုံတွေ ကြည့်ခဲ့သဖြင့် စိတ်စွဲပြီး မိုးနှင်းဆီအား အိပ်မက်မက်တာလား။

ဒါမှမဟုတ် မိုးနှင်းဆီ၏ ဝိညာဉ်က အိပ်မက်ပေးပြီး

ရွှေဥဒေါင်း



ခြောက်တာလား။

သရဲခြောက်တာဆိုရင်တော့ . . .

ကြောက်လိုက်တာ။ တွေးရင်း ကြက်သီးတောင်ထတာသိ။

တကယ်တော့ ရှင်ပိုးအိသည် သိပ်ပြီးကြောက်တတ်သူ မဟုတ်ပါ။

မိဘမဲ့အဖြစ် ဂေဟာကို ပို့ထားကတည်းက ကိုယ့်အားကိုယ်ကိုးပြီး သိမ်ငယ်စိတ် အားငယ်စိတ်တွေကို ဖယ်ကာ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်ထားတတ်သူဖြစ်၏။

ဂေဟာမှာနေခဲ့တုန်းက သရဲခြောက်သည်ဆိုပြီး တခြားမိန်းကလေးတွေ ညဘက်မှာ အိမ်သာတစ်ယောက်တည်း မသွားရဲ။

ရှင်ပိုးအိကတော့ သရဲကြောက်ရမှန်း မသိ။ တစ်ယောက်တည်း အိပ်၊ တစ်ယောက်တည်းသွား၊ တစ်ယောက်တည်း နေခဲ့သူပင်တည်း။

ရာသီဥတုက ညနက်နေ ပိုအေးလေမို့ စောင်ခြုံပြီး

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကွေးနေလေသည်။

ထိုအချိန် ဗျတ်ခနဲ အခန်းထဲက မီးခလုတ်က ပိတ်သွားသည်။

မီးချက်တာ မဟုတ်။

ချောက်ခနဲမြည်သွားသဖြင့် တစ်စုံတစ်ယောက်က လေ့တင်ကို ပိတ်လိုက်သလိုဖြစ်နေသည်။

ဒါ သရဲခြောက်တာလား။

မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ ကြောက်တယ်။ ကြောက်တယ်ဆိုပြီး စောင်ကို ခေါင်းမြီးခြုံ အိပ်လိုက်၏။

✧ ✧ ✧

"တဲ့ . . . ကောင်မလေး"

ရုတ်တရက် ခေါ်လိုက်သံကြောင့် ခေါင်းမြီးခြုံထားသော စောင်ကို ဖွင့်ပြီး ကြည့်လိုက်သည်။

"လာခဲ့စမ်း . . . ထွက်ပြေးတဲ့ ကောင်မလေး။ နင့်



ကို ငါတို့သူဌေး ဝယ်ထားတာလေ"

တရုတ်ဖဲပြောင်အင်္ကျီအနီရဲ၊ ဘောင်းဘီရှည်အနီရဲ့ မွေ့ပွကြီး ဝတ်ထားသော တရုတ်မ ဒေါ်အားလီပါလား။

"နင် ငါ့ကို မှတ်မိတယ် မဟုတ်လား"

မမှတ်မိဘဲရှိပါ့မလား။

"နင့်ကြောင့် ငါ သေသွားပြီ။ အခု တစ္ဆေဖြစ်နေတယ်"

"ဘုရား . . . ဘုရား"

ဒေါ်အားလီအား မကြည့်ရဲဘဲ စောင်နှင့်မျက်နှာကို အုပ်ထားလိုက်၏။

"ဟော့ . . . ကောင်မလေး ဒီလိုလုပ်လို့မရဘူး။ နင် ပြန်လိုက်ခဲ့ရမယ် . . . လာလေ"

စောင်ကို ဆွဲခွာရင်း ဒေါ်အားလီ ပြောနေသည်။

"ကျွန် . . . ကျွန်မ ကြောက်လွန်းလို့ပါ။ မလိုက်ပါရစေနဲ့ ဒေါ်အားလီရယ်"

"နင် မလိုက်ရင် လိုက်အောင်ခေါ်ရမယ်။ လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အား . . . အမယ်လေး . . . ဘုရား"

ဒေါ်အားလီက သူမအား အငိုက်ဖမ်းမိသွားရာမှ ဆွဲ၍ မလိုက်ရာ ရှင်ပိုးအိမ်၏ ခန္ဓာကိုယ်လေးသည် ကြိုးဆွဲထားသည့် ရုပ်သေးရုပ်ကလေးအလား ကြွတက်၍ ပါသွားသည်။

"ဘုရား . . . ဘုရား . . . ကယ်တော်မူကြပါ။ ကျွန်မကို ဒီလိုပဲ ကြည့်နေကြမှာလား"

မျက်စိစုံမှိတ်၍ ကြောက်ကြောက်လန့်လန့် အော်နေမိစဉ် တစ်စုံတစ်ယောက်သည် ရှေ့ခန်း ရောက်လာသည်ထင်၍ မျက်စိဖွင့်ကြည့်မိသည်။

သင်းပျံ့သော နှင်းဆီပန်းရနံ့များနှင့် မိုးနှင်းဆီသည် အဖြူရောင် ဝတ်စုံပါးပါးလျှာလျှာလေး ဝတ်၍ ရောက်လာပြီး ဒေါ်အားလီ လက်ထဲမှ ရှင်ပိုးအိမ်အား ဆွဲယူလိုက်သည်။

"နင် ဘာလာရှုပ်တာလဲ။ နင်နဲ့ဘာဆိုင်လို့လဲ"

ဒေါ်အားလီက ပြောလိုက်သည်။

မိုးနှင်းဆီ ထိမထင်သောမျက်နှာဖြင့် ကြည့်ရင်းက

"နင် ငါ့အိမ်ထဲ ငါ့အရိပ်ထဲ ရောက်နေတဲ့လူကို ဒုက္ခ





ပေးလို့မရဘူး။ အခု ထွက်သွား"

"ဘာလုပ်ဖို့ထွက်သွားရမှာလဲ။ သူ့ကြောင့် ငါ တစ္ဆေဖြစ်တယ်။ သူ့ကို တလဲ့စားပြန်ချေရမယ်"

"ငါ ခွင့်မပြုဘူး"

"အောင်မာ . . . နင်က ဘာမို့လို့ ငါ့ကို ခွင့်မပြုရမှာလဲ"

"ဒါ ငါ့ပိုင်နက်ထဲမှာ"

တစ္ဆေချင်း ရန်ဖြစ်နေတဲ့ကြားမှာ ရှင်ပိုးအိမ်က ကြောက်လွန်း၍ အသားတွေ တဆတ်ဆတ်တုန်နေသည်။

"တစ္ဆေချင်း မကူညီဘဲ လူကို ကယ်နေသေးတယ်။ ငါကတော့ သူ့ကိုခေါ်ပြီး ငါ့ဆရာလက်ထဲ အပ်ရမယ်"

"နင့်ဆရာနဲ့နင် ဘဝခြားပြီ။ လူဖြစ်တဲ့ဆရာကို တစ္ဆေဖြစ်တဲ့ နင်က ဘာမှကူညီစရာမလိုတော့ဘူး"

"ငါလည်း နင့်လိုပဲပေါ့။ ဖယ်စမ်း . . . ဒီကောင်မလေးရှေ့ကာ ဖယ်စမ်း"

"ငါရှိနေသရွေ့ နင်ခေါ်လို့ မရဘူး။ နင်သာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွား”

ဒေါ်အားလီ တစ္ဆေသည် အလွန်ဒေါသထွက်နေသဖြင့် မျက်လုံးများက မီးလိုဝင်းဝင်းတောက်နေလေသည်။

ဒေါ်အားလီသည် လက်နှစ်ဖက်ကို မြှောက်လိုက်ရာ လက်ချောင်းများထိပ်မှ မီးတောက်မီးတန်းများ ထွက်လာရာ မီးတောက်မီးတန်းများသည် မိုးနှင်းဆီဆီသို့ ပြေးလာရာ မိုးနှင်းဆီက လက်ဝါးနှစ်ဖက်ဖြင့် မီးတောက်များအား ခံထားလိုက်ရာ မီးတောက်များ ကွယ်ပျောက်ပြီး အဖြူရောင်မီးခိုးငွေ့တန်းများ ဒေါ်အားလီဆီ ပြေးသွားလေသည်။

ဒေါ်အားလီက လက်ဝါးနှစ်ဖက် ဖြန့်ခနဲရိုက်ခတ်လိုက်ရာ မြွေအစိမ်းရောင်ကြီးအသွင် ပြောင်းသွားလေ၏။

မြွေစိမ်းကြီးက မိုးနှင်းဆီအား ပါးပျဉ်းထောင်ကြည့်ကာ ပေါက်ရန်ရွယ်၏။

မိုးနှင်းဆီက ရှောင်လိုက်ရင်း လက်ဝါးနှစ်ဖက် ထိုးလိုက်ရာ မြွေအဖြူရောင်ကြီးဖြစ်သွားပြီး မြွေစိမ်းကြီးအား တိုက်ခိုက်လေသည်။



မြွေဖြူကြီးမှာ ရောင်ပြောင်းပြီး ငွေရောင်လက်နေသည်။

မြွေစိမ်းကြီးနှင့် မြွေဖြူကြီးမှာ တစ်ကောင်နှင့် တစ်ကောင် လိမ်ယှက်၍ တိုက်ခိုက်နေစဉ် ရှင်ပိုးအိသည် ဘုရားတ ရွတ်ရင်း မြွေဖြူကြီးနိုင်ပါစေဟု ဆုတောင်းနေမိသည်။

မြွေကြီးနှစ်ကောင်သည် တစ်ကောင်နှင့် တစ်ကောင် လိမ်ယှက်၍ တိုက်ခိုက်ရင်းမှ နှစ်ကောင်စလုံး ရစ်ခွေကာ အစိမ်းတစ်ရစ် ဖြူတစ်ရစ် လက်ကောက်ကြီးလို အဝိုင်းကြီးဖြစ်နေပြီး နှစ်ကောင်စလုံး မီးပွားများဖြစ်ကာ ပြာကျသွားသည်ကို ရှင်ပိုးအိ တအံ့တသြကြည့်နေမိသည်။

ပြာမှုန်တွေ ဖွားခနဲ ဖွားခနဲ လွင့်ပြီးမှ လေဝဲမှာ ပြန်လည်စုစည်းကာ လူပုံသဏ္ဍာန်ဖြစ်ကာ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးများဖြင့် အဝတ်မည်းကြီးများ ခြုံ၍ တိုက်ခိုက်ကြပြန်သည်။

မျက်နှာပြဲပြဲကြီးမှာ မျက်လုံးနီနီရဲရဲပြူးပြူးကြီး၊ နှာခေါင်းက ရှည်ရှည်ကောက်ကောက်၊ နှုတ်ခမ်းထူထူကြီး

www.burmeseclassic.com

www.burmeseclassic.com

များနှင့် ကြောက်စရာကောင်းနေပုံကြောင့် ဘယ်သူတာ ဒေါ်အားလီ၊ ဘယ်သူက မိုးနှင်းဆီမှန်း မသိရပေ။

လက်သည်းရှည်ကြီးများဖြင့် တစ်ယောက်ကို တစ်ယောက် ကုပ်ခဲ့ရာ မျက်နှာအရေခွံများ လန်ကာ သွေးတွေ ယိုစီးထွက်ကုန်သည်။

တစ်ယောက်ကို တစ်ယောက် မညှာမတာ ရက်ရက်စက်စက် ကုတ်ခဲ့နေပုံကို ကြည့်ရင်း ရှင်ပိုးအိ ကြောက်လွန်း၍ အိပ်ခန်းထဲက ပြေးထွက်လာခဲ့သည်။

အိပ်ခန်းထဲက ပြေးထွက်ပြီး အောက်ထပ်သို့ ဆင်းသွားရန် အောက်ထပ်လှေကားသည် မဆုံးနိုင်အောင် ရှည်လျားလွန်းပြီး တိုးမြေအောက်ခန်းထဲ ရောက်သွားလေသည်၊

လှေကားထစ်များကို ပြေးဆင်းရင်းမှ မှောင်မည်းနေသော အခန်းကျယ်တစ်ခုထဲကို ရောက်သွားလေသည်။

အခန်းကျယ်ထဲမှာ အိပ်ပျော်နေသော လူတစ်ယောက်ကို တွေ့ရ၍ အနီးကပ်ကြည့်လိုက်သောအခါ အိပ်ပျော်နေသူ၏ မျက်လုံးများ ဖျတ်ခနဲပွင့်လာလေသည်။





"ဘုရား ... ဘုရား"

ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့စွာဖြင့် သူမ နောက်ဆုတ်လိုက်စဉ် ညည်းညူသံလိုလို၊ ရယ်သံလိုလိုအသံများ ကြားလိုက်ရပြီး အခန်း၏ထောင့်အသီးသီးတွင် အရိုးစုများကို တွေ့လိုက်ရ၏။

"အမယ်လေး ... ဗုဒ္ဓေါ ... ဘုရား ... ကယ်ပါ"

လန့်၍အော်ပြီး မျက်လုံးများဖွင့်ကြည့်လိုက်သည်။

အိပ်ရာထဲမှာပါလား။

ဒုတိယအကြိမ် အိပ်မက်မက်ပြန်တာပါလား။

အခန်းထဲမှာ မီးပြန်လင်းနေသည်။

ဖေဖေချွေးတွေလည်း ပြန်လာ၏။

အိပ်မက် ...

အိပ်မက်ကလည်း တကယ်လိုပါလား။

ရှင်ပိုးအိ အံရင်ကတည်းက အိပ်မက်ဆိုးတွေ ခဏခဏ မက်တတ်သည်။

ဂေဟာဥက္ကာတွန်းကလည်း အိပ်မက်မက်ပြီး အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



က ထဒေအော်ထတ်သည်ထိ ဖြစ်၏၊

အိပ်မက်ဆိုး မမက်အောင် မေတ္တာသုတ်ရွတ်ပြီးမှ အိပ်ရမည်ဟု ဧဟော့မှ ဆရာမ ဒေါ်မြမြက ပြောခဲ့သည်။

ရှင်ပိုးအိ မေတ္တာသုတ်တော့ ကောင်းကောင်းရွတ်တတ်သည်။

ကြောက်စိတ်ဖြင့် မေတ္တာသုတ်တိုးတိုးလေး ရွတ်နေမိသည်။

အိပ်မက်ထဲမှာ ဒေါ်အားလီက တစ္ဆေပြန်ဖြစ်နေသတဲ့။

ဒေါ်အားလီ တစ္ဆေနှင့် ဗိုးနှင်းဆီတစ္ဆေတို့ တိုက်နိုက်ကြပုံအား ပြန်မြင်ယောင်ရင်း အင်ဒိုနီရှား တစ္ဆေကားကို သတိရမိ၏။

အိပ်မက်တာလည်း ရုပ်ရှင်ကြည့်နေရသလိုပါလား။

⟡ ⟡ ⟡





## ၉။ ဟန်ဆောင်ဆောင်းလူ

မနက်ကျတော့ မညိုအိဆိုသူ ရောက်လာ၏။

အိမ်သန့်ရှင်းရေးလုပ်ပေးသည်။

မညိုအိက အမည်နှင့်လိုက်အောင်ပင် အသားညိုညို ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်လေးဖြစ်သည်။

ဒါပေမဲ့ လှုပ်ရှားပုံက မြန်ဆန်သွက်လက်သည်။

ခြံထဲကနေ ရောင်ခြည်ရသောနေရာမှာ ရှင်ပိုးအိနှင့် မင်းကိုကြီးတို့ ထိုင်ပြီး ကော်ဖီနှင့် အကြော်ပူပူနွေးနွေး



www.burmeseclassic.com

www.burmeseclassic.com

စားသောက်နေကြသည်။

ဦးနေခွန်းအောင်ကိုယ်တိုင် မညိုအိအား ဘာတွေ လုပ်ရမည်ကို ညွှန်ကြားနေသည်။

ပြီးတော့ ဦးနေခွန်းအောင်ပင် ဈေးဝယ်ပေးသည်။

မညိုအိ ထမင်းဟင်းချက်နေစဉ် ရှင်ပိုးအိနှင့် မင်းကိုကြီးတို့ ဧည့်ခန်းထဲမှာ အခွေဖွင့်ကြည့်နေကြ၏။

ဦးနေခွန်းအောင် အပြင်ခဏ ထွက်သွားပြန်သည်။

"အစ်မလေး ရေချိုးမယ်ဆိုရင် ရေနွေးအိုးကြို့ပေး ထားတယ်။ ရေပူနဲ့ ရေအေးစပ်ပေးမယ်"

"ရေအေးနဲ့ပဲ ချိုးပါ့မယ်"

မညိုအိအား ပြောလိုက်သည်။

"ဆရာကြီးက အစ်မလေး ရေချိုးရင် ရေနွေးနဲ့ စပ်ချိုးတယ်ဆိုလို့"

"ဩော် . . . ဒါဆိုလည်း ချိုးမယ်"

မင်းကိုကြီးက ပြုံးပြသည်။

"ရေသွားချိုးမယ်နော် အစ်ကို"

"အေး . . . မင်းကတော့ ရေပူရေအေးစပ်ပေးမယ့် သူနဲ့ ကောင်းစားနေပြီ။ ကိုယ်တော့ ရေအေးနဲ့ပဲ ချိုးတော့ မယ်"

ရှင်ပိုးအိ ရေချိုးပြီး သနပ်ခါးရေကျဲလေး ပွတ်လိမ်း ထားသည်။

အဝတ်အစားကတော့ မိုးနှင်းဆီ၏ အင်္ကျီနှင့် ဘောင်းဘီရှည်ကို ယူဝတ်လိုက်၏။

မိုးနှင်းဆီသည် သူဌေးကတော်မို့ အဝတ်အစား တွေ အများကြီးရှိလေသည်။

ရှင်ပိုးအိမှာ အဝတ်အစားများများ မရှိ။

မိုးနှင်းဆီ၏ အဝတ်တွေ ကြည့်ပြီး ဝတ်ချင်စိတ် ပေါက်၍ ဝတ်နေခြင်းဖြစ်သည်။

ဦးနေခွန်းအောင် ပြန်လာမှ နံနက်စာ ထမင်းအတူ စားကြသည်။

မညိုအိက ဟင်းချက်တော်တော်ကောင်းသည်။

ကြက်သားအတုံးသေးသေးလေးများကို ပင်စိမ်း၊

www.burmeseclassic.com

www.burmeseclassic.com



နံနံ၊ ဂျေတ်သီးစိမ်းများဖြင့် အစပ်ချက်စားတာမျိုး ရှင်ပိုးအိ တစ်ခါမှ မစားဖူးပေ။

စရုံညွန့်၊ မြောင်းဖူး မျှစ်ချိုတို့ဖြင့် ဟင်းချိုချက်စားတာလည်း အတော်အရသာရှိသည်။

ထမင်းစားပြီးတော့ ရေနွေးကြမ်းနှင့် လက်ဖက်ပွဲ ပြင်ပေးထားသည်။

ဦးနေဒွန်းအောင်က မိုးနှင်းခင်၏ လက်မှတ်ထိုးထားသော စာချုပ်များပြသည်။

"ဒီလက်မှတ်ကို အများအားဖြင့် ကျွန်တော် ထိုးပေးတာပါ။ အလုပ်နဲ့ပတ်သက်တာတွေပေါ့။ အခု မန္တလေးက ဘဏ်မှာ ငွေသွားထုတ်ရင်တော့ ကိုယ်တိုင်ထိုးရမှာလေ"

မိုးနှင်းခင်၏ မှတ်ပုံတင်ကိုလည်း ပြသည်။

"အဲဒီလက်မှတ်တူအောင် ထိုးဖို့ လေ့ကျင့်ပါ"

"ကျွန်မ လေ့ကျင့်ရမှာလား"

"ဟုတ်တယ်။ နောက်နေ့ကျရင် မန္တလေးဘဏ်မှာ ငွေသွားထုတ်ရမယ်"



"ဟုတ်ကဲ့"

ဆိုင်းထိုးတာလောက်တော့ ရှင်ပိုးအိ လေ့ကျင့်ဖို့ မခက်ခဲပါ။

အရင်ကတည်းက ရှင်ပိုးအိ လက်မှတ်လှလှထိုးတာ ဝါသနာပါသည်။

"မန္တလေးက တိုက်ရောင်းတာ သိန်းနှစ်ထောင်။ သိန်းနှစ်ရာ စရန်ချပေးထားတာ။ တစ်ရက် နှစ်ရက်နေရင် ဒုတိယအရစ်အနေနဲ့ သိန်းတစ်ထောင်ပေးမယ်။ အဲဒါကိုလည်း ရှေ့နေရှေ့မှာ လက်မှတ်ထိုးပြီး ယူရမှာ"

ဦးနေဒွန်းအောင်က ပြောသည်။

"ဒုတိယအရစ်ဆိုတော့ တတိယအရစ်လာဦးမှာပေါ့"

မင်းကိုကြီးက မေးသည်။

"ဟုတ်တယ်။ ဒါကြောင့်မို့ ခဏနေပေးပါပြောတာ။ မိုးနှင်းခင်ကိုယ်တိုင် မဟုတ်ရင် အခြေအနေတွေ ရှုပ်ထွေးကုန်မယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကငွေကရော များလား။ တစ်ခါတည်း ထုတ်မှာလား၊ ခွဲထုတ်မှာလား"

"များတယ်။ တစ်ခါထုတ်ရင် သိန်းငါးဆယ်။ တစ်ပတ် တစ်ကြိမ် ထုတ်တယ်။ သုံးပတ်ထုတ်မယ်"

"ဟဲ . . . ဒါဆိုလက်မှတ်တူအောင် ထိုးဖို့ လေ့ကျင့်တော့"

မင်းကိုကြီးက ပြောလိုက်သည်။

"ဘောလ်ပင်နဲ့ စက္ကူပေးလေ"

ဦးနေဒွန်းအောင်က စာရေးစားပွဲအံဆွဲကို ဖွင့်၍ ဘောလ်ပင်နှင့် စာအုပ်တစ်အုပ် ပေးသည်။

ရှင်ပိုးအိက မိုးနှင်းဆီ၏ လက်မှတ်နှင့်တူအောင် လေ့ကျင့်နေသည်။

မင်းကိုကြီးက အလုပ်မရှိ၍ ပျင်းနေသဖြင့် စာအုပ်စင်တွင် ဖတ်စရာစာအုပ် ရှာနေသည်။

ဦးနေဒွန်းအောင်က အိပ်ခန်းထဲသို့ ဝင်ပြီး အတန်ကြာမှ ပြန်ထွက်လာကာ ငွေစက္ကူထုပ်များ မင်းကိုကြီးရှေ့သို့



BURMESE CLASSIC .com



ချပေးပြီ၊

"ရော့ . . . လောလောဆယ် ငါ့ညီတို့ သုံးဖို့ ငွေ ငါးသိန်း။ မန္တလေးရောက်ရင် ဝယ်ချင်တာ ဝယ်ပေါ့။ နောက်တော့ ထပ်ပြီးပေးဦးမယ်"

မင်းကိုကြီးက ငွေစက္ကူထုပ်ကို တစ်လှည့် ရှင်ပိုးအိကို တစ်လှည့်ကြည့်သည်။

ရှင်ပိုးအိက ပခုံးတွန့်ပြုံးသည်။

"အလုပ်ကိစ္စတွေရှိသေးတယ်။ အပြင်သွားဦးမယ်။ အေးအေးဆေးဆေးနေခဲ့ကြပါ"

ဦးနေဒွန်းအောင်က သူ၏ ပါဂျဲဒိုးကို မောင်း၍ အပြင်သို့ ထွက်သွားသည်။

"အင်း . . . တို့လုပ်ရမယ့်အလုပ်က ပေါ့သေးသေးတော့ မဟုတ်ဘူး။ မင်းလည်း သရုပ်ဆောင်ကောင်းရမယ်"

"ကျွန်မ အရမ်းကြောက်တာပဲ။ အစ်ကိုကတော့ ဘာမှမဖြစ်သလိုပဲ။ ကျွန်မတို့ ထွက်ပြေးရင် ကောင်းမလား"

"ဘာလို့ထွက်ပြေးမှာလဲ။ မင်းပဲ အိမ်မပြန်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆို၊ မိုးနှင်းဆီရဲ့လက်မှတ်တူအောင် ထိုး၊ သူကိစ္စတွေပြီးရင် ပိုက်ဆံရမှာပဲ။ အဲဒီတော့မှ သွားကြတာပေါ့။ အရင်းအနှီး ရရင် ကိုယ်တို့လုပ်ချင်တာ လုပ်လို့ရတယ်။ ဒီအလုပ်ဟာ မင်း အတွက် ခက်ခဲမှာ မဟုတ်ပါဘူး"

"သူမိန်းမက ဘာကြောင့်သေသွားတာလဲ မသိဘူး နော်"

ရှင်ပိုးအိ ခပ်တိုးတိုးပြောသည်။

"အဲဒီအကြောင်း ဘာလို့သိချင်နေတာလဲ၊ သူက ပြောချင်ပုံမရဘူး"

မညီအိ မလှမ်းမကမ်းမှာ အလုပ်လုပ်နေတာတွေ့၍ မင်းကိုကြီးက မျက်ရိပ်ပြရင်း ပြောလိုက်သည်။

ရှင်ပိုးအိသည် လက်မှတ်ထိုးလေ့ကျင့်ထားတာ တွေ့ ပြလိုက်၏။

မင်းကိုကြီးက လက်မှတ်ထိုးထားသည့် စာအုပ်ကို ယူကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"မင်းလက်မှတ်က ဘယ်ဟာအစစ် ဘယ်ဟာ





အစစ်ပြောလို့မရအောင် တော်တော်တူတာပဲ။ မင်း တော် တယ်"

"အိမ်ထဲမှာနေရတာ ညောင်းလိုက်တာ။ အပြင် ထွက် လမ်းလျှောက်ဦးမှပဲ။ ခြံက အကျယ်ကြီး။ ဘာပင်တွေ ရှိလည်း မသိဘူး။ ကျွန်မက သစ်ပင်စိုက်တာ ဝါသနာပါ တယ်"

ဂေဟာမှာနေခဲ့စဉ်က ရှင်ပိုးအိ သစ်ပင် တော် တော်များများ စိုက်ခဲ့ရသည်မို့ သစ်ပင်တွေကို ချစ်တတ်နေခဲ့ သည်။

ရှင်ပိုးအိ အပြင်ထွက်ခဲ့သည်။

အိမ်ရှေ့မြက်ခင်းပြင် ပတ်လည်မှာ နှင်းဆီပန်းပင် တွေချည်း ဖြစ်သည်။

ပန်းရောင်ရေမွှေးနှင်းဆီအပြင် အဝါရောင်၊ အဖြူ ရောင် နှင်းဆီပန်းများရှိသည်။

အပွင့်ကြီး၍ နီရဲနေသော နှင်းဆီပန်းများကလည်း ရတ်ရတ်စက်စက်လှသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိုးနှင်းဆီဆိုတဲ့အမည်နှင့်လိုက်ဖအောင် နှင်းဆီများကို ချစ်မြတ်နိုးသည့်ထင်ပါရဲ့။

ခုတော့ သည်မိန်းကလေး ဘယ်ဘက်ကို ရောက်နေပြီလဲ။

နှင်းဆီပန်းများကို ကြည့်ရင်း ရှင်ပိုးအိ တော့ချမ်းသွားသလို ခံစားရကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

သူ့မနောက်ကျောမှာ ရပ်နေသူအား တွေ့လိုက်၍ ရုတ်တရက် လန့်သွားသည်။

"မိုးနှင်းဆီ ခရီးသွားတာယ်ဆို အခု ပြန်ရောက်နေပြီပဲ။ ထဘီနှစ်ထည် ချုပ်ပြီးလို့ လာပေးထားပြီးပြီ"

ဒေါ်လေးလုံ ဖြစ်သည်။

ဖြူဖြူသေးသေး ပါးပါးလျလျနှင့် နှာခေါင်းချွန်ချွန်းသည့် ဒေါ်လေးလုံအား ရှင်ပိုးအိ ငေးကြည့်နေမိသည်။

"ညက အိမ်ကိုလာသေးလား"

ဒေါ်လေးလုံ မည်သူ့မှန်း မသိ၍ ခေါင်းခါပြသည်။

"ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား မိန်းကလေး"

—ရွှေသော—



ရှင်ပိုးအိ တစ်ခုခုပြောမလိုလုပ်ပြီးမှ မိမိ လည်ချောင်းနှာ၌ အသံမထွက်ကြောင်း လည်ပင်းကို လက်ညှိုးဖြင့် ထောက်ကာ အမူအရာနှင့် ပြောလိုက်၏။

ဒေါ်လေးလုံ နားလည်သွားသည်။

"အေးပါ . . . ဒါဆိုလည်း ပြန်ပါ့မယ်။ မိုးနှင်းဆီကို ညက အိမ်နားမှာ တွေ့လိုက်လို့။ အကျီအပ်စရာရှိလို့လာသလားလို့ တွေးမိတာ၊ ဒါဆို ပြန်မယ်နော်"

ရှင်ပိုးအိ ပြုံး၍ ခေါင်းညိတ်ပြသဖြင့် ဒေါ်လေးလုံ ခြံထဲမှ ထွက်သွား၏။

မညိုအိ အပြင်သို့ထွက်လာပြီး ခြံတံခါးပိတ်သည်။

"တံခါးသေချာပိတ်ထားမှ၊ ခြံထဲလူစိမ်းဝင်တာတွေရှင် ဆရာကြီး စိတ်ဆိုးနေဦးမယ်"

မညိုအိက ပြောသည်။

ရှင်ပိုးအိက မညိုအိအား ဘာမှပြန်မပြောဘဲ အိမ်ထဲသို့ ပြန်ဝင်လာခဲ့၏။

မင်းကိုကြီး အိပ်ပျော်နေပြီဖြစ်သည်။

—ရွှေသော—

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်သို့တက်လာခဲ့သည်။

ပြတင်းပေါက်တံခါးများ လိုက်ဖွင့်သည်။

အိပ်ခန်းတွင်း လင်းလင်းရှင်းရှင်းရှိမှ ရှင်ပိုးအိ နေ လို့ကောင်းသွားသည်။

ဒေါ်လေးလုံးအား အမည်မသိပေမယ့် အကျိုးချင် သော မိန်းမကြီးအဖြစ်တော့ ရှင်ပိုးအိ သိသွားသည်။

မနေ့ညက သူ့အိမ်သို့လာသေးလားလို့ မေးတာကို ရှင်ပိုးအိက သတိရနေသည်။

ဒီအဒေါ်ကြီးနှင့် မိုးနှင်းဆီ အတော်ရင်းနှီးသည့်ပုံပဲ။

မိုးနှင်းဆီနှင့်ပတ်သက်၍ အဒေါ်ကြီးဆီမှာ စုံစမ်းရ နိုင်သည်။

မိုးနှင်းဆီ သေဆုံးသွားတာကိုတော့ အဒေါ်ကြီး သိပုံမရသေး။

မိုးနှင်းဆီ၏ ဝိညာဉ်ပျောက်သွားနေတာကို အဒေါ် ကြီးက မိုးနှင်းဆီလို့ ထင်နေပုံရသည်လို့ ရှင်ပိုးအိ တွေးမိ သည်။



ရှင်ပိုးအိ နေ့လယ်ခင်း အိပ်ပျော်သွားသည်။

ညနေ ရေချိုးနေစဉ် ရေချိုးခန်းတံခါးကို တစ် ယောက်ယောက်က မကြာခဏ လာထုနေသည်လို့ ထင်၍ ရေပင် ဖြောင့်အောင် မချိုးရ။

ဦးနေဒွန်းအောင်လည်း ပြန်ရောက်နေပြီ။

မညိုအိက ညနေစာ ထမင်းစားဖို့ပြင်ဆင်ပြီး အိမ် ပြန်သွားလေသည်။

"မညိုအိ ပြန်သွားလည်း ကိစ္စမရှိပါဘူး။ ညစာ စား ပြီးရင် ကျွန်မဘာသာပဲ သိမ်းဆည်းလို့ရပါတယ်"

ညစာ မစားသီ ဦးနေဒွန်းအောင်နှင့် မင်းကိုကြီးတို့ ဘီယာသောက်နေကြသည်။

ငါးမုန့်ကြော်၊ အာလူးကြော်အပြင် ဘီယာနှင့် မြည်း ရန် ရှင်ပိုးအိက ကြက်သားကြော်ကို ဆီချက်၊ ပဲမှုန့်၊ သံပုရာ ရည်ရွှဲရွှဲလေး ညှစ်၍ ပြန်သုတ်ပေးလိုက်၏။

သူတို့ယောက်ျားနှစ်ယောက် စားသောက်နေစဉ် ရှင်ပိုးအိက အရင် ထမင်းစားနှင့်သည်။

www.burmeseclassic.com

ပြီးလျှင် ခြံထဲဆင်းပြီး လမ်းလျှောက်သည်။

ဦးနေဒွန်းအောင်က ခြံအပြင်သို့ ထွက်မလျှောက်ဖို့ ပြောလိုက်သည်။

◆ ◆ ◆



## ၁၀။ ဧျာ်ဝါတယ် ရှင်တို့ရယ်

အို . . . တော်တော်လှတဲ့ ငါပါလား။ ဒီလိုဆိုတော့ အရင်တုန်းက ရှင်ပိုးအိန္ဒ တခြားစီပဲလေ . . . အပာတ်။

မှန်ထဲမှာ မြင်ရသော သူ့ပုံရိပ်ကို ကျေနပ်ကြည်နူးစွာ ကြည့်ပြီးမှ ရှင်ပိုးအိ အိပ်ခန်းထဲက ထွက်လာသည်။

အပြင်မှာ ဦးနေဒွန်းအောင်နှင့် မင်းကိုကြီးတို့ စောင့်နေသည်။

မိုးနှင်းဆီ၏ အဝတ်အစားများ ဝတ်ပြီး လှပစွာ

www.burmeseclassic.com



ပြင်ဆင်လာသော ရှင်ပိုးအိအား ဦးနေခွန်းအောင် မျက်တောင်မခတ် ငေးကြည့်မိသည်။

မင်းကိုကြီးလည်း ရင်ခုန်သွားသည်။

တော်တော်လှတဲ့မိန်းကလေးပါလား။

ချောကလက်ရောင် ဇာအင်္ကျီနှင့် ချောကလက်ရောင်ပေါ်မှာ အပွင့်သေးသေး အနက်ရောင်ပန်းကလေးတွေပါသော ထဘီစကတ်လေး ဝတ်ထားရာ အသားဖြူဖြူ ကိုယ်လုံးသွယ်လျလျလေးနှင့် လိုက်ဖက်နေလေသည်။

မျက်ခုံး ထူထူတန်းတန်းလေးနှင့် မျက်တောင်ကော့များမှာ နှုဂိုနေလှပြီးသားဖြစ်ရာ ရှင်ပိုးအိက ဆေးကျ၍ ပြုပြင်ထားသဖြင့် အရုပ်ကလေးနှင့်ပင် တူနေသေးတော့၏။

နှုတ်ခမ်းထူထူပြည့်ပြည့်ငယ်ငယ်အား ချောကလက်ရောင် နှုတ်ခမ်းဆိုးဆေးဖြင့် ကြွရွနေအောင် ခြယ်သလိုက်သည်။

ဆံပင်ရှည်ပုံချင်းကလည်း မိုးနှင်းဆီနှင့် ရှင်ပိုးအိက တူနေသည်။

မျှဝေသူ



ဆံပင်ကို ကလစ်လှလှလေးဖြင့် စုစည်းထားသည်။

နားမှာ ပုလဲနားဆွဲလေး ဝတ်ထား၏။

ဦးနေခွန်းအောင် သက်ပြင်းတစ်ချက် ရှိုက်သည်။

မိုးနှင်းဆီ၏ အဝတ်အစားများ ယူဝတ်ထားသဖြင့် မိုးနှင်းဆီနှင့် နှစ်ကိုယ်ခွဲ ရုပ်ရှင်ရိုက်သလို တူနေသည် မဟုတ်လား။

မိုးနှင်းဆီကို လွမ်းဆွတ်သတိရစိတ်တွေဖြင့် သူ့ရင်ထဲမှာ နာကျင်ကြေကွဲနေသည်။

"ပိုက်ဆံအိတ် ယူကိုင်လိုက်ဦး။ မိုးနှင်းဆီက ပိုက်ဆံအိတ်အကြီးကြီး ကြိုက်တယ်"

မိုးနှင်းဆီ ပိုက်ဆံအိတ်အမျိုးမျိုး ထည့်ထားသော မှန်ဗီရိုထဲမှ သူမ အလွန်သဘောကျနေသော အညိုရောင် ပခုံးလွယ်အိတ်ကြီးကို ယူကိုင်လိုက်၏။

ကားကို မင်းကိုကြီးအား မောင်းခိုင်းပြီး မန္တလေးသို့ လာခဲ့ကြသည်။

မန္တလေးငွေစုဘဏ်မှာရှိသော ငွေများအနက် သိန်း

မျှဝေသူ

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ် ထုတ်ယူခဲ့ပြီး ဟိုတယ်တစ်ခုမှာ တစ်ညတည်းသည်။

နောက်တစ်နေ့ မနက်စောစောမှာ အိမ်အတွက် သိန်းတစ်ထောင် လက်ခံယူခဲ့ရပြီး မန္တလေးမှ ပြန်ခဲ့ကြရ၏။

မန္တလေး မည်သည့်နေရာမှမလည်ဖြစ်။ မဟာမြတ်မုနိဘုရားပင် ကတိုက်ကရိုက် ဖူးပြီး ပြန်ခဲ့ကြရသည်။

"ဘာမှအခက်အခဲမရှိ။ အောင်အောင်မြင်မြင်ပဲ။ မင်း သိပ်တော်တယ် ရှင်ပိုးအိ။ သရုပ်ဆောင်ကောင်းတယ်။ အားလုံးက ဘာမှသံသယမဖြစ်ဘူး"

မင်းကိုကြီးက ရှီးကျူးစကား ပြောလိုက်သည်။

"မိုးနှင်းဆီထက်တောင် ရှင်ပိုးအိက နူးညံ့သိမ်မွေ့သေးတယ်။ မိုးနှင်းဆီက ဒီလိုပဲ၊ ခပ်တည်တည် ခပ်အေးအေး နေတတ်တယ်။ စကားလည်း သိပ်မပြောဘူး။ သူနဲ့ သိပ်ခင် သိပ်ရင်းနှီးတဲ့လူမှ ပြောတာ၊ ဒါကြောင့် မိုးနှင်းဆီကို မာနကြီးတယ်လို့ လူတွေက ထင်ကြတာ"

ဦးနေဒွန်းအောင်က ပြောသည်။

ဤပြေဿနာ



"ကျွန်မတော့ ဒီမှာနေရတာ ပျင်းလာပြီလေ။ ဘယ်တော့ ဒီအလုပ်က ပြီးမှာလဲ"

ရှင်ပိုးအိ မေးလိုက်သည်။

"ရစရာရှိတဲ့ငွေတွေ ရပြီးရင် ပြီးမှာပါ။ ခဏ သည်းခံနေပေးပါ။ အိမ်ကလည်း ငွေအကျေချေပြီးရင် မိုးနှင်းဆီရဲ့ အမည်ကနေ ပြောင်းပေးဖို့ကိစ္စတွေ ရှိသေးတယ်လေ"

"ကျွန်တော်တို့ အိမ်ထဲမှာချည်း နေမယ်ဆိုရင် ပျင်းတာပေါ့။ ဟိုနား ဒီနား အလည်သွားရရင် ကောင်းမလားပဲ"

မင်းကိုကြီးက ပြောသည်။

"ရတယ်လေ။ သွားပါ။ စမ်းရေတွင်းအနားတစ်ဝိုက်တော့ မသွားနဲ့ပေါ့။ ရွာကလူတွေက မိုးနှင်းဆီ မဟုတ်မှန်း သိသွားမှာ စိုးလို့လေ"

ဦးနေဒွန်းအောင်က ပြောသည်။

✦ ✦ ✦

ဤပြေဿနာ

www.burmeseclassic.com

www.burmeseclassic.com



## ၀၁။ ထရဲ့ခြောက်တက်သလား

"ဟင် . . . ဘယ်သူလဲ"

ရုတ်တရက် အခန်းပြတင်းဝမှာ မျက်နှာတစ်ခုကို တွေ့လိုက်ရသဖြင့် ရှင်ဖိုးအိ လန့်သွားပါသည်။

မန္တလေးမှအပြန် ခရီးပန်းလာသဖြင့် ရေချိုးပြီး အိပ်ပျော်သွားခြင်းဖြစ်၏။

နားထဲမှာ ထူးခြားသောအသံတစ်မျိုး ကြားနေရသည်။





အိပ်မက်မက်တတ်သူဖြစ်၍ အိပ်မက်မက်နေတာ ဟုပင် ထင်မိ၏။

ငယ်သံပါအောင် အော်သံစူးစူးနဲ့ ကြားလိုက်သဖြင့် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

အိပ်ရာပေါ်မှာ ကိုယ်တစ်ခြမ်းစောင်း၍ အိပ်ပျော် နေရာ မျက်နှာမူရာဘက် ပြတင်းပေါက်တွင် မျက်နှာတစ်ခု ကို ရိပ်ခနဲ တွေ့လိုက်သဖြင့် တုန်လှုပ်သွားလေသည်။

အိပ်ရာက ချက်ချင်းထပြီး ပြတင်းပေါက်သို့ သွား ကြည့်သည်။

မည်သည့်အရိပ်အယောင်မျှ မတွေ့ရ။

အခန်းတွင်းက ထွက်လာခဲ့၏။

"နိုးလာပြီလား . . . ဒီမှာ ကိုယ်တို့ဝိုင်းတော့စနေပြီ။ ထမင်းစားပြီ မဟုတ်လား"

မင်းကိုကြီးက မေးလိုက်သည်။

"အင်း . . . ကျွန်မ အိပ်နေတုန်း တစ်ယောက် ယောက် လာကြည့်နေသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်းအောင် ထိုင်ရာက ထသွားသည်။

"ဘယ်နေရာမှာ တွေ့တာလဲ"

"အခန်းထဲက ပြတင်းပေါက်ကနေ ကြည့်တာ"

ပြတင်းပေါက်တံခါးဖွင့်၍ ဦးနေဒွန်းအောင် အပြင်သို့ ကြည့်သည်။

အပြင်မှာ မှောင်နေပြီ။

"ဒီပြတင်းပေါက်ကို ကျော်တက်ဖို့ မလွယ်ဘူး။ တိုက်ကလည်း မြင့်တယ်"

"ဒီကောင်မလေး အိပ်မက်မက်နေတာဖြစ်မှာ၊ သူက အိပ်မက် ခဏ ခဏ မက်တတ်တာ"

မင်းကိုကြီးက ဝင်ပြောသည်။

ဦးနေဒွန်းအောင်က ပြတင်းတံခါး သေချာပိတ်သည်။

"လူကိုတွေ့တာလား၊ အရိပ်ကို တွေ့တာလား"

"မျက်နှာတစ်ခု။ ယောက်ျားမျက်နှာနဲ့တူတယ်"

"စုတော့ ဘာမှမတွေ့ပါဘူး။ အိမ်ကို သူခိုးတွေ ဘာ





တွေ ကပ်မှာစိုးလို့"

"ကဲ . . . လာ ထမင်းစားကြရအောင်။ ဗိုက်ဆာနေပြီ"

မင်းကိုကြီးက ပြောလိုက်၏။

အောက်ထပ်သို့ ပြန်ဆင်းလာသည်။

သူတို့ ခရီးထွက်နေသဖြင့် မညီ့အိ ဘာမှ ချက်မထား။

ပြန်လာမှ ထမင်းတစ်အိုး ချက်ပြီး ကြက်သားကြော်ပေးသွား၏။

"ဘာတွေနဲ့ မြည်းနေတာတုန်း။ အံမယ် . . . ဒါ အသားကင်တွေလား"

"ဟုတ်တယ် . . . ဆိုင်က သွားဝယ်လာတာ"

"ထမင်းစားလိုက်မယ်နော်။ ကြက်သားကြော်နဲ့ပဲ စားမယ်"

ထမင်းကို ကြက်သားကြော်သည့် ဆီဆမ်း ဆားဖြူးပြီး ငရုတ်သီးစိမ်းလေး မြှုပ်၍ စားတာကိုကြည့်ကာ ဦးနေဒွန်း



www.burmeseclassic.com

www.burmeseclassic.com

အောင် အုံ့ညြသွားသည်။

ဖျက်နှာချင်းဆင်တူတာ မဟုတ်၊ ဒါ..ငါကြိုက်တာ ချင်းလည်း ရှင်ပိုးအိနှင့် မိုးနှင်းဆီက တူတတာပါပဲလား။

ရှင်ပိုးအိက ထမင်းစားသည်။

ပြီးတော့ အားလုံးစားပြီးသားပန်းကန် ဆေးသည်။

"အစ်ကို . . . အပေါ်မတက်နဲ့ဦး။ စောင့်ဦးနော်။ ကျွန်မ ကြောက်တယ်"

ပန်းကန်ဆေးရင်း ရှင်ပိုးအိ အော်ပြောလိုက်၏။

ဦးနေဒွန်းအောင်က အိမ်အပြင်ဘက်ထွက် လမ်းလျှောက်ရင်း ရှင်ပိုးအိအိပ်သည့် ပြတင်းပေါက်အား ကြည့်နေသည်။

အိပ်ခန်းမီးဖွင့်ထားသည်။ အပေါ်ထပ် ပြတင်းပေါက်သို့ အလွယ်တကူ လှမ်းတက်ဖို့ မဖြစ်နိုင်။

ခြံဝင်းတံခါးကိုလည်း မညီ့အိ ပြန်သွားကတည်းက သေချာပိတ်ခဲ့သည်။

ခြံဝင်းတံခါးအနီးရပ်၍ သော့ကို စစ်ဆေးကြည့်ရှု



ပြီး အပေါ်သို့ မော့ကြည့်လိုက်ရာ ပြတင်းပေါက်မှ အရိပ်တစ်ခု တွေ့မိသည်။

ရှင်ပိုးအိ အိပ်သည့်အခန်းကပဲ။

သူ အိမ်ထဲဝင် အပေါ်သို့ ပြေးတက်သွား၏။

ယခင် မိုးနှင်းဆီ၏ အခန်းထဲ ပြေးဝင်လိုက်သည်။

အခန်းထဲမှာ မည်သူမျှ မတွေ့ရ။

အိပ်ရာပေါ်မှာ စောစောက ရှင်ပိုးအိ အိပ်ထားသောကြောင့် စောင်က အပုံလိုက်ဖြစ်နေ၏။

"တောက် . . . တောက် . . . တောက် . . . တောက်"

ကြောင်လိမ်လှေကားရှိသော တံခါးမှ တတောက်တောက်နှင့် အသံကြား၏။

တံခါးနားသို့ သူ ဖြည်းညင်းစွာ ကပ်သွားသည်။

"တောက် . . . တောက် . . . တောက် . . . တောက်"

တံခါးကို ကပ်ပြီးနားထောင်သည်။

တစ်စုံတစ်ခုနှင့် တံခါးကို ခေါက်နေသောအသံကို သေချာကြား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးကို အလျင်အမြန် တွန်းဖွင့်လိုက်၏။

"ဪ"

ပတ္တာ၏မြည်သံ။

တံခါးအပြင် ကြောင်လိမ်လှေကားမှာ မည်သည့်အရိပ်အယောင်မျှ မတွေ့ရ။

အပြင်သို့ သူ ထွက်လိုက်သည်။

ကြောင်လိမ်လှေကားထိပ်မှာ ရပ်ပြီး အောက်သို့ ငုံ့ကြည့်၏။

"အစ်ကိုကြီး"

ရုတ်တရက် မိုးနှင်းဆီ၏အသံ ကြားလိုက်သဖြင့် သူ အောက်သို့ ငုံ့ကြည့်ရာက လှည့်ကြည့်လိုက်သည်။

"ဂျိမ်း"

တံခါးက အသံကျယ်စွာမြည်ပြီး ပိတ်သွား၏။

တစ်စုံတစ်ယောက် အတွင်းမှ ပိတ်လိုက်သလိုပင်။

သူ အထိတ်တလန့်ဖြင့် တံခါးကို တွန်းဖွင့်၏။

ချက်ချင်း ပြန်မပွင့်။



"ဟာ"

စိတ်ထိုခေါ်သဖြစ်စွာဖြင့် အတွင်းမှ တံခါးပွင့်သွားသည်။

"ဟင်း . . . ဟင်း . . . ဟင်း"

ရယ်သံလိုလို ငိုသံလိုလို ကြား၍ အသံလာရာ ရေချိုးခန်းသို့ ကြည့်လိုက်၏။

ရေဘုံဘိုင်မှ သေချာမပိတ်ထားသဖြင့် ရေ တစ်စက်ချင်း ကျသံကြားနေရ၏။

ရေချိုးခန်းတံခါးကို သူ ဖွင့်၍ အတွင်းသို့ ကြည့်ဖြစ်အောင် ကြည့်၏။

သေချာပါသည်။ မည်သူမျှ မရှိ။

"အစ်ကိုကြီး"

သူ့အားခေါ်နေသောအသံ ကြားရပြန်၏။

ရေချိုးခန်းမှ လှည့်ကြည့်လိုက်သည်။

"ဟာ"

ခုတင်ပေါ်က စောင်ပုံသည် တစ်စုံတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com

ဆွဲချလိုက်သလို အောက်သို့ ကျသွားသည်။

သည်စောင်က မိုးနှင်းဆီ ခြုံနေကျ စောင်ပင် ဖြစ်သည်။

သူ စောင်ကို ကောက်၍ ခုတင်ပေါ်ပြန်တင်လိုက်၏။

"ချလွှပ်"

စားပွဲပေါ်မှာ အလှတင်ထားသော ပန်းအိုးလေး ကျကွဲသွား၏။

သူ့အလိုလိုကျကွဲသွားခြင်းဖြစ်သည်။

မည်သူကမျှ တိုက်ချခြင်းမဟုတ်။

လေတိုက်၍ ကျခြင်းလည်း မဟုတ်ဆိုတော့ . . .

ဦးနေဒွန်းအောင်သည် အနည်းငယ် ကြက်သီးထသွား၏။

အခန်းထဲမှာပင် မနေရဲအောင်ဖြစ်သွား၏။

မိုးနှင်းဆီများ လုပ်နေတာလား။

"အို . . . မိုးနှင်းဆီရာ မင်းက သေသွားပြီပဲ၊ မင်းဘာမှမလုပ်နိုင်တော့ပါဘူး"

○———ဤမျှသော———○



"သေတယ်လို့ မပြောပါနဲ့ အစ်ကိုကြီးရယ်၊ ဘဝခြားသွားပြီလို့ ပြောပါ"

ဟင် . . . ဒါ ဘယ်သူပြောတာလဲ။

သူ့အနားမှာ မိုးနှင်းဆီ၏အသံကို ကြားလိုက်ရသည်။

အခန်းထဲမှာ မည်သူမျှ မရှိပါ။

သူ့အိပ်ခန်းထဲက ဖျတ်ခနဲ တံခါးဖွင့်လိုက်စဉ် . . .

"ဒေါက်"

အင်္ကျီချိတ်တွင် ချိတ်ထားသော ပိုက်ဆံအိတ်က အောက်သို့ လျှောကျသွား၏။

ပြန်မကောက်ဖြစ်တော့။

အခန်းထဲမှ ကသောကမျော ထွက်လာ၏။

"ဘာဖြစ်တာလဲ အစ်ကိုကြီး"

အပေါ်သို့ တက်လာသော ရှင်ပိုးအိက မေးလိုက်သည်။

"ဟင် . . . မင်း ငါ့ကို အစ်ကိုကြီးလို့ခေါ်လိုက်တာ

○———ဤမျှသော———○

www.burmeseclassic.com

www.burmeseclassic.com

လား"

"အင်း . . . လေ။ အစ်ကိုကြီးအရွယ်မို့ အစ်ကိုကြီးလို့ ခေါ်တာ။ မန္တလေးတုန်းကလည်း ဒီလိုပဲခေါ်ခိုင်းတာပဲ။ ဘာလဲ ဦးလို့ ခေါ်ရမှာလား"

ရှင်ပိုးအိ ရယ်ရွှင်ရွှင်လေး လုပ်၍ ပြောလိုက်သည်။

"အဲ . . . အစ်ကိုကြီးပဲ ခေါ် . . . ခေါ်။ အဲဒီလိုခေါ်တာ မိမိုးခေါ်တဲ့အတိုင်းပဲ။ အသံလေးက ချိုလို့"

"ခစ် . . . ခစ် . . . ခစ်"

ရှင်ပိုးအိ ရယ်သည်။

ဦးနေဒွန်းအောင်မှ ရှင်ပိုးအိအား နှစ်သက်ရင်ခုန်စွာ ကြည့်နေမိသည်မှာ ဘာမှပြန်မပြောနိုင်အောင် ဖြစ်နေရသည်။

"အပေါ်မှာ ဘာတွေ့လဲ အစ်ကိုကြီး"

ရှင်ပိုးအိ ထပ်မေးသည်။

"ဘာမှမတွေ့ပါဘူး။ ဒီလိုပဲ လေတိုက်လို့ ဟိုဟာပြုတ်ကျ ဒီဟာ ပြုတ်ကျနဲ့ ပန်းအိုးလေးကွဲနေလို့ လုပ်လိုက်ဦး"

o———ရှုမဝ———o



"ဟုတ်ကဲ့ . . . အစ်ကိုကြီး။ ကျွန်မ လုပ်လိုက်ပါ့မယ်"

ရှင်ပိုးအိ အခန်းထဲဝင်ပြီး ပန်းအိုးကွဲလေးကို သိမ်း၍ တံမြက်စည်းလှဲနေသည်။

"လာ . . . အစ်ကိုကြီး လက်ဖက်သုတ်စားဦးမလား။ အပျင်းပြေပေါ့။ အလုပ်မရှိတော့လည်း ပျင်းတယ်"

အောက်ထပ်ရောက်တော့ မင်းကိုကြီးက ပြောလိုက်သည်။

"အေးကွာ . . . ငါ့ညီလည်း ဘယ်မှမသွားရတော့ ပျင်းမှာပဲ"

"အစ်ကို့ကိစ္စလည်းပြီး ကျွန်တော်တို့လည်း အရင်းအနှီးရအောင်လို့ လုပ်ပေးတာပါ။ အပြင်လေးဘာလေး ထွက်ရရင် ကောင်းမယ်"

မင်းကိုကြီး အပြင်ထွက်ဖို့ကိစ္စပင် ထပ်ပြောနေပြန်သည်။

"ထွက်ပါ့ကွာ။ အပြင်းပြေလျှောက်လည်ပါ့။ ဒီအရပ်

o———ရှုမဝ———o

www.burmeseclassic.com

www.burmeseclassic.com


က လူတွေက မိုးနှင်းဆီ မဟုတ်မှန်းသိသွားမှာ စိုးလို့ အသွားအလာ ဆင်မြင်ဖို့ပြောတာ။ ဒီအကြောင်းလည်း တခြားအပြင်လူကို မပြောမိစေနဲ့ပေါ့"

"သိပါတယ်။ ဒါလူကြားလို့မကောင်းဘူး။ ရာဇဝတ်မှုဆိုတာ ကျွန်တော်တို့ပါ အမှုတွဲပါမယ်ဆိုတာ"

မင်းကိုကြီးက ခပ်ရှင်းရှင်းပင် ပြောလိုက်သည်။

ဦးနေဒွန်းအောင် မျက်စိမျက်နှာပျက်နေသည်။

"ကိုယ်လည်း ဒီလိုမလုပ်ချင်ပါဘူးကွာ။ သူ ရုတ်တရက်ဆုံးသွားတာ လူသိသွားပြီဆိုရင် ဒီကိစ္စတွေ ရှုပ်ကုန်မှာ စိုးလို့ပါ"

"အမှန်တော့ လင်မယားမဟုတ်လား။ မယားသေရင် လင်ဆိုင်တာပဲဟာ"

"ငါ့ညီ မသိသေးတဲ့အကြောင်းအရာတွေ အများကြီး။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မိုးနှင်းဆီ ရုတ်တရက် ဆုံးတယ်လို့ ကိုယ်ပြောမိပြောရာ ပြောတာ။ ခုတော့ အမှန်ကို ဖွင့်ပြောပြပါ့မယ်။ မိုးနှင်းဆီဟာ ဆုံးသွားတာ



မဟုတ်ပါဘူး။ အိမ်က ထွက်သွားတာ"

"ဗျာ"

မင်းကိုကြီး ဇဝေဇဝါ မျက်လုံး၊ သံသယအတွေးများနှင့် ဦးနေဒွန်းအောင်အား ကြည့်လိုက်သည်။

ထိုစဉ် ရှင်ပိုးအိလည်း ကွဲကျသောပန်းအိုးများ သိမ်းဆည်းပြီး အောက်ထပ်သို့ ဆင်းလာသည်။

"အိမ်ကထွက်သွားတာ . . . ဟုတ်လား။ ဘာဖြစ်လို့ ထွက်သွားတာလဲ . . . ဟင်"

ရှင်ပိုးအိ မေးသည်။

ဦးနေဒွန်းအောင် မေးကြောကြီးများထောင်ထလာသည်အထိ အံကို တင်းတင်းကြိတ်သည်။

ထို့နောက် မဖြေချင် ဖြေချင် အမူအရာနှင့် ဖြေလိုက်ရသည်။

"တခြားကောင်နဲ့လိုက်သွားတာ"

"ဟင်"

ရှင်ပိုးအိနှင့် မင်းကိုကြီး တစ်ယောက်မျက်နှာ တစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက် ကြည့်လိုက်၏။

"သူနဲ့ကိုယ်ဟာ အသက်ချင်း အရမ်းကွာတယ်။ ကိုယ်က အလုပ်ထဲမှာ အချိန်ကုန်တယ်။ သူကို ဘာမှ လို လေသေးမရှိ ပြည့်ပြည့်စုံစုံထားပေးတာ။ သူက သူနဲ့ ရွယ်တူကောင်လေးတစ်ယောက်နဲ့ ဖောက်ပြန်နေတာ။ နောက်မှ ကိုယ်သိရတယ်။ သူတို့အကြောင်း ကိုယ်သိပြီးတဲ့နောက် အိမ်က ထွက်သွားတာပဲ။ ကိုယ် ရှက်လို့ ဘယ်သူကိုမှ မပြောခဲ့ဘူး။ အစတုန်းက လိုက်ရှာဖို့စိတ်ကူးသေးတယ်။ ဒါပေမဲ့ ဘာထူးမှာလဲ။ သူမှ ကိုယ့်ကိုသံယောဇဉ်မရှိတာ"

ဒီလိုဆိုတော့လည်း အစ်ကိုကြီးဟာ သနားစရာပါလားလို့ ရှင်ပိုးအိ တွေးမိသည်။

"ဒါကြောင့် ကျွန်တော်က တစ်ခုခုတော့ လွဲနေပြီလို့ထင်တာ။ မယားသေရင် လင်ပိုင်တာပဲဟာ"

"သူနဲ့ပတ်သက်တဲ့ငွေတွေ၊ သူ လက်မှတ်ထိုးရမှာတွေ သူမရှိတော့ အကုန်လွှဲတုန်မှာဗို့ ခုလို အကူအညီတောင်းတာပါ။ ကိုယ်က သူ့ကို စိတ်ကုန်စိတ်နာသွားပြီး





ဒါပေမဲ့ သူ ဒုက္ခရောက်လို့ပဲဖြစ်ဖြစ် ပြန်လာရင်တော့ သူ့အတွက် ရသင့်ရထိုက်တာတွေ ခွဲပေးမှာပါ"

"ဟင်း . . . ကျွန်မကဖြင့် မိုးနင်းဆီ သေသွားပြီဆိုပြီး ကြောက်လိုက်ရတာ။ ဒါဆို အိပ်မက်တွေက တကယ်မဟုတ်ဘူးပေါ့။ ကျွန်မ စိတ်စွဲလမ်းလို့ မက်တာပေါ့။ တော်ပါသေးရဲ့။ အဲဒီအခန်းထဲ အိပ်ရတာ ညည အိပ်မပျော်ဘူး"

ရှင်ပိုးအိ ပခုံးတွန့်ရင်း ပြောလိုက်၏။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ စကြောက်ချစ်တော့ဘူး

"ကျို"

တံခါးပတ္တာမြည်သံ။

ရှင်ပိုးအိ မျက်လုံးများပွင့်လာသည်။

"ကျို . . . ဒိုင်း"

ကြောင်လိမ်လေ့ကားတံခါး ပွင့်ပြီး တံခါးရွက်က နံရံကို ရိုက်လိုက်သံဖြစ်၏။

ရှင်ပိုးအိ လန့်၍ မအော်မိအောင် ထိန်းချုပ်လိုက်သည်။



တံခါးကို တစ်စုံတစ်ယောက်က ပြင်းထန်စွာ တွန်းဖွင့်လိုက်ခြင်းဖြစ်မည်။

သူခိုးများလား။

အိမ်ရောင်းရသည့်ငွေတွေ၊ ဘဏ်ကထုတ်လာသည့် ငွေတွေ အများကြီးရှိသည်ကြား၍ သူခိုးလာခိုးခြင်း ဖြစ်မည် ထင်ရဲ့။

"ဘုရား . . . ဘုရား

"သူခိုးရယ် . . . ဒီအခန်းမှာ ငွေတွေမရှိပါဘူး။ ဟိုဘက်ခန်းသွားပါနော်။ ဦးနေဒွန်းအောင်ဆီမှာ ရှိတာပါ"

ရှင်ပိုးအိ စိတ်ထဲမှ ပြောနေခြင်းဖြစ်၏။

ပွင့်နေသောတံခါးမှ ဖြူဖြူအရိပ်ကလေး ဝင်လာသည်။

အသက်ပင် မရှူရဲတော့သလို စောင်ခြုံထဲမှနေ၍ ရှင်ပိုးအိ ခိုးကြည့်နေမိသည်။

ဖြူဖြူအရိပ်မှာ မိန်းမတစ်ဦးဖြစ်သည်။

မျက်နှာကို မမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမှ ဝင်လာပြီး အခန်းထဲမှာ လျှောက်သွားနေတာ သိသော်လည်း ရှင်ပိုးအိ သေချာမကြည့်ရဲ။

အိပ်ချင်ယောင်ဆောင်၍ မျက်လုံးကို မှိတ်ထားရင်းက မျက်လွှာကလေး အသာဟပြီး ကြည့်မိခြင်းဖြစ်သည်။

အိပ်ပျော်ချင်ယောင်ဆောင်နေရင်းက ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူ၍ အသံမထွက် ပါးစပ်လှုပ်ရုံသာ ရွတ်နေမိ၏။

ခုတင်အနီးမှာ အကြာကြီးရပ်၍ ရှင်ပိုးအိအား ကြည့်နေပြီးမှ ထိုမိန်းမသည် တစ်ဖက်အခန်းတံခါးဖွင့်၍ ထွက်သွားလေသည်။

ဘုရား . . . ဘုရား . . . ကယ်ပါ။ ဒီအခန်းထဲ ပြန်ဝင်မလာပါစေနှင့်။

နောက်တော့ ရှင်ပိုးအိ အိပ်ပျော်သွားလေသည်။

✧ ✧ ✧



မနက်မိုးလင်းတော့ ရှင်ပိုးအိ ခါတိုင်းလို စောစောမနိုး။ အိပ်ရာထနောက်ကျသည်။

အိပ်ရာက နိုးနိုးချင်း ညကအဖြစ်ကို သတိရ၍ ကြည့်လိုက်သည်။

ကြောင်လိမ်လှေကားဆင်းသည့် တံခါးက ပိတ်လျက်သား။

သွားမတိုက်၊ မျက်နှာမသစ်ဖြစ်သေးဘဲ ညကအကြောင်းကို ပြန်စဉ်းစားနေ၏။

ကြောင်လိမ်လှေကားတံခါး ပွင့်လာပြီး မိန်းမတစ်ယောက် ဝင်လာသည်။

မိမိခုတင်ဘေးမှာရပ်ပြီး အကြာကြီး ကြည့်နေသည်။
အခန်းထဲမှာလည်း ဟိုဒီလျှောက်သွားနေသည်။
ပြီးမှ အခန်းတံခါးဖွင့်၍ ထွက်သွားခဲ့သည် မဟုတ်လား။

ရှင်ပိုးအိမှာ ကြောက်လွန်း၍ ကြည့်ပင် မကြည့်ရဲ။ စောင်ခေါင်းမြီးခြုံပြီး အိပ်ပျော်ချင်ယောင် ဆောင်

www.burmeseclassic.com

www.burmeseclassic.com



နေရင်းက အိပ်ပျော်သွားတာ မဟုတ်လား။

ခုတော့ ထံခါးတွေက ပိတ်လျက်သား။

အိပ်မက်လည်း မဟုတ်ပါဘူး။

သူခိုးဆိုရင်လည်း ပစ္စည်းခိုး ထွက်ပြီး ထံခါးပိတ် သွားမှာတော့ မဟုတ်ပါဘူး။

အိပ်ရာသိမ်းပြီး သွားတိုက်၊ မျက်နှာသစ်သည်။

ခေါင်းဖီး၍ ညဝတ်အင်္ကျီလဲပြီး အောက်သို့ ဆင်း လာခဲ့၏။

ဓီးဖိုခန်းထဲမှာ မညီအိတစ်ယောက်တည်း ချက် ပြုတ်နေသည်။

"ငြိမ်လှချေလား။ အစ်ကိုကြီးတို့ မရှိကြဘူးနဲ့တူ တယ်"

ရှင်ပိုးအိက ပြောလိုက်သည်။

"ဟုတ်တယ် . . . မနက်စောစောကပဲ မြို့ထဲ လက် ဖက်ရည်ထွက်သောက်ရင်း သူ့အစ်မအိမ် သွားလည်မယ် ပြောသံကြားတယ်"

ရှုမဝ



မညီအိက ပြောသည်။

"ဘယ်သူ့အစ်မအိမ်လဲ"

"ကို အစ်ကိုလေးလေ"

"ဟင် . . . ကျွန်မကိုလည်း မခေါ်ဘူး"

"မဦးက အိပ်ရာထနောက်ကျတာကိုး"

မညီအိက ပြောပြီး တော်ဖီနှပ်ထားတာကို ပြန်နွေး ၍ ကော်ဖီဖျော်ပေးသည်။

သည်အိမ်မှာ ကော်ဖီစေ့ကို ကိုယ်တိုင်စက်နှင့် ကြိတ်ပြီး နွားနို့များများထည့်၍ ကော်ဖီဖျော်တတ်သည်။

မိုးနှင်းဆီ၏မိဘများက ကော်ဖီခြံ၊ လက်ဖက်ခြံ များ ပိုင်ဆိုင်သည်ဟု သိရ၏။

ပေါင်မုန့်နှစ်ချပ်မီးကင်ပြီး စတော်ဗယ်ရီယိုသုတ် ပေးသည်။

ရှင်ပိုးအိက စုံရှုံ့မဲ့မဲ့ဖြင့် ပေါင်မုန့်ယိုသုတ်ကို စားနေ သည်။

သူ့ကို တစ်ယောက်တည်းထားသွားခြင်းအတွက်

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကြီးကို စိတ်ဆိုးနေသည်။

လူသူမရှိတဲ့ အိမ်ကြီးထဲမှာ ဘာလုပ်နေရမလဲ။ ပျင်း လိုက်တာ။

ကော်ဖီပူနွေးနွေးခါးစိမ့်လေးကလည်း သောက်လို့ ကောင်းနေသည်။

ယခင်ကဆို ကော်ဖီ မသောက်တတ်။

ဧဟာရှာ ကော်ဖီသောက်ရတာ မဟုတ်။

တစ်ခါတလေ ဆရာမတွေအတွက် ကော်ဖီမစ် လုပ်ပေးရင်း သောက်ဖူးတာ။

ခုတော့ ကော်ဖီ၊ လက်ဖက်ရည်အရသာ လျှာမှာ စွဲနေသည်။

"ညက သူခိုးဝင်တယ်လို့ အစ်ကိုကြီးတို့ ပြောနေ သံကြားလား"

"တင့်အင်း ... ဘာမှ မကြားဘူး"

"သူပြောလိုက်ရင် မသိတာနဲ့ မကြားတာချည်းပဲ"

ရှင်ပိုးအိ ခြံဝင်းထဲ ဆင်းလာ၏။ ခြံထဲ သေသေချာ

ဤမျှသာ



ချာ မလျှောက်ဘူး၍ လျှောက်ကြည့်သည်။

အနောက်ဘက်မှာလည်း သစ်ပင်တွေ တော်တော် များသည်။

ကီလိုမာလကာသီးကြီးတွေ သီးနေသည်။

ပိန္နဲသီးပင်မှာလည်း ပိန္နဲသီးတွေ ပြွတ်ခဲနေ၏။

ဂန္ဓမာပန်းတွေလည်း ပွင့်နေပြီ။

အိမ်ကြီး၏နောက်ဘက်ရှိ ကြောင်လိမ်လှေကား ကို မော့ကြည့်သည်။

သည်လှေကားကနေ မိန်းမတစ်ယောက် တက် လာတာပဲ မဟုတ်လား။

လှေကားကို တက်ကြည့်သည်။

လှေကားထိပ်ရောက်တော့ တံခါးကို တွန်းကြည့်၏။

အတွင်းက သေချာ ဂလန့်ထိုးပိတ်ထားတာပဲ မဟုတ်လား။

လှေကားက ပြန်ဆင်းလာခဲ့သည်။

ခြံနောက်ဘက်မှာလည်း တံခါးတစ်ခုရှိ၏။

ဤမျှသာ

www.burmeseclassic.com

www.burmeseclassic.com

"မိုးနှင်းဆီ"

အသံစူးစူးသေးသေးလေးနှင့် ခေါ်လိုက်သံ ကြားသည်။

ဒေါ်လေးလုံပင် ဖြစ်သည်။

ခေါင်းပေါ်မှာ မြက်ခမောက်ဆောင်းထား၏။

"ကြားပြီးပြီလား၊ ထင်ကျော်ရဲ့သတင်း။ ဈေးထဲမှာ ပြောနေကြတာ"

အနားသို့ ကပ်လာပြီး ပြော၏။

"ဘာသတင်းလဲ။ ထင်ကျော် သစ်ပင်ပိပြီးဆုံးသွားပြီတဲ့"

"ဟင် . . . မသိဘူး"

ထင်ကျော်ဆိုတာ ဘယ်သူလဲ။ မသိ၍ မသိဟု ပြောခြင်းဖြစ်သည်။

"အကျီအပ်စရာမရှိတော့ဘူးလား။ ခုတလော ဒေါ်လေးလုံလည်း အလုပ်အားနေတယ်။ ညဘက် ညဘက် မိုးနှင်းဆီ လမ်းထွက်လျှောက်သလား။ အိမ်ရှေ့ကာ ဖြတ်သွား





တာ တွေ့လို့"

ရှင်ပိုးအိ အပြင်မှမသွားတာ။

ဒေါ်လေးလုံ လူမှားပြောတာထင်ရဲ့၊

ရှင်ပိုးအိ ခေါင်းခါပြတာကိုကြည့်ပြီး ဒေါ်လေးလုံ ပြုံးသည်။

"ဒါဆိုလည်း သွားမယ်။ ထင်ကျော်နဲ့ မပတ်သက်တာ ကောင်းတာယ်။ ခုတော့ လူဆိုး အသေဆိုးနဲ့သေပြီ မဟုတ်လား"

ဒေါ်လေးလုံ တံခါးဝမှ ခွာသွား၏။ အနောက်ဘက် လမ်းကျဉ်းကလေးထဲကနေ လျှောက်သွားလျှင် ဒေါ်လေးလုံ၏ အိမ်က အနီးကလေး။

ထင်ကျော်ဆိုတာ ဘယ်သူလဲဆိုသည့်အတွေးက ရှင်ပိုးအိ ခေါင်းထဲ ဝင်လာပြန်သည်။

မနေ့က အစ်ကိုကြီးက မိုးနှင်းဆီ သေတာမဟုတ်၊ ယောက်ျားနောက် လိုက်ပြေးတာလို့ ပြောခဲ့သည်ဆိုတော့ မိုးနှင်းဆီ လိုက်ပြေးတာ ထင်ကျော်နှင့်လား။



www.burmeseclassic.com

www.burmeseclassic.com

## ၁၇။ ရုပ်ရှုန်သံတွေ မြှန့်နေတယ်

ရေချိုး၊ အလှပြင်၊ အဝတ်အစားများ ဝတ်ပြီး အောက်သို့ဆင်းလာတော့ ဦးနေဒွန်းအောင် ပြန်ရောက်နေသည်။

"အစ်ကိုမင်းရော ပြန်လာပြီလား"

"သူက သူ့ရုပ်ကားနဲ့ သူ့အစ်မဆီ သွားလည်နေတာ။ ဒီမှာနေရတာ ပျင်းလို့နေမှာပေါ့"

"ဟင်...ဒီတာတော့ မပျင်းရဘူး။ သူရည်း လျှောက်



လည်နေတာ မကျေနပ်ဘူး"

ဦးနေဒွန်းအောင်က ပြုံးသည်။

"ညီမ ပျင်းရင် ကိုယ်နဲ့ လျှောက်လည်မယ်။ လိုက်မလား"

"အင်း... လိုက်မယ်"

"ဒါဆို ပြင်ဦးလွင်ကိုပဲ သွားမယ်။ ထမင်း ဒီက စားသွားလိုက်"

"ဟုတ်ကဲ့"

ညည့်အိတ ထမင်းအဆင်သင့် ပြင်ပြီးနေပြီ။

ထမင်းစားပြီး ဦးနေဒွန်းအောင်၏ကားဖြင့် ပြင်ဦးလွင်သို့ ထွက်လာခဲ့ကြသည်။

ဝက်ဝံရှာရှိ မြတ်စဲခြံသို့ ဦးနေဒွန်းအောင် ခဏ ဝင်ပြီး ပြင်ဦးလွင်သို့ ဆက်၍လာသည်။

အုံ့ဝတ္ထုဘာသာ ဘုရား ဝင်ဖူးသည်။

ပြီးတော့ ရေတံခွန်ဘက်သို့ ရောက်ခဲ့ကြသည်။

ဈေးအသွင်း ဝင်၍ ရှင်ပိုးအိ လိုချင်သောပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



ဦးနေခွန်းအောင်ကိုယ်တိုင် လိုက်ဝယ်ပေးသည်။

အပြန် ဘုံကျောင်းမှာဝင်၍ ငြိမ်းရှည်ဝင်စားကြသည်။

တောက်ညှင်းရနံ့သင်းသော ရေနွေးကြမ်းမွှေးမွှေး ကို သောက်ရင်း စကား အေးအေးဆေးဆေး ပြောဖြစ်ကြသည်။

"ဒီလိုနေရတော့လည်း ကိုယ့်အတွက် စိတ်ညစ်စရာတွေ ပျောက်ကွယ်သွားသလိုပဲ။ ရှင်ပိုးအိပ်ဟာ ကိုယ့်အတွက် မိုးနတ်မင်းက ဖန်ဆင်းပေးလိုက်တဲ့ အချစ်နတ်သမီးလေးပါပဲ"

"ခစ် . . . ခစ် . . . ခစ် . . . ခစ်"

ရှင်ပိုးအိ သဘောကျလွန်း၍ အသံထွက်အောင်ကို လှိုက်လှိုက်လှဲလှဲ ရယ်မိသည်။

ဦးနေခွန်းအောင် မျက်နှာမှာ ပြုံးနေသည်။

ခါတိုင်းဆို မျက်မှောင်တွန့်၍ မှုန်ကုပ်ကုပ်ဖြစ်နေသည် မဟုတ်လား။

"မိမိုးကြောင့် စိတ်တို စိတ်ဆင်းရဲနေရသမျှ မင်းကို



တွေ့ရှင် ပျော်ရွှင်မိတယ်။ မိမိုးနဲ့ ကိုယ်ကတော့ ပြန်လည် မဆုံတွေ့နိုင်အောင် ဘဝခြားသွားပြီ။ ကိုယ့်ဘေးမှာ ရှင်ပိုးအိ ရှိနေပေးမယ်ဆိုရင် ကိုယ့်ဘဝမှာ အားလုံးပြည့်စုံသွားပြီ"

ရှင်ပိုးအိ မျက်နှာလေးမှာ စဉ်းစားတွေဝေဟန်တွေ ဖြင့် ဦးနေခွန်းအောင်အား ငေးကြည့်မိသည်။

ဦးနေခွန်းအောင်ကလည်း ရှင်ပိုးအိအား စူးရှသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေသည်။

"ဘာတိုစဉ်းစားနေသလဲ ကလေး။ ကိုယ် မင်းကို သိပ်ချစ်နေမိပြီ။ မင်းဘက်က လက်ခံမယ်ဆိုရင် ကိုယ် မင်း ကို လူသိရှင်ကြား လက်ထပ်ပြီး ယူမယ်"

ရှင်ပိုးအိက မိမိကံကြမ္မာကိုပင် မိမိပြန်လည်စဉ်းစား အံ့သြနေမိ၏။

ယခုရက်ပိုင်းလေးအတွင်းပင် အဖြစ်အပျက်တွေ အမျိုးမျိုး ကြုံတွေ့ပြောင်းလဲနေပါရောလား။

လွန်ခဲ့သောလက မိမိဂေဟာမှာ ရှိနေသည်။

ဂေဟာက ထွက်ပြီး အဒေါ်အိမ်ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အဒေါ်က လက်မခံ၊ နိုင်ငံခြားပို့ပေးမည်ဆိုပြီး တရုတ်သူဌေးဆီ ရောင်းစားသည်။

တရုတ်သူဌေးဆီက ထွက်ပြေးပြီး သည့်မှာ ဦးနေဒွန်းအောင်နှင့်ဆုံရသည်။

ဦးနေဒွန်းအောင်က လက်ထပ်ပါရစေ . . . တဲ့။

စိုင်ဖော်လို့ ချုပေါ်ရောက်တဲ့ကိန်းလား ဘာလား တော့ မသိ။

မိမိဘဝအခြေအနေ ထူးခြားပြောင်းလွဲဖို့ ဖြစ်လာတာလို့ တွေးသည်။

ဒါဆို မိမိအား ကူညီပေးခဲ့သူ မင်းကိုကြီးကို ပစ်ပယ်လို့မရ။

"ဟိုတစ်ယောက်က ရှင်ပိုးအိမ်ရဲ့အစ်ကိုရင်းတော့ မဟုတ်ပါဘူးနော်"

ဦးနေဒွန်းအောင်က မေးသည်။

"ကျွန်မရဲ့အစ်ကိုတစ်ယောက်ပါပဲ"

"တခြားပတ်သက်မှု မရှိဘူး မဟုတ်လား"

ဤမျှသာ



"ဟင့်အင်း"

"သူ့ကိုလည်း သူ ကျေနပ်လောက်တဲ့ ငွေပေးပြီး ပြန်လွှတ်လိုက်မယ်၊ သူက အလုပ်လုပ်ဖို့ အရင်းအနှီးလိုချင်နေတာဆို"

"ဟုတ်တယ်"

"မင်းတို့မိဘတွေကရော"

"ကျွန်မက မိဘမရှိတော့ပါဘူး။ ငါးနှစ်သမီးအရွယ်က အဖေနဲ့အမေ ဆုံးသွားတော့ အဖေ့ညီမက ဝေပဟာကို ပို့ထားခဲ့တာ၊ ကျွန်မထက် အကြီးနှစ်ယောက်ရှိတယ်။ ဘယ်ရောက်နေလဲဆိုတာ မသိတော့ပါဘူး။ ဆယ်တန်းဖြေတာ နှစ်နှစ်ရှိပြီ မအောင်တော့ ကျောင်းလည်း ဆက်မနေချင်ဘူး။ ဝေပဟာမှာလည်း မနေချင်လို့ ထွက်ပြေးလာခဲ့တာ။ အဒေါ်က ပြန်လက်မခံဘူး။ နိုင်ငံခြား အလုပ်သွားလုပ်ချင်တာ။ ဒီအခင်ကိုကာတော့ ပြင်ဦးလွင်က အစ်မဆီ ပို့ပေးမယ်လို့ ခေါ်လာခဲ့တာပါ၊ အဲဒီမရောက်ဘဲ ဒီမှာ သောင်တင်နေတာ"

အဖြစ်အပျက်ကို အတိုချုံး၍ ရှင်ပိုးအိမ် ပြောပြလိုက်၏။

ဤမျှသာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာဖြစ်လို့ တည်းခိုခန်းမှာ အလုပ်လုပ်နေမှာလဲ၊ အခု မင်းကိုကြီး အဲဒီကို သွားလည်နေတာပေါ့၊ တည်းခိုခန်းလည်း ရှိတယ်၊ စားသောက်ဆိုင်လည်း ရှိတယ်တဲ့။ ကိုယ်က မင်းကို မိုးနှင်းဆီခြံရဲ့ အရှင်သခင်အဖြစ် ထားမှာ။ ကိုယ်နဲ့ အတူနေရင် မင်းဘဝ အားလုံးပြည့်စုံသွားမယ်"

ရှင်ပိုးအိက အသက်နှစ်ဆယ်ပင် မပြည့်သေးသော ဘဝအတွက် ဘာမှပြင်ဆင်ထားခြင်း မရှိသော ငယ်ရွယ်နုနယ်သူလေးဖြစ်ပါသည်။

သူမတွင် ပိုင်ဆိုင်တာဆိုလည်း ချောမောလှပသော မျက်နှာလေးတစ်ခုပဲ ဓာန်တက်စရာရှိ၏၊

လွယ်လွယ်ကူကူနှင့် သူဌေးကတော်ဘဝရောက်မည်ဆိုလည်း သိပ်ပြီး စဉ်းစားစရာမလို၊ ငြင်းဆန်စရာမလို၊ တွေဝေစရာမလိုပါချေ။

ဒါပေမဲ့ ချက်ချင်းကြီးတော့ ခေါင်းမညိတ်ချင်သေး၊

"အစ်ကိုနဲ့လည်း တိုင်ပင်ရပါဦးမယ်၊ အစ်ကိုမင်းကို

ကြီးက ကျွန်မရဲ့ ကျေးဇူးရှင်ပါပဲ"

"တိုင်ပင်ပါ၊ သူ သဘောတူလောက်ပါတယ်"

ထို့နောက် စမ်းရေတွင်းသို့ ပြန်လာခဲ့ကြသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ထင်ချော်ပါ်အဓလော်း

ည စုနှစ်နာရီမှ ပြန်ရောက်လာသည့်အတွက် မင်းကိုကြီး စိတ်ပူနေလေသည်။

ခြံထဲမှာ လမ်းလျှောက်လိုက် အိမ်ထဲဝင် တီဗီကြည့်လိုက်နှင့် မင်းကိုကြီးမှာ ရှင်ပိုးအိတို့ကို တမျှော်မျှော်ဖြစ်နေသည်။

ခြံထဲသို့ ကားဝင်လာတာမြင်မှပဲ မင်းကိုကြီး သက်ပြင်းချလိုက်မိသည်။



"ကိုယ်တို့ကို မျှော်နေတာမဟုတ်လား။ အသွားနောက်ကျတော့ အပြန်လည်း နောက်ကျတယ်ကွာ"

ဦးနေဖွန်းအောင်က ပြောသည်။

"ဘယ်သွားကြတာလဲ။ မညိုအိကလည်း မသိဘူးတဲ့။ ထမင်းပြင်ပေးပြီး ပြန်သွားပြီ"

"ဒီမိန်းကလေး ပျင်းတယ်ဆိုလို့ကွာ ပြင်ဦးလွင်လိုက်ပို့တာ"

"ဟာ . . . ကျုန်တော်လည်း အဲဒီသွားတာကို"

"အစ်ကို သူများကို မခေါ်ဘဲ တိတ်တိတ်ကလေးသွားတာကိုး"

ရှင်ပိုးအိက စိတ်ဆိုးသလို အမူအရာလေးလုပ်၍ ပြောလိုက်သည်။

"သုဖြင့် အိမ်ရာစောစောမထဘဲနဲ့။ အိပ်ပါစေဆိုပြီး ထားခဲ့တာ။ ဒီနားခဏဆိုသွားရင်းနဲ့ အစ်မကို တွေ့ချင်စိတ်ပေါက်လို့ ဟိုရောက်တော့လည်း ထမင်းပါစားပြီး အေးဆေးမှ ပြန်လာရတာ။ ညနေသုံးနာရီကတည်းက ရောက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရေချိုးလိုက်ဦးမယ်၊ ခဏနော်၊ ပြီးရင် ထမင်းစားမယ်၊ တးပြီးပြီလား။ ဘဲကင်နဲ့ မေါက်ဆွဲကြော် ဝယ်လာတယ်"

"အေးကာအေးနဲ့၊ ရေနွေးနဲ့ချိုး"

ဦးနေ့ဒွန်းအောင်က ပြောလိုက်သည်။

ရေချိုးတန်ထဲမှာ ရေနွေးနှင့် ရေအေးစပ်ပြီး ချိုး၊ သနပ်ခါးရေကျဲပွတ်လိမ်း၊ အဝတ်အစား အမြန်ဝတ်၍ အောက်ဆင်းလာခဲ့သည်။

သနပ်ခါးနံ့သင်းသင်းလေးရသဖြင့် ထမင်းစားခန်း ထဲမှာ ဘီယာသောက်နေသော ယောက်ျားနှစ်ယောက်စလုံး က လှည့်ကြည့်လိုက်၏။

ဆံပင်ရှည်များကို ကျားပါးစပ်ကလစ်ကြီးနှင့် အပေါ်မြှောက်၍ ညှပ်ထားပြီး၊ ကာတွန်းရုပ်လေးများပါသော အကျီနှင့်ဘောင်းဘီဝက ပွပွလေးဝတ်ထား ကလေးငယ် လေးသဖွယ် ချစ်စရာကောင်းနေသော ရှင်ပိုးအိအား ကြည့် ရင်း မျက်နှာမလွှဲနိုင်ကြ။





ရှင်ပိုးအိ၏ သွက်လက်စွာ လှုပ်ရှားပုံကို အငေး သား ကြည့်နေမိကြလေသည်။

"ခေါက်ဆွဲကြော်နဲ့ ထမင်းရောစားမလား။ ဘဲကင် လည်း ပါတယ်၊ ဘီယာနဲ့မြည်း"

ရှင်ပိုးအိက ခေါက်ဆွဲကြော်နှင့် ဘဲကင်ကို ပန်းကန် ထဲသို့ ထည့်ပေးပြီး မိမိကိုယ်တိုင်လည်း ပန်းကန်ထဲမှာ ထမင်း အနည်းငယ်ထည့်၊ ဘဲကင်နှင့် မြိန်ရှက်စွာ စားနေ လေသည်။

"ညီမှအိတာလည်း ဟင်းတွေ ချက်ပေးထားတယ်"

"မစားနိုင်တော့ဘူး။ မနက်ကျမှ ဟင်းတွေ ပြန်နွေး ပြီး ထမင်းကြော်နဲ့စားမယ်"

ထမင်းစားပြီး ရှင်ပိုးအိ ပန်းကန်ခွက်ယောက်တွေ ဆေးကြောသိမ်းဆည်းတော့ ထုံးစံအတိုင်း မင်းကိုကြီး အနား မှာ စောင့်ပေးသည်။

"ဒီနေ့ ကားစီးရတာလည်း တော်တော်ပင်ပန်းသွား တယ်။ ရေတံခွန်လည်း ရောက်တယ်။ ဘုံကျောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်တယ်။ ဘုံကျောင်းက မက်မန်းသီးပေါင်းတောင် ဝယ်လာသေးတယ်"

ပန်းတာနှစ်ဆေးနေရင်းက ရှင်ပိုးအိ ပြောသည်။

"တော်တော်ပျော်လာခဲ့တယ်ပေါ့လေ"

"ပျော်တယ်လည်း မဟုတ်ဘူး။ ဟိုသွား ဒီသွားဆိုတော့ အပျင်းပြေတာပေါ့။ အစ်ကိုပါရင် ပိုပျော်မှာပေါ့"

"ဟုတ်ရဲ့လား။ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်လို့မဟုတ်လား"

"အစ်ကိုနော် သူများကို"

ပန်းတာနှစ်ဆေးသည့် ရေနှင့် လှမ်းပက်လိုက်သည်။

မင်းကိုကြီးက ရေစက်များ ရှောင်တိမ်း၍ ပြုံးစစလုပ်နေသည်။

ခြံထဲက အလုပ်သမားနှစ်ယောက်လာသဖြင့် ဦးနေဒွန်းအောင် စကားပြောနေသည်။

ရှင်ပိုးအိက ရေနွေးကြမ်းလုပ်၍ အိမ်ရှေ့မှာ သွားချပေးရန် မင်းကိုကြီးအား နိုင်းလိုက်၏။



"ထင်ကျော်သေတာနဲ့ တို့ခြံထဲက လူတွေ ဘာမှ မဆိုင်ပါဘူး"

ဦးအိုက်စံက ပြောသည်။

"အဲဒါပေါ့။ ကျွန်တော်တို့ကို လာမေးလို့ စိတ်တိုတာပေါ့။ သူ့အလောင်းကို တောထဲမှာ သစ်ပင်ပိသေတာကို တွေ့တဲ့လူတွေက ပြောတာကို"

စိုင်းကျော်ကျော်က ပြောသည်။

"လာမေးတဲ့လူတွေက ဘယ်သူလဲ သိလား"

"ရဲကလားတော့မသိဘူး"

"ထင်ကျော့်အပေါင်းအသင်း လူမိုက်တွေလား"

"အဲဒါတော့ မသိဘူး"

"ထင်ကျော် သူ့ဘာသာ သစ်ပင်ပိသေတာပဲဟာ"

"ကျွန်တော်တို့ခြံကို လာသေးလား။ တစ်ခါက ဆရာ ဖြူထဲက နှင်ထုတ်ဖူးတာကို ဘာကြောင့်နှင်ထုတ်တာ လဲလို့ မေးနေတာ"

"အဓိပ္ပာယ်မရှိတာကွာ"

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကြမ်းသွားချပေးရင်း မင်းကိုကြီး ကြားခဲ့တာ ဖြစ်သည်၊

မင်းကိုကြီး အိမ်ထဲပြန်ဝင်လာခဲ့၏။

"ဟော့ . . . သတင်းတစ်ခုတော့ ကြားခဲ့တယ်၊ မိုးနှင်းဆီနဲ့ထွက်သွားတဲ့ ထင်ကျော်ဆိုတဲ့လူ သစ်ပင်ပိသေတယ်တဲ့"

"ဟုတ်လား . . . အဲဒီလူနာမည်က ထင်ကျော်နော်၊ မနက်ကလည်း အင်္ဂျီချုပ်တဲ့အဒေါ်ကြီးက လာပြောနေသေးတယ်။ ကျွန်မကို မိုးနှင်းဆီထင်လို့လေ"

"ဒါဆို မိုးနှင်းဆီက ဘယ်ရောက်နေလဲ"

"ရှူး . . . တိုးတိုး ညှိုသည်တွေပြန်သွားပြီ"

ရှင်မိုးအိ အပေါ်ထပ်မှာ အခွေဖွင့်ပြီးကြည့်နေသည်။

မင်းကိုကြီးလည်း အနီးမှာထိုင်၍ ကြည့်နေ၏။

ဦးနေဒွန်းအောင်ကတော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်းက တစ်စုံတစ်ခုကို တွေး၍ ဂနာမငြိမ်ဖြစ်နေသည်။



## ၁၅။ အချစ်ဆိုသည်မှာ

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"မိမိုး . . . မထသေးဘူးလား"

တံခါးခေါက်သံနှင့်အတူ မိမိုးဟုခေါ်သံကြောင့် အိပ်ရာထဲက ထလာခဲ့၏။

"မိမိုး"

အသံကတော့ မင်းကိုကြီး၏အသံပင်၊

ရှင်မိုးအိအား "မိုးနှင်းဆီ" သို့မဟုတ် "မိမိုး" ဟုပင်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြလေသည်။

ထံခါးဖွင့်လိုက်၏။

"စောစောစီးစီးပါလား အစ်ကိုရဲ့"

"ဟုတ်တယ်လေ။ ဖျင်းလို့ နောက်ဘက်က မြင်းဇောင်းထဲမှာ မြင်းတွေရောက်နေတယ်။ အဲဒါ မြင်းစီးကြည့်မလားလို့၊ လိုက်မလား"

"မြင်းစီးတတ်လို့လား"

"အင်း . . . ခုမှ အိပ်ရာထတာလား"

"ခဏနော်။ ဆင်းလာခဲ့မယ်"

သွားတိုက်၊ မျက်နှာသစ်ပြီး တီရှပ်နှင့် ဂျင်းဘောင်းဘီ ဝတ်လိုက်၏၊

"မြင်းတာ ဘယ်ကရောက်လာတာလဲ"

"အစကတည်းကရှိတာ။ ရှေ့က မြုံထဲမှာ ရှိတာ။ အဖျင်းပြေစီးကြည့်ချင်တယ်လို့ ပြောလိုက်တော့ အစ်ကိုကြီးက ပို့ပေးတာ"

"ဒါဆို စီးမယ်။ ကော်ဖီနဲ့မုန့်စားရအောင်"

ဝ—— ဤပြဿနာ ——ဝ





မညိုအိကာ ကော်ဖီအဆင်သင့် ဖျော်ပေးထားသည်။

ပေါင်မုန့်ထောပတ်သုတ်လုပ်ပေးထား၏။

"အစ်ကိုကြီးရော"

"စောစောစီးစီး အလုပ်ကိစ္စနဲ့သွားပြီ"

စားသောက်ပြီး အိမ်၏လက်ဝဲဘက်နောက်ဘက် ထောင့်ရှိ မြင်းဇောင်းသို့ သွားကြသည်။

မြင်းနှစ်ကောင်ရှိသည်။

တစ်ကောင်က အဖြူရောင်၊ တစ်ကောင်က အုန်းခွံ ရောင်။

"ကိုယ်က အရင်က မြင်းစီးအသင်းဝင်လေ။ အဲဒါကြောင့် မြင်းစီးတတ်တာ၊ ဒီမြင်းတွေက အစ်ကိုကြီးရဲ့နွားခြံတွေမှာ သုံးတယ်တဲ့၊ အသင့်စီးဖို့ လုပ်ပေးထားတယ်။ လာ မြင်းဖြူပေါ်တက်မယ်၊ ဒီကောင့်နာမည်က လမင်းဖြူတဲ့"

မင်းကိုကြီးက မြင်းဖြူကြီးပေါ်သို့ ရှင်ပိုးအိအား တင်ပေးသည်။

ပြီးမှ၊ သူပါ တက်လိုက်၏။

ဝ—— ဤပြဿနာ ——ဝ

www.burmeseclassic.com

www.burmeseclassic.com

"သေချာကိုင်ထား . . . မောင်းမယ်နော်။ ဟဲ . . . လမင်းဖြူကြီးရေ . . . ပြေးပေတော့"

"အိုး . . . အမေ့ . . . ဖြည်းဖြည်းနော် အစ်ကို"

ခုန်းဆိုင်းပြေးထွက်သွားသော လမင်းဖြူကြီးကြောင့် ရှင်ပိုးအိ လန့်အော်ပြီး စန္ဒာကိုယ်တ နောက်လန့်ကာ မင်းကိုကြီး၏ ရင်ခွင်ထဲကျသွား၏။

"မကြောက်ပါနဲ့။ စီးလို့သိပ်ကောင်းတာ"

တောလမ်းတစ်လျှောက် မြင်းကို ခုန်းဆိုင်းနှင်၍ စီးလာခဲ့ကြသည်၊

ရှင်ပိုးအိက မင်းကိုကြီး၏ ရင်ခွင်ထဲမှာ မှီထိုင်ရင်း ကြောက်လန့်ရင်ခုန်ရင်းက ပျော်ရွှင်သာယာလာမိ၏။

"ဒါ ဘယ်ကိုသွားတာလဲဟင်။ လမ်းသိရဲ့လား"

"သိပါတယ်။ ဒီလမ်းကို အစ်ကိုကြီးနဲ့တစ်ခေါက် ရောက်ခဲ့ပြီးပြီ။ ဒီလမ်းတစ်လျှောက် ရာဘာခြံနဲ့ ကော်ဖီခြံ ရည်းရှိတာ။ အဲဒါ ပိုးနှင်းဆီပိုင်တဲ့ခြံ"

"ဟုတ်လား"

o——[illegible]——o



"စမ်းချောင်းလေးရှိတဲ့နေရာ ခေါ်သွားမယ်"

အေးစိမ့်သော ရာသီမှ စိမ်းလန်းသော သစ်ပင်များနှင့် လွမ်းချင်စရာလေးဖြစ်နေ၏။

မကြာမီပင် စမ်းချောင်းကလေးသို့ ရောက်သွား၏။

"လှတယ်နော် အစ်ကို"

မြင်းပေါ်မှ ပွေ့ချီ၍ ချပေးလိုက်သည်နှင့် ရှင်ပိုးအိ စမ်းချောင်းလေးဆီ ပြေးတော့၏။

သစ်မြစ်ဆုံကြီးမှာ ထိုင်ပြီး ခြေထောက် ရေထဲနှစ်၍ ဆော့နေလေသည်။

လမင်းဖြူ မြင်းကြီးအား သစ်ပင်တစ်ပင်အောက်မှာ နေရာချထားခဲ့ပြီး ကလေးဆန်သောအမူအရာလေးနှင့် ပျော်ရွှင်ဖွယ် ချစ်စရာကောင်းနေသော ရှင်ပိုးအိကို [illegible] တ ငေးကြည့်နေမိ၏။

လမင်းဖြူက ရေဆင်းသောက်[illegible]။

ချောင်းရေက တဟဲဟဲမြည်၍ [illegible]။

"ရေစီးသန်တယ်နော်။ [illegible]

o——[illegible]——o

www.burmeseclassic.com

www.burmeseclassic.com

ပါဦးမယ်"

"ရတယ် . . . ဒီကောင့်ဇက်ကြိုးကို သစ်ကိုင်းမှာ ချည်ထားတယ်"

ရှင်ပိုးအိအနားတွင် မင်းကိုကြီး လာထိုင်သည်။

ရှင်ပိုးအိက ကျီစယ်သလို ရေနှင့်ပက်လိုက်၏။

မင်းကိုကြီး ရယ်နေရင်းက ရှင်ပိုးအိ၏ လက်နှစ်ဖက်ကို ဖမ်းဆုပ်ကိုင်ထားလိုက်ရာ ရှင်ပိုးအိ၏ခန္ဓာကိုယ်လေး မင်းကိုကြီး၏ ရင်ခွင်ထဲ ယိမ်းနွဲ့ကျလာခဲ့သည်။

မင်းကိုကြီးက အလိုက်သင့် ရှင်ပိုးအိ၏ခန္ဓာကိုယ်အား ပွေ့ပိုက်၍ ရှင်ပိုးအိပါးပြင်ကို နမ်းရှိုက်လိုက်သည်။

"အို"

အံ့အားသင့်စွာ တိုးတိုးညင်သာအော်လိုက်မိသော်လည်း ရုန်းဖယ်ငြင်းဆန်ခြင်း မပြုနိုင်ပါ။

ပါးပြင်နှစ်ဖက်ကို အားရစွာ မွှေးကြူပြီးမှ မင်းကိုကြီးသည် မျက်လွှာများချ၍ ငြိမ်သက်နေသော ရှင်ပိုးအိ၏ မျက်နှာကို သေချာစူးစိုက်ကြည့်ရင်း ပြောလိုက်၏။

---



"ချစ်တယ် . . . သိပ်ချစ်တာပဲ ရှင်ပိုးအိရယ်"

သည်စကားသံလေးက ရှင်ပိုးအိ အပျိုမလေး၏ နားထဲမှာ ချိုပါဘိ။

မျက်လွှာပင့်၍ မင်းကိုကြီး၏မျက်လုံးများကို ကြည့်မိသည်။

မျက်နှာနှစ်ခု နီးကပ်လျက်ရှိပြီး တစ်ယောက်၏ အသက်ရှူသံကို တစ်ယောက် ကြားနေရသည်။

မင်းကိုကြီး၏ မျက်လုံးများကို ကြာကြာမကြည့်ရဲ။

အို . . . ဆွဲဆောင်မှုအပြည့်နှင့် ညှို့အားသန်သော ဒီမျက်လုံးတွေကြောင့် အပျိုမလေး ရှင်ပိုးအိ၏ ရင်တွေ ဘွက်ဘွက်ခါလှုပ်သိမ်းနေသည် ထင်ရအောင်ပင် ခံစားလာရသည်။

"ရှင်ပိုးအိ . . . ချစ်လား။ ကိုယ့်ကို ချစ်လား"

သည်မျက်လုံးတွေကို ကြည့်ရင် သိပါတော့လား ရှင်ရယ်။

ကျွန်မ ရှင်ပိုးအိ ဘယ်ယောက်ျားကိုမှ မချစ်ခဲ့ဖူးသေးပါဘူး။

---

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရဲ့ရင်ခွင်ထဲမှာ ရှုန်းမထွက်ချင်ဘဲ အကြင်နာပေးသမျှ တော့ကျော့နပ်နပ် ခံယူနေရင်း သာယာမိတာက အချစ်လို့ ထင်ပါရဲ့ . . . နော်။

"ဟီ . . . ဟီ . . . ဟီ"

ရုတ်တရက် မြင်းက အော်လိုက်သဖြင့် နှစ်ယောက်သား လူချင်းခွာမိကြသည်။

"ဘာဖြစ်တာလဲ"

"အေး . . . လေ တစ်ခုခုကိုတွေ့လို့ အော်လိုက်တာပဲ"

ခင်းကိုကြီး မြင်းအနီးသို့ ထသွား၏။

"ဘာဖြစ်တာလဲ . . . လမင်းဖြူ"

မြင်းဇက်အား သပ်ပေးပြီး ရေကာန်စပ်မှ ဆွဲခေါ်၍ မြက်ခင်းထဲမှာ လွှတ်ထားလိုက်၏။

မြင်းသည် အနီးမှ မြက်များကို စားနေလေသည်။ ခင်းကိုကြီးက ရှင်ပိုးအိ၏ အနီးမှာ ပြန်ထိုင်သည်။

"အရေးထဲမှ ဒီမြင်းက ဘာဖြစ်တာလဲ မသိဘူး"





"ခံစ် . . . ခစ်"

ရှင်ပိုးအိ ရယ်သည်။

"ဘာရယ်တာလဲ ကောင်မလေး။ အဖြေပေးရဦးမယ်နော်"

"ဖြည်းဖြည်းပေါ့"

"ဘာဖြည်းဖြည်းပေါ့လဲ။ အခုပဲ သိချင်တာ"

"ဟာ . . . ချက်ချင်းကြီး ဘယ်သိမလဲ။ မဖြေတတ်ပါဘူး။ စဉ်းစားဦးမှာပေါ့"

"စဉ်းစား . . . စဉ်းစား . . . တစ်ညအိပ်စဉ်းစား။ တကယ်တော့ အချစ်ဟာ စဉ်းစားစရာ မလိုဘူး။ ဟောဒီ ရင်ဘတ်ထဲက ဖြစ်ပေါ်နေတာ"

"ကျွန်မတော့ မခံစားတတ်ဘူး"

"လာခဲ့ . . . သင်ပေးမယ်"

"အစ်ကို . . . နော် တော်တော့ . . . တော်တော့"

ဖြူနီးခနဲ ဘွဲလက်မောင်းနှစ်ဖက်အား ဆုပ်ကိုင်၍ ဘူနှင့်ရင်ဘတ်ချင်း အပ်လိုက်သဖြင့် ရှင်ပိုးအိ ရှန်းကန်သလို



www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်မိခြင်းဖြစ်သည်။

"အစ်ကိုနော် ... အရမ်းမလုပ်ပါနဲ့၊ မရှက်ဘူးလား၊ ဟိုမှာကြည့်နေတယ်"

"ဘယ်သူလဲ"

"လမင်းဖြူ"

"ခွေး ... မ ... လေး"

ရှင်ပိုးအိ အနီးမှ ထွက်ပြေးသွားကာ အဝေးရောက်မှ ပြန်လှည့်ကြည့်ကာ လက်ညှိုးလေးတွေးရှည်ဆန့်ချည်ဖြင့် ကရို ကရို့ လုပ်ပြနေသည်။

တလေးဝေနံ့လွှန်းသော ဗိန်းကလေးပါလား။

"လာခဲ့ ... ဒီနားကို စကားအကောင်းပြောမလို့"

"အင်း ... ပြော"

ရှင်ပိုးအိ အနားသို့ လာ၍ ထိုင်သည်။

"မနေ့က ခြံထဲကအလုပ်သမားတွေ ဘာလာပြောလဲ သိလား"

"ဟင့်အင်း"

ရှုလေသော



"မိုးနှင်းဆီနဲ့ ထွက်ပြေးသွားတဲ့ ထင်ကျော်ဆိုတဲ့လူ သစ်ပင်ပိသေတယ်လို့ ရွာထဲမှာ ပြောနေတယ် မဟုတ်လား။ အဲဒါ မိုးနှင်းဆီခြံထဲကို ရဲကလူတွေ လာစုံစမ်းနေတယ်တဲ့"

"ဘာဖြစ်လို့လဲ ... ဟင်"

"သစ်ပင်ပိသေတာ မှန်ရင် စုံစမ်းစရာလိုလား"

"ဒါပေါ့နော်"

"မိုးနှင်းဆီက ဘယ်ရောက်သွားလဲ မသိဘူး။ မိုးနှင်းဆီ ထွက်သွားတာ ဟုတ်ရဲ့လား။ သံသယဝင်စရာပဲ"

ရှင်ပိုးအိက သိပ်ပြီး မစဉ်းစားတတ်။

မင်းကိုကြီး ပြောတာကိုပဲ မျက်တောင်လေး တဖျပ်ဖျပ်ခတ်၍ နားထောင်နေလေသည်။

"ကိုယ်တော့ မိုးနှင်းဆီလည်း မရှိတော့ဘူး ထင်တယ်"

"ဟုတ်မှာပေါ့။ မရှိတော့ဘူးဆိုတာ ဘာကိုပြောတာလဲ၊ သေသွားတာကို ပြောတာလား ဟင်"

"ဟုတ်တယ်။ အဲဒါ ကိုယ်လိုက်စုံစမ်းနေတာ။ သူ

ရှုလေသော

www.burmeseclassic.com

www.burmeseclassic.com



က ပထမတော့ မိုးနှင်းဆီဒေသတယ်ပြောပြီး အခု လင်နောက် လိုက်သွားတယ်ပြောတာ မသင်္ကာဘူး။ ဇာသရင်လည်း သေပြီလို့ ပြောပေါ့။ အများသိအောင် မကြေညာရဲတာ ဘာကြောင့်လဲ။ ကိုယ် ရွာထဲမှာ စုံစမ်းနေတာ။ မိုးနှင်းဆီက မာနတော့ကြီးတယ်။ သူ့မိဘတွေလက်ထက်ကတည်းက အပြင်တွေ ဘာတွေ သိပ်မသွားရဘူး။ ကျောင်းနဲ့အိမ်ပဲ အချိန်ကုန်တယ်။ ဦးနေဒွန်းအောင်နဲ့ရတော့ ပိုဆိုးတယ်။ အရွယ်ရှင်းတာ သိပ်ကွာပြီး မိုးနှင်းဆီက လှလည်းလှတော့ သူ ဘယ်သွားသွား စိတ်မချဖြစ်နေတာ။ မိုးနှင်းဆီနဲ့ ထင်ကျော်က ကျောင်းနေဖက်သူငယ်ချင်း။ ထင်ကျော်နဲ့ မိုးနှင်းဆီ ပတ်သက်တယ်ဆိုပြီး ခဏ ခဏ ရန်လုပ်နေတာတဲ့"

"ကျွန်မကတော့ မိုးနှင်းဆီနဲ့ ခဏ ခဏ တွေ့တယ်"

"ဘာ . . . ရယ်"

"အိပ်မက်ထဲမှာ တွေ့တယ်။ ကျွန်မနဲ့ သိပ်တူတဲ့ အစ်မတစ်ယောက်လေ။ ကျွန်မဆီ ခဏ ခဏ လာတယ်။ ကျွန်မမှာ သေပြီးသွားတဲ့လူတွေကို အိပ်မက်ထဲမှာ တွေ့





တတ်တဲ့ အိပ်မက်မျိုး မက်တတ်တယ်။ မိုးနှင်းဆီ သေသွားပြီလို့ ထင်တာပဲ"

"ဒါပေါ့ . . . ဘယ်လိုသေတယ်ဆိုတာ မသိတာ။ ဦးနေဒွန်းအောင်ဟာ ပုံမှန်တော့ မဟုတ်ဘူး။ တစ်ခုခုကို မကောင်းကြံထားတာတော့ အမှန်ပဲ။ တို့နှစ်ယောက်ကို လည်း သက်သက် သူ့အတ္တအကျိုးအတွက် တန်ဆာခံထားတာ"

ရှင်ပိုးအိက မင်းကိုကြီးအား ငေးကြည့်ရင်း တစ်စုံတစ်ခုကို တွေးမိနေသည်။

မနေ့က ဦးနေဒွန်းအောင် သူ့မအား ချစ်ခွင့်ပန်သည့်အကြောင်း ပြောရကောင်းနိုး မပြောရကောင်းနိုး ဝေခွဲမရဖြစ်နေပါသည်။

"ကိုယ်တော့ သူ့ အသုံးချတာ မခံချင်ဘူး"

"ဒါဆို ထွက်ပြေးကြမလား"

"ဟာ . . . ဒီလို လက်လွတ်ပြေးလို့ရမလား။ ဒီလူကြီးက သိပ်လည်တယ်။ ကြည့်လေ သူ့ အကွက်စေ့စေ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ထားတာ၊ မိုးနှင်းဆီနဲ့ပတ်သက်ပြီး ရမယ့်ပိုက်ဆံတွေ ရအောင် လုပ်ထားတာ၊ သူ့ကို ကိုယ်တို့ယုံရဦးမလား"

"ကျွန်မတို့ ထွက်ပြေးလို့ မရဘူးလား"

"ဒီအတိုင်း လက်ချည်းတော့ ထွက်မပြေးနိုင်ပါဘူး။ သူလိုချင်တာ ရပြီးရင် ဒီအတိုင်း ကိုယ်တို့ကို ပြန်လွှတ်ပါ့မလား"

"ဟုတ်တယ် . . . နော်"

"အရေးကြီးတာ မင်းနဲ့ကိုယ် စိတ်ဝမ်းမကွဲဖို့ပဲ။ ပိုက်ဆံတွေရပြီးရင် သူ့ကို တို့နောက်မလိုက်နိုင်အောင် လုပ်ပြီး ထွက်သွားဖို့ပဲ"

"ဘယ်ကိုထွက်သွားရမှာလဲ၊ ဒါ ရာဇဝတ်မှုပဲ။ ရာဇဝတ်ဘေး ပြေးမလွတ်ဘူး"

"မင်း နိုင်ငံခြားသွား အလုပ်လုပ်ချင်တယ်ဆို၊ တို့ အဲဒီတစ်နေရာကို ထွက်ပြေးမယ်"

ဖြစ်နိုင်ပါ့မလား။ လွတ်နိုင်ပါ့မလားလို့ ရှင်ပိုးအိ တွေးပြီး တစ်စုံတစ်ခုကို ကြောက်လာသည်၊

ဝ———ရွှေသော———ဝ



"ပေါ့ . . . ဘာတွေတွေးနေတာလဲ။ ဘာမှ မကြောက်နဲ့။ မင်းနဲ့ရှေ့မှာ မင်းကိုကြီး ရှိတယ်။ ကိုယ့်ကို ယုံတယ် မဟုတ်လား"

ရှင်ပိုးအိ၏ မေးချွန်ချွန်ကလေးကို ဆွဲ၍ မျက်နှာ သူ့ဘက်လှည့်စေပြီး မင်းကိုကြီး၏ နှုတ်ခမ်းများက ရှင်ပိုးအိ နှုတ်ခမ်းများကို ထိတွေ့လိုက်သည်။

✧ ✧ ✧

ဝ———ရွှေသော———ဝ

www.burmeseclassic.com

www.burmeseclassic.com



## ၁၆။ တွေးရခက်ပြီး

"ဒီနေ့ ဘဏ်က ငွေအကုန်ထုတ်လိုက်မယ်၊ မန္တလေးမှာ တစ်ညအိပ်မယ်။ အိမ်အတွက် ငွေလည်း အကြွေပေးဖို့ ပြောထားတာ၊ အဆင်ပြေဖို့များတယ်"

နောက်တစ်ပတ်အတွက် ဘဏ်မှ ငွေထုတ်ရန်အတွက် ရှင်ပိုးအိတို့ မန္တလေးသွားရမည်၊

မိတ်ကပ်ရောင် အထက်အောက်ဆင်တူဝတ်စုံလေးနှင့် ရှင်ပိုးအိ အရမ်းလှနေလေသည်၊

ရှုမော

မျက်နှာကို မိတ်ကပ်ပါးပါးလေးတင်၍ မျက်ခွံပေါ်မှာ အရောင်လက်လက်တလေးများ ပါသည်။ အညိုရောင်မျက်ခုံ့ခိုးဆေးလိမ်းထားသည်။

နှုတ်ခမ်းကိုလည်း အညိုရောင်ဖျော့ဖျော့လေး ဆိုးထား၏။

နားမှာ မဟူရာနားဆွဲ၊ လည်ပင်းက ရွှေကြိုးပါးပါးလေးမှာ မဟူရာနှင့် စိန်ဖန်စီလော့ကတ်သီးနှင့် ရှင်ပိုးအိပုံစံက ကိုးရိုးယားမင်းသမီးလေးနှင့် တူနေသည်။

ပိုက်ဆံအိတ်အကြီးကြီးကိုင်ချင်သည်ဆို၍ ဦးနေခွန်းအောင်ကိုယ်တိုင် မန္တလေးမှ ဝယ်ပေးခဲ့ရသည်။

"မန္တလေးမှာ တစ်ညအိပ်မယ်ဆိုတော့ ညကျရင် ဆံပင်အလှပြင်ဖို့ အချိန်ရတာပေါ့နော်။ ဆံပင်ပြောင့်ချင်လို့"

ဦးနေခွန်းအောင်နှင့် မင်းကိုကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်၏။

"ဒီမိန်းကလေးတော့ လှပါတယ်ဆိုမှ ပိုပြီးအလှပြင်ချင်နေပြီ။ သူ့ကိုယ်သူ ရုပ်ရှင်မင်းသမီးလုပ်မယ်မှတ်နေလား

ရှုမော

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး"

"ပြင်ချင်သလောက်ပြင်စေဗျာ။ လှမယ်ဆိုရင် ပြီးရော။ ကျွန်တော်တို့ကလည်း မိန်းမလှလေးတွေ ကြည့်ရရင် မျက်စိအေးတယ် မဟုတ်လား"

မင်းကိုကြီးက ပြောလိုက်၏။

မန္တလေးဘက်မှာရှိသော ငွေများ အကုန်ထုတ်လို့ရ၏။

တည်းခိုသော ဟိုတယ်၏ အောက်ထပ်ဖင် ဆံပင်အလှပြင်ဆိုင်ရှိရာ ရှင်ပိုးအိ ညနေတွင် ဆံပင်သွားပြောင်သည်။

ဆံပင်ပြောင်၊ မျက်ခုံးသွင်းနှင့် နှစ်နာရီလောက်ကြာမည်ဖြစ်၍ အလှပြင်ဆိုင်တွင် ရှင်ပိုးအိအားထားပြီး ဦးဒန့်ဒွန်းအောင်တို့က လျှောက်လည်ကြသည်။

ဆံပင်ပြင်ပြီး ဆိုင်မှထွက်မည်အလုပ် တစ်စုံတစ်ယောက်သည် သူမအား ကြည့်နေသည်လို့ ထင်မိ၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

o——[illegible]——o



"ဘုရား . . . ဘုရား"

တီရှပ်အဝါ၊ ဂျင်းဘောင်းဘီအပြာဝတ်ထားသော အမျိုးသမီးကြီးတစ်ယောက်။

အို . . . သည်မျက်နှာကို လုံးဝမေ့နိုင်မည်မဟုတ်။

သူမ ပြောင်းထဲတွန်းချပစ်ခဲ့သည့် ဒေါ်အားလီဟု သိခဲ့ရသည့် အမျိုးသမီးကြီး။

မျက်သွားသော မျက်နှာကို ရုတ်တရက် မသိကျိုး ကျွံအမူအရာသို့ ပြောင်းပြီး ဆိုင်ထဲက ထွက်ခဲ့သည်။

ဒေါ်အားလီကလည်း မှတ်မိသွား၍ထင်သည်။ ရှင်ပိုးအိ၏ နောက်မှ လိုက်လာသည်။

ဒီမိန်းမကြီး မသေပါလား။

အဲဒီလို သေမပေးတာဘဲ ကျေးဇူးတင်[illegible]

သေပြီအောက်မေ့၍ ကြောက်ပြီး [illegible]

မဟုတ်လား။

သူမ ဒေါ်အားလီအား [illegible]

ဟိုတယ်ထဲသို့ [illegible]

o——[illegible]

www.burmeseclassic.com

www.burmeseclassic.com

လိုက်လာပြီး ခြေရာခံမိမှာစိုး၍ ဟိုတယ်ကို ကျော်ကာ ဈေးဆိုင်များရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

ဇန်စီပစ္စည်းများ ရောင်းသည့်ဆိုင်သို့ ဝင်ပြီး အတွင်းမှန်ထဲမှ ကြည့်လိုက်ရာ ဒေါ်အားလီ ဆိုင်ရှေ့မှာ ရပ်နေတာ တွေ့ရသဖြင့် မသိချင်ယောင် ဂရုမထားဟန်ဆောင်၍ တစ်ဖက်အပေါက်မှ ထွက်လာခဲ့၏။

ဒေါ်အားလီက မျက်ခြည်မပြတ် နောက်ပါလာပြန်သည်။

ဒုက္ခပဲ . . .

သူ ဘာများပြောမလဲ။

ဘာလုပ်မလို့လဲ။

တွေးရင်းတွေးရင်း ဒူးတွေပင် တုန်လာ၍ လမ်းပင်ဆက်မလျှောက်နိုင်အောင် အားတွေ တုန်နေသည်။

ဒီမိန်းမကြီးလိုက်မလာနိုင်အောင် အတင်းထွက်ပြေးရ ကောင်းမလား။

တွေးရင်းမှ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းသည်။

——ရှေ့သို့——



ဒေါ်အားလီကလည်း ထပ်ချက်လိုက်လာနေပြီ။

"ဟော့ . . . ဘာအရေးကြီးနေတာလဲ။ ခလုတ်တိုက်လဲတော့မယ်"

တိုက်ခန်းထောင့်ကွေ့ချိုးမှ ဦးနေဒွန်းအောင် ပေါ်လာသဖြင့် ဝမ်းသာအားရ ဦးနေဒွန်းအောင်၏ လက်မောင်းကို ပြေးဖက်တွဲခိုလိုက်သည်။

"အစ်ကိုကြီး တော်ပါသေးရဲ့။ ကျွန်မနောက်ကို ကောင်လေးတစ်ယောက် လိုက်နေလို့"

ညာပြောလိုက်၏။

ရှင်ပိုးအီ၏ မှုန့်ခြံ့အမူအရာကြောင့် ဦးနေဒွန်းအောင် သဘောတွေ့သွားသည်။

"ကောင်လေးလိုက်တာများကွာ လိုက်လည်း လိုက်ချင်စရာ။ လှကာ ဖြင်ထားလိုက်မှ ပိုလန်းလာတယ်။ ဆံပင်အတွက် တစ်သောင်းခွဲပေးရတာ မဟုတ်လား။ တန်ပါတယ်ကွာ"

ဦးနေဒွန်းအောင်နှင့် လက်မောင်းချင်းချိတ်၍ ဆက်

——ရှေ့သို့——

www.burmeseclassic.com

www.burmeseclassic.com



လက်လျှောက်သွားရာ ဒေါ်လားလီဆိုသော တရုတ်မကြီး ရေ့ဆက်လိုက်ရ အခက်၊ နောက်ပြန်လှည့်ရအခက်ဖြင့် အိုးတိုးအန်းတန်းဖြစ်ကျန်ရစ်ခဲ့တော့သည်။

ဒါပေမဲ့ ကျေနပ်ပုံတော့မရ။

သူ့မျက်လုံးအစုံက ရူးစမ်းစွာဖြင့် ရှင်ပိုးအိတို့ သွားရာကို လိုက်ကြည့်နေလေသည်။

"ဘာလိုချင်သေးလဲ မိဖိုး"

"ရေမွှေးတစ်ပုလင်းလောက် ဝယ်ပေးပါလား"

"ဟုတ်ပြီ . . . လာ . . . ဘာရေမွှေးယူမလဲ"

ရေမွှေးကြည့်နေစဉ် ဒေါ်အားလီတစ်ယောက် ဆိုင်ထဲ ရောက်လာပြီး ရှင်ပိုးအိတို့အား ကြည့်နေသေးတာ တွေ့ရ၏။

"ရေမွှေးကလည်း ဈေးကြီးလိုက်တာ။ သောင်းနှစ်ထောင်တဲ့"

"အဲဒါကြိုက်ရင် ယူလိုက်လေ"

ရွှေရောင်အဖုံးနှင့် ချာလီရေမွှေးကို ရှင်ပိုးအိ ယူ



လိုက်သည်။

ဂေဟာမှာနေခဲ့သူလေးဆိုတော့ ဒီလိုရေမွှေးမျိုးတွေ ရှင်ပိုးအိ သုံးဖူးခဲ့တာမဟုတ်။

အခုမှ အခွင့်ထူးတွေရရှိခံစားနေတာဖြစ်သည်။

"မနက်ဖြန် အိမ်အတွက် ပိုက်ဆံရဦးမယ်။ ပြီးရင် နောက်တစ်နေ့ စာချုပ်စာတန်းရုံးမှာ ကိုယ်စားလှယ်လွှဲစာ လုပ်ဖို့ လက်မှတ်ထိုးပြီးရင် ပြန်ကြရမယ်။ လိုအပ်ရင် မနက်ဖြန် တစ်ရက် မန္တလေးမှာထပ်နေတာပေါ့"

"ကောင်းတယ် . . . ဒီဟိုတယ်က နေလို့လည်း ကောင်းတယ်။ မနက်ဖြန်မနက်ကျရင် စိန်ပန်းရပ်က မုန့်တီ ဆိုတာ ဝယ်ကျွေးနော် . . . အစ်ကိုကြီး"

လင်းလျှောက်ပြီးတော့ပင် ဟိုတယ်သို့ပြန်ခဲ့သည်။

✧ ✧ ✧

ဦးနေဒွန်းအောင်၏ လက်မောင်းကို ချိတ်၍ ဟိုတယ်ထဲသို့ပင်လာသော ရှင်ပိုးအိအား တွေ့သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကြီး စိတ်ထဲမှာ ဒေါသတွေ ဖြစ်တည်လာ၏။

ဟန်ဆောင်ရင်းက ရှင်ပိုးအိတစ်ယောက် မိုးနှင်းဆီ အဖြစ် စိတ်ပါသွားပြီလား။

"ဟော . . . အစ်ကိုက အရင်ပြန်ရောက်နေတာ လား"

"အင်း . . . ဗိုက်ဆာနေပြီ၊ အတူတူ ထမင်းစားရ အောင် စောင့်နေတာ"

"ဆံပင်ညှပ်လာတာ ကောင်းလားဟင် အစ်ကို"

"အေး . . . ကောင်းပါတယ်၊ လှလည်း ပိုလှလာ တယ်။ ရေချိုးဦးမှာလား။ ထမင်းစားကြရအောင်လေ"

"ဒီမှာပဲ စားကြတာပေါ့"

ဦးနေဒွန်းအောင်က ပြောလိုက်သည်။

ဟိုတယ်မှာ ညစာမှာစားကြသည်။

ရှင်ပိုးအိ စားချင်တာမှာရန် ပြောရာ ရှင်ပိုးအိက မမှာတတ်ဘူးဆို၍ ဦးနေဒွန်းအောင်ကပင် မှာလိုက်သည်။

ကြက်ကြော်နှင့် ဝက်နံရိုးကြာမဆိုင်ဟင်းချို၊ ပြောင်း





ဖူးကကာန်းကြော်၊ ပုစွန်ချဉ်စပ်သုပ်တို့ မှာလိုက်၏။

ထမင်းမစားခင် ရမ်နှင့်ဖြည်းရန်အတွက်တော့ ကန်စွန်းရွက်ကြော် တစ်ပွဲ မှာလိုက်သည်။

ဘဲကင်တစ်ခြမ်းလည်း မှာပြီး ယောက်ျားနှစ် ယောက် ယမကာနှင့်ဖြည်းနေချိန် ရှင်ပိုးအိကလည်း ဘဲကင် ကို အချဉ်ရည်နှင့် တို့၍ သည်အတိုင်းစားနေမိသည်။

ရှင်ပိုးအိဘဝမှာ သည်လိုအစားကောင်းတွေကို ပေါပေါလျှံလျှံ မစားဖူးခဲ့။

ဂေဟာမှာနေခဲ့ရသူဆိုတော့ အများနှင့်အတူ စည်း ကမ်းတကျ မြီးမြီးမြံမြံစားသောက်နေထိုင်ခဲ့ရသူဖြစ်သည်။

ယခုတော့ အစားအသောက်အကောင်းစားတွေ နှင့် လှလှပပ ဝတ်ပြီးနေချင်သလို နေနိုင်သောအဖြစ်တွေကို အိပ်မက်များလားလို့ပင် ထင်မိလေသည်။

ထိုအိပ်မက်မှလည်း နိုးမထချင်ပါ။

မကြာမီပင် ထမင်းတွေ ဟင်းတွေရောက်လာ၏။

ဦးနေဒွန်းအောင်က ရှင်ပိုးအိ၏ ထမင်းပန်းကန်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဟင်းများထည့်ပေးနေတာကို မင်းကိုကြီးက ရှုသိုးသိုး မျက်နှာဖြင့် ကြည့်လိုက်၏။

"မသိတဲ့လူတွေက ကြည့်ရင် အစ်ကိုကြီး ဟင်း ထည့်ပေးနေပုံက ကြင်နာတတ်တဲ့ယောက်ျားက သူ့ဇနီးကို စားစေချင်လွန်းလို့ ထည့်ပေးနေတဲ့အတိုင်းပဲ။ သိတဲ့လူက ကြည့်ရင် ဦးနေဒွန်းအောင်က မိုးနှင်းဆီကို ကြင်နာလိုက်တာ လို့ ထင် . . . နော့"

ရှင်ပိုးအိ ရယ်ရင်း ပြောသည်။

"မင်းကရော တကယ်ဖြစ်ချင်လို့လား"

မင်းကိုကြီး ခနိုးခနဲ့ မျက်နှာနှင့် မေးလိုက်သည်။

ရှင်ပိုးအိ မျက်စောင်းထိုးလိုက်သည်။

ဦးနေဒွန်းအောင်က လူခန္ဓာကိုယ်ထွားကျိုင်းသလောက် အစားအသောက်လည်း တော်တော်စားနိုင်သည်။

မင်းကိုကြီးကတော့ ကျစ်လျစ်တောင့်တင်းသော ခန္ဓာကိုယ်ဟန်နှင့်အတူ မျက်နှာက ချိုသည်။ အစားသောက်ကို တစ်ခါတည်းများများမစား တို့ကနန်း ဆိတ်ကနန်း စား





တတ်သည်။

နှစ်ယောက်စလုံး ညနေထမင်းမစားခင် အရက် အနည်းငယ်စီသောက်ကြပုံချင်းတော့ တူသည်။

ထမင်းစားပြီးသည်နှင့် ဦးနေဒွန်းအောင် အိပ်ရာဝင် သွားသည်။

ရှင်ပိုးအိက ညစျေးလျှောက်ချင်သည်ဆို၍ မင်းကိုကြီးနှင့်အတူ လမ်းလျှောက်ခဲ့ကြသည်။

"အစ်ကို့ကို ပြောရဦးမယ်။ ကျွန်မ ရောင်းစားခံရတုန်းက တရုတ်အိမ်က ဒေါ်အားလီဆိုတဲ့မိန်းမကြီးလေ ပြောဖူးတယ် မဟုတ်လား"

"အင်း . . . မင်းတွန်းချခဲ့လို့ ရေမြောင်းထဲပြုတ်ကျသွားတယ်ဆိုလား"

"အစ်ကို မှတ်မိသားပဲ။ ခေါင်းကသွေးတွေလည်း ထွက်လာတယ်ဆိုတော့ သေများသေသွားမလားလို့။ ခုတော့ မသေဘူး။ မာမာရျာရျာကြီးပဲ လျှောက်သွားနေတာ။ သူ့ကို ရုတ်တရက်တွေ့လိုက်တော့ သရဲလာခြောက်သလား



www.burmeseclassic.com

www.burmeseclassic.com



လို့တောင်ထင်ပြီး လန့်သွားတယ်"

"သေမှမသေတာ။ ဒါကြောင့် လာ‌ငေး‌ေးဒယ့်ါ"

"မဟုတ်ဘူး။ အိပ်မက်ထဲမှာတွေ့သေးတယ်။ သူ သေသွားပြီး ဝိညာဉ်ဘဝနဲ့လိုက်လာတယ်"

"ကြုံကြုံဖန်ဖန်ကွာ။ မင်းဟာ ပေါက်ကရတွေး၊ ပေါက်ကရပြောနဲ့ ကလေးလိုလို အရူးလိုလို"

"ဟင် . . . သူများကို အရူးလို့ပြောတယ် ဟုတ်လား"

လက်မြန်ခြေမြန်ဖြင့် ဗိုက်ခေါက်ကို ဆွဲလိမ်ပစ်လိုက်သည်။

"ဟာ . . . ကောင်မလေး နာတယ်ကွ"

"သူများကို အရူးလို့ပြောတာကိုး"

"အရူးပေမယ့်လည်း၊ အရေးကြီးတဲ့ကိစ္စ တိုင်ပင်ရဦးမယ်။ မင်းနဲ့ကိုယ် နှစ်ယောက်တည်းရှိတာဆိုတော့ မတိုင်ပင်လို့လည်း မရ။ ရှေ့နားမှာ လက်ဖက်ရည်ဆိုင် ကောင်းကောင်း တွေ့ထားတယ်။ လက်ဖက်ရည်သောက်ရင်း ပြောရအောင်"



ညဈေးအနီး လက်ဖက်ရည်နှင့် မုန့်အစုံရသော ဆိုင်ကြီးတစ်ဆိုင်ရှိလေသည်။

လမ်းပေါ်မှာလည်း ခုံများခင်းထားပြီး ဆိုင်ထဲမှာလည်း စားပွဲဝိုင်းများ ရှိလေသည်။

"ကိုယ်က လက်ဖက်ရည်ကြိုက်တယ်။ ဘယ်ရောက်ရောက် လက်ဖက်ရည်ဆိုင်ကောင်းကောင်းလိုက်ရှာပြီး သောက်တာ။ လာ . . . ဟိုဘက်က သစ်ပင်အောက်မှာ ထိုင်ရအောင်"

သစ်ပင်များအောက်တွင်လည်း စားပွဲခုံအဝိုင်းနှင့် ပလပ်စတစ်ထိုင်ခုံများ ချထားသည်။

တီဗီပြနေသောနေရာတွင်သာ လူများ၍ သစ်ပင်အောက်တွေမှာ လူရှင်းသည်။

လက်ဖက်ရည်နှစ်ခွက် မှာလိုက်၏။

ထမင်းစားပြီးစ ဗိုက်ပြည့်နေသဖြင့် မုန့်ပမှာတော့။

"ပြောလေ . . . ဘာတိုင်ပင်မှာလဲ"

"မနက်ဖြန် အိမ်အတွက် ပိုက်ဆံအကုန်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"အင်းလေ . . . အဲဒါဆို တစ်ရက် ခြမ်းတစ်နေ့ပြီး နာမည်လွှဲတဲ့ကိစ္စလုပ်ရမှာ"

"အဲဒါပြီးရင်ရော"

"ပြီးရင်ပြန်ရမှာပေါ့"

"ပြီးတော့ရော . . ."

"သူ့ကိစ္စတွေပြီးပြီဆိုတော့ ကျွန်မတို့ရသင့်ရထိုက်တာ ရပြီး သူနဲ့ လမ်းခွဲကြရမှာပေါ့"

"ရသင့်ရထိုက်တာဆိုတာက ဘယ်လောက်လဲ"

"ဒါတော့ ကျွန်မထက် အစ်ကိုက ပိုသိမှာပေါ့"

"သူ့ကို ယုံလား"

"ဟင် . . . ဘာဖြစ်လို့လဲ၊ သူက မကောင်းဘူးလား"

"မကောင်းလို့ တို့ကို သူနဲ့အတူမကောင်းမှုတွေ လုပ်နိုင်းတာပေါ့"

"ဟင်"

ရှင်ပိုးအိ အံ့ဩတွေဝေဟန်ဖြင့် မင်းကိုကြီးအား







ကြည့်နေသည်။

"သူဟာ သူ့မိန်းမနဲ့ပတ်သက်ပြီး ရသင့်ရထိုက်တာတွေ ရဖို့ မင်းကို အသုံးချတယ်။ အဲဒီကိစ္စပေါ်ရင် မင်းက အမှုတွဲမှာပါမှာ"

"အစ်ကိုကရော"

"အတူတူပေါ့။ ကိုယ်လည်းကြံရာပါဖြစ်မှာ။ မင်းနဲ့ ကိုယ် မောင်နှမဝမ်းကွဲလို့ ပြောထားတာ သူယုံပုံမလား။ သူဟာ မင်းတစ်ယောက်တည်းပဲ အချိုသတ်ပေါင်းပြီး ငါ့ကို ပထုတ်မှာ"

"ဒါက အစ်ကိုထင်တာပါ"

"မင်းကို စည်းရုံးနေတာ မသိဘူးလား။ မင်း၊ငါ သူ့ချော့တာ ကျေနပ်ပြီး ညနေက သူ့လက်မောင်းချင်းချိတ်ပြီး ပြန်လာတာလေ။ ကိုယ် မသိဘူးမှတ်နေလား"

ဒေါသထွက်ဟန်ဖြင့် မာမာထန်ထန်ပြောလိုက်သည်။

"ဒါက ဟိုဒေါ်အားလီကိုတွေ့လို့ ကြောက်ပြီး အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကြီးလက်ကို တွဲပြီး ပြန်လာတာ။ ကျွန်မစိတ်ထဲမှာလည်း အစ်ကိုကြီးကို ဘာကယ့်အစ်ကိုကြီးလိုပဲ ခင်မင်အားကိုးတာပါ။ အစ်ကိုကို အားကိုးသလိုပဲ"

"ဟာ . . . ကိုယ်နဲ့အတူတူသဘောမထားနဲ့၊ ကိုယ်က ကိုယ်ပဲ။ မင်းကို စတွေ့ကတည်းက ဘာအကျိုးမှမမျှော်ကိုးဘဲ ခင်ခဲ့တာလေ။ သူက သူ့အကျိုးအတွက် သူ့မှာ အကြောင်းရှိလို့ တို့ကို လက်တွဲတာ နားလည်ပြီလား"

ရှင်ပိုးအိ မျက်နှာလေးငယ်သွားသည်။

ထိုစဉ် မှာထားသော လက်ဖက်ရည်ရောက်လာ၏။

လက်ဖက်ရည်ပူပူကို မှုတ်သောက်ရင်း ဘာမှ မပြောဖြစ်။

အတန်ကြာမှ မင်းကိုကြီးက ဆက်ပြောသည်။

"ရှင်ပိုးအိ စဉ်းစားလေ။ ကိုယ်က မင်းကို တကယ် မေတ္တာစစ်နဲ့ချစ်နေတာပဲလေ။ ကိုယ်တို့နှစ်ယောက် စိတ်တူ လက်တူ လက်တွဲရင် ဒီလူကြီး ယုတ်မာလို့မရဘူး။ သူက အကြံပက်စက်တယ်နော်"



ရှင်ပိုးအိ သိပ်တော့နားမလည်ပါ။

ဒါပေမဲ့ . . .

မင်းကိုကြီးအား ယုံကြည်သည်။

သူမကို ဒုက္ခရောက်အောင် လုပ်မည့်သူတော့ မဟုတ်။

"ရှင်ပိုးအိဟာ ကလေးစိတ်လိုပဲ။ ဘာမှလည်း အတွေ့အကြုံမရှိ၊ ပဟုသုတမရှိ၊ အဲဒီရိုးရိုးသားသားစိတ် ကလေးကိုလည်း ကိုယ်ချစ်နေရတာပဲ"

မင်းကိုကြီး လေသံ ပျော့သွားသည်။

နဖူးပေါ်ကျနေသော ရှင်ပိုးအိ၏ ဆံနွယ်လေးများ လက်ဖြင့် သပ်တင်ပေးလိုက်၏။

ရှင်ပိုးအိမှာ မင်းကိုကြီး၏ ကြင်နာမှုအပေါ် သာယာ စိတ်ဖြင့် ရင်ထဲမှာ နွေးလာသည်။

"ခုထိ ကိုယ့်ကိုအဖြေမပေးသေးပါလား။ စောစော က အစ်ကိုကြီးလက်ကို မင်းဆွဲလာတာတွေ့တော့ ဘယ် လောက် စိတ်ထိုသွားတယ်မှတ်လဲ"

www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ် . . . အစ်ကို တင်းသွားတာကို"

"ဒီလူကြီးကိုတော့ မယုံကြည်စမ်းပါနဲ့။ ကိုယ့်ကိုပဲ ယုံ၊ မင်းနဲ့ကိုယ် ရှေ့ဆက်ပြီး ပျော်ပျော်ရွှင်ရွှင်နေဖို့ အရေးကြီးတယ်။ စမ်းရေတွင်းကို ပြန်ရောက်ရင် သူ့ဆီက ငွေတွေ အကုန်ရအောင်ယူမယ်"

"ဟင် . . . ငွေတွေက ဘယ်မှာသိမ်းထားတာလဲ"

"ကိုယ် သိတယ်၊ အမြဲတမ်း ထံခါးပိတ်ထားတဲ့ အခန်းထဲမှာ၊ သူက နည်းနည်းကလေးပေးရုံနဲ့ မကျေနပ်နိုင်ဘူး၊ ကိုယ်တို့ဘဝ အရင်းအနှီးရအောင် လုပ်ရမယ်"

"ဘယ်လိုလုပ်မှာလဲ"

"ဒါ ကိုယ့်ကြည့်စီစဉ်မှာပါ၊ မင်းကသာ ကိုယ် ဘာလုပ်လုပ် ယုံကြည်စွာနဲ့ ပူးပေါင်းပါ၊ ဒီလူကြီးက သူ့မိန်းမကို ဘာလုပ်ထားမှန်းမသိဘူး။ ကိုယ့်အထင်တော့ သူ့မိန်းမ ထွက်သွားတယ်ဆိုတာ မဟုတ်ဘူး၊ ပထမ သူ့မိန်းမ သေသွားတယ်လို့ပြောတာ။ နောက်တော့လည်း တခြားယောကျ်ားနဲ့ လိုက်သွားတယ်လို့ ပြောတယ်၊ ခုတော့ မိုးနှင်း





ဆီနဲ့ ထွက်သွားတဲ့ ထင်ကျော်ဆိုတဲ့လူက သေသွားတယ်။ အဲဒါ တစ်ခုခု မှားနေတယ်။ လွဲချော်တယ်ဆိုတာ တွေးစရာပဲ၊ မိုးနှင်းဆီ သေသွားသလားဆိုတာ ကိုယ် အမြဲတွေးနေမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညဘက်တွေမှာ မိန်းမ တစ်ယောက်ရဲ့အရိပ်ကို မကြာမကြာ တွေ့ဖူးတယ်။ အဲဒါ မိုးနှင်းဆီရဲ့ဦးညာဉ် ဖြစ်ရမယ်၊ သူ ကိုယ်တို့ကို လာခြောက်နေတာထင်တယ်"

"ဘုရား . . . ရေ တကယ်တွေ့တယ် ဟုတ်လား"

ခုမှ ရှင်ပိုးအိ မျက်လုံးလေးအဝိုင်းသားနှင့် မေးလိုက်၏။

"ဒါဆို ကျွန်မတစ်ယောက်တည်း တွေ့တာ၊ အခြောက်ခံရတာ မဟုတ်ဘူးပေါ့။ အစက ဘာလို့မပြောတာလဲ အစ်ကိုရယ်"

"မင်းကိုပြောရင် ကြောက်မှာစိုးလို့၊ သရဲဆိုတာ ကိုယ် မယုံခဲ့ဘူး။ သူငယ်ချင်းတွေနဲ့ဆိုရင် သရဲမရှိတာ ကိုယ် ရှုတ်ခံငြင်းခဲ့တာ။ ဒါပေမဲ့ ကိုယ် သရဲအခြောက်ခံခဲ့ရဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားမှာနေတုန်းက ကိုယ်တို့ငှားနေတဲ့အိမ်မှာ သရဲခြောက်တယ်။ အစက သရဲမှန်းမသိဘူး။ ညအိပ်ရာဝင်မှ တံခါးလာလာခေါက်တယ်။ တစ်ခါတလေ အိမ်ထဲမှာ ကောင်လေးတစ်ယောက် လျှောက်သွားနေတာ တွေ့တယ်။ နောက်မှ ဒီအိမ်မှာနေပြီး သေသွားခဲ့တဲ့ ကောင်လေးက ခြောက်နေမှန်း သိတာ၊ အဲဒီလိုအခြောက်ခံရှုမှ ကိုယ် ဘုရားစာ ရွတ်ရကောင်းမှန်းသိတာ"

"အခုရော အစ်ကို ဘုရားစာရွတ်လား"

"အင်း . . . ဘုရားရှိခိုးပြီးမှ အိပ်တာ"

"ကျွန်မလည်း ဝေဟာမှာ ညတိုင်း ဘုရားဝတ်တက်ပြီးမှအိပ်ရတာ။ ဟုတ်တယ်။ ဘုရားမရှိခိုးမိရင် အိပ်မက်ဆိုးမက်သလိုလိုနဲ့ အခြောက်ခံရတယ်။ အိပ်မက်ထဲမှာ သေတဲ့လူတွေနဲ့ တွေ့တတ်တယ်။ အစ်ကို့ကို ပြောပြဖူးပါတယ်။ မိုးနှင်းဆီကိုလည်း အိပ်မက်ထဲမှာ တွေ့တာ။ ကျွန်မ တစ်ခါမှ မတွေ့ဖူးတဲ့ မိုးနှင်းဆီကို အိပ်မက်ထဲမှာ တွေ့တယ်ဆိုတော့ အဲဒါ မိုးနှင်းဆီ သရဲခြောက်တာဖြစ်မှာပေါ့။ ဒါဆို မိုးနှင်းဆီ





သေသွားပြီပဲ"

"မိုးနှင်းဆီ သေပေမယ့် သူ့ဝိညာဉ်က ရွာထဲလျှောက်သွားနေလို့ တွေ့တဲ့လူတွေက တွေ့တာပေါ့။ အကျိုးချုပ်တဲ့ဒိန်းခေါ်းဆို ခဏ ခဏ လာမေးတာပဲ"

"ဟုတ်မယ် . . . ပြီးတော့လေ မိုးနှင်းဆီအကြောင်း အိပ်မက်မက်ရင် အိမ်ထဲကနေ မဆုံးနိုင်တဲ့လှေကားအရှည်ကြီးနဲ့ အောက်ကိုဆင်းသွားတာမျိုး မက်တတ်တယ်။ အိမ်ကြီးရဲ့အောက်မှာများ မြေအောက်ခန်းရှိနေလား မသိဘူး"

"ရှိနိုင်တယ်။ အိမ်ရဲ့ဖွဲ့စည်းပုံအနေအထားရဲ့ မြေအောက်ခန်းရှိနိုင်တယ်။ အောက်ထပ်စတိုခန်းထဲကနေ အောက်ကိုဆင်းတဲ့လှေကားတစ်ခု တွေ့တယ်။ ပြီးတော့ သည်အိမ်မှာနေသွားတဲ့ ထမင်းချက်၊ ခြံစောင့်အလုပ်သမားကအစ အလုပ်ထုတ်ပစ်ပြီး တခြားပို့ထားတာ ကြည့်။ မညိုအိက ဒီနယ်မြေမကျွမ်းဘူး၊ ဒီကလူတွေနဲ့လည်း မသိဘူး။ မညိုအိကိုလည်း ညအိပ်မထားဘူး။ ဦးနေဒွန်းအောင်မှာ လူမသိစေချင်တဲ့၊ လူသိမခံချင်တဲ့အကြောင်းတွေ အများကြီး ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

တယ်"

"ဟာင်း . . . ဖွေးရှင်းနဲ့ ကြောက်စောင်ကြောက်လာပြီ အစ်ကိုရယ်"

"ဘာမှမဖြစ်ဘူး . . . မကြောက်နဲ့။ ကိုယ်တစ်ယောက်လုံးရှိတယ်။ မနက်ဖြန် ပိုက်ဆံတွေ အကုန်ရလာတယ်ဆိုရင် အခြေအနေကြည့်ပြီး လှုပ်ရှားမယ်။ ဒီကနေထွက်သွားပြီးရင် လွတ်မြောက်ပြီပဲ။ ပိုက်ဆံတွေရရင် မင်းနဲ့ကိုယ် တစ်နေရာမှာ သွားပြီး အခြေချမယ်။ ဟုတ်ပြီလား"

"နိုင်ငံခြားမှာလား အစ်ကို"

"တော်တော်နိုင်ငံခြားသွားချင်တယ်။ အေး . . . လောလောဆယ်တော့ ဒီနဲ့ဝေးရာတိုပေါ့၊ ဒါကြောင့် ကိုယ့်ရဲ့ ဂျစ်ကားလေး သေချာပြင်ထားတယ်၊ အဲဒီကားနဲ့သွားရမှာ"

ရှင်ပိုးအိဖါလက်ဖေါးအေးအေးလေးအား ဆုပ်ကိုင်ဖျစ်ညှစ်၍ အားပေးသလို ပြောလိုက်ပြီး လက်ဇက်ရှည်ဆိုင်မှ နှစ်ယောက်သား လမ်းလျှောက်ပြန်ခဲ့ကြလေသည်။

◆ ◆ ◆



## ၁၅။ ဘယ်လိုအဆုံးသတ်မလဲ

ငွေကြေးကိစ္စများပြီး၍ မန္တလေးမှ ပြန်လာခဲ့ကြသည်။

မန္တလေးသွားစဉ် အိမ်မှာ အစောင့်ထားခဲ့၏။

အိမ်သို့ ဦးနေဒွန်းအောင် ပြန်ရောက်သည်နှင့် အိမ်ကို စောင့်ပေးသော ဦးဖိုးထောင်တို့သားအဖအား ပြန်လွှတ်လိုက်သည်။

မညိုအိတာလည်း နေ့တိုင်းလာပြီး အိမ်ကို ရှင်းပေး

www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။

"ဒီနေ့ပြန်ရောက်မယ်ဆိုတာ သိလို့ ထမင်းတွေ ဟင်းတွေ ချက်ပေးထားတယ်"

မညိုအိကာ ပစ္စည်းများ သိမ်းဆည်းပေးရင်း ပြောသည်။

"ဘာဟင်းတွေ ချက်ထားလဲ မညိုအိ"

ရှင်ပိုးအိက မေးလိုက်သည်၊

"ဘဲပေါင်းထားတယ်၊ ခရမ်းချဉ်သီးဝေါချက် ချက်ထားတယ်"

"ဟာ . . . သိပ်ကောင်းတာပဲ၊ မညိုအိရဲ့ ဝေါချက်လက်ရာ သိပ်ကောင်းတယ်။ မညိုအိအတွက် လက်ဆောင်ဝယ်လာတယ်"

မန္တလေးမှဝယ်လာသော မာစရိုက်ထဘီပွင့်ထိုး တစ်ထည်ကို မညိုအိအား ပေးလိုက်သည်။

ထိုနေ့က ညတာထမင်းစားစားပြီး အိပ်ရာဝင်ကြသည်။

ဈေးဘာ



ရှင်ပိုးအိ အိပ်မက်ထဲမှာ ဝတ်ကောင်းစားလှများ ဝတ်ထားသော တစ်နည်းအားဖြင့် တောက်တောက်ပြောင်ပြောင် အဝတ်အစားများ ဝတ်ထားသော မင်းကိုကြီးနှင့်သူမတို့ ရောင်စုံပန်းများ ပွင့်သည့် တောမှာ တစ်ယောက်လက်တစ်ယောက်တွဲ၍ ပြေးနေကြသည်တဲ့။

အိပ်မက်မက်နေတာက ရုပ်ရှင်ကြည့်ရသလို ကြည့်ကောင်းနေဆဲ ဦးနေဒွန်းအောင် ရောက်လာသည်။

ဦးနေဒွန်းအောင်က အပေါ်ကုတ်အင်္ကျီအနက်၊ ဘောင်းဘီရှည်အနက်နှင့် ဖြစ်၏။

"လာ . . . ငါနဲ့လိုက်ခဲ့၊ ငါနဲ့အတူနေရမှာ"

ဆိုပြီး ရှင်ပိုးအိလက်ကို ဆွဲခေါ်သည်။

ရှင်ပိုးအိတာ အသာတကြည်ပင် ဦးနေဒွန်းအောင် ဆွဲခေါ်ရာ ပါသွားသည်။

မင်းကိုကြီးက ဒီအတိုင်းမနေ။

ရှင်ပိုးအိအား အတင်းဆွဲခေါ်ရာ ဦးနေဒွန်းအောင်က တစ်ဖက်၊ မင်းကိုကြီးက တစ်ဖက် ရှင်ပိုးအိလက်ကို ဆွဲ

ဈေးဘာ

www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် ရှင်ပိုးအိမှာ ဟိုဘက်ရောက်လိုက် ဒီဘက်ရောက်လိုက် ဖြစ်နေရာက နာကျင်လွန်း၍ လန့်အော်လိုက်သည်။

"အား"

အော်ပြီးမှ မျက်လုံးဖွင့်ကြည့်လိုက်တော့ အိပ်မက် မက်နေတာမှန်း သိသည်။

ဒီလိုပဲ ပေါက်ကရတွေ အိပ်မက်မက်တတ်မှန်း မိမိကိုယ် မိမိ သိနေတော့ သိပ်မကြောက်တော့ပါ။

ဒါပေမဲ့ အပြင်မှာ ဆူဆူညံညံအသံတွေ ကြားနေရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

ဘာတွေဖြစ်နေတာလဲ၊

ဦးနေခွန်းအောင်နှင့် မင်းကိုကြီးတို့၏ အသံကို ကြားနေရသည်။

ပစ္စည်းတွေ ရွှေ့သံရော၊ လူသံရော ကြားနေရသဖြင့် တံခါးဖွင့်ပြီး အပြင်သို့ထွက်လိုက်သောအခါ အပေါ်ထပ် အခန်းပိုတစ်ခုထဲတွင် မီးများလင်းပြီး ဦးနေခွန်းအောင်နှင့် မင်းကိုကြီးတို့ လုံးထွေးသတ်ပုတ်နေတာကို မမျှော်လင့်ဘဲ



တွေ့ရသည်။

ရုတ်တရက်တော့ ရှင်ပိုးအိ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ဦးနေခွန်းအောင်က လူကြီးပေမယ့် သန်မာထွားကျိုင်းပြီး ခွန်အားလည်း ရှိပုံရသည်။

မင်းကိုကြီးက လူငယ်မို့ ပိုပြီး လျင်မြန်သွက်လက်သည်။ ကိုယ်ခံပညာလည်း တတ်ပုံရသည်။

သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးနေရာက မင်းကိုကြီးက ဦးနေခွန်းအောင်၏ လက်ကို နောက်ပြန်ချိုးလိမ်ပြီး ခန္ဓာကိုယ်ပေါ် ခွစီးထားလိုက်၏။

"ကဲ . . . ခင်ဗျား မလှုပ်နဲ့နော်။ ငြိမ်ငြိမ်လေးနေ။ ခင်ဗျားလက်ကို ကျိုးပဲ့ချိုးပစ်လိုက်မယ်။ ရှင်ပိုးအိ ကြိုးတစ်ချောင်းသွားရှာလာခဲ့"

မင်းကိုကြီးက ခိုင်းလိုက်သည်။

"ဟင် . . . ကြိုး။ ဘာကြိုးလဲ။ ကြိုးက ဘယ်က ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အောက်ထပ်စတိုခန်းထဲမှာ ကြိုးတွေ အခွေလိုက်ရှိတယ်။ ကြိုးသျှခဲ့၊ များများယူခဲ့"

ရှင်ပိုးအိ အောက်ထပ်သို့ ဆင်းပြေးပြီး စတိုခန်းသို့ ဝင်ကြည့်၏။

သံချိတ်တွင် ကြိုးခွေအမျိုးမျိုးရှိနေသည်ကို ဆွဲယူလာခဲ့၏။

"ပေ့ာ . . . ဒီမှာ"

"သူ့ခြေထောက်နှစ်ဖက်ကို အရင်ချည်။ ခပ်တင်းတင်း ချည် . . . ဟုတ်ပြီ"

ခြေထောက်နှစ်ဖက်ကို ပူးချည်လိုက်၏။

နောက်ထပ်ကြိုးတစ်ခွေနှင့် လက်နောက်ပြန်ချည်သည်။

"မင်းတို့ ဘာလုပ်တာလဲ၊ ငါ မင်းတို့ကို ထိုက်သင့်သလောက်ပေးမယ်လို့ပြောထားသားနဲ့။ ဘာဖြစ်လို့ လောဘကြီးနေရတာလဲ"

"လောဘကြီးတာ ခင်ဗျားဗျ။ ရှင်ပိုးအိ ဟိုမီးခံ





သေတ္တာထဲကငွေတွေ အကုန်ထည့်။ ဘာကြည့်နေတာလဲ။ ဟောဒီကြွတ်ကြွတ်အိတ်ထဲ အကုန်ထည့်"

အနီးမှာရှိနေသော ကြွတ်ကြွတ်အိတ်အမည်းကြီးကောက်ယူ၍ ပွင့်နေသော မီးခံသေတ္တာဆီ သွားသည်။

"ရှင်ပိုးအိ ဘာတွေလျှောက်လုပ်နေတာလဲ။ သူနိုင်းတဲ့အလုပ်တွေ မလုပ်နဲ့၊ သူက အတ္တစိတ်တွေများနေတာ"

ဦးနေ့ဒွန်းအောင်က လေသံအေးအေးလေးနှင့် ရှင်ပိုးအိအား ပြောသည်။

ရှင်ပိုးအိက ဦးနေ့ဒွန်းအောင်ကို တစ်လှည့် မင်းကိုကြီးကို တစ်လှည့် ကြည့်နေသည်။

မင်းကိုကြီးက လက်ထဲမှာ ဓားတစ်ချောင်း ကိုင်ထား၏။

ငွေတွေထည့်သာထည့်ဆိုသည့် အဓိပ္ပာယ်နှင့် မေးဆတ်ပြသည်။

မီးခံသေတ္တာအတွင်းသို့ ရှင်ပိုးအိ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အို . . . ငွေစက္ကူတွေ အများကြီး။

ထောင်တန်အုပ်တွေ အထပ်လိုက်. . . များကြီး။

ပြီးတော့ သေတ္တာသေးသေးလေးထဲမှာ ရွှေထည်ပစ္စည်းတွေ။

"ထည့်လေ . . . အကုန်ထည့်"

မင်းကိုကြီးက ပြောသည်။

"ဘာဖြစ်လို့ ဒီလောက်လောဘကြီးနေတာလဲ။ မင်းတို့ လုပ်အားခအတွက် တန်ရာတန်ကြေးပေးတဲ့အပြင် ဟောဒီထဲက ငွေတစ်ဝက်ယူသွားဦးကွာ။ ပြီးရင် ဒီကနေ ဝေးဝေးထွက်သွား၊ ငါ ရန်မရှာပါဘူး"

ဦးဖုံနေဒွန်းအောင် ပြောတာကို ရှင်ပိုးအိ နားထောင်နေသဖြင့် ငွေတွေအိတ်ထဲ မထည့်ဖြစ်။

"မတရားသဖြင့် အကုန်ယူရင်တော့ ငါ ဒီအတိုင်း ငြိမ်ခံမယ်မထင်နဲ့။ မင်းတို့နောက်လိုက်ခဲ့မယ်။ တရားဥပဒေအရ အရေးယူမယ်။ အခု မင်းဟာ ငါ့ကို ဓားပြတိုက်နေတာကွ။ ရှင်ပိုးအိ . . . မင်းလည်း ကြံရာပါဖြစ်နေမယ်"



"တိတ်စမ်း . . . ခင်ဗျားကပဲ ပြောရတယ်ရှိသေး။ ခင်ဗျားလုပ်တာကရော ဟုတ်လို့လား။ မိုးနှင်းဆီပိုင်ဆိုင်တဲ့ ပစ္စည်းတွေ မတရားလုပ်နေတာပဲ"

"ဘာဖြစ်လို့ မတရားတာလဲ။ လင်မယားပိုင်ကွ။ တစ်ဝက်တိတိ ပိုင်တယ်။ သူက ဘယ်ရောက်နေမှန်းမသိလို့ ဒီလိုလုပ်ပြီး ကိုယ့်ငွေကိုယ်ပြန်သိမ်းရတာပဲ။ ရှင်ပိုးအိ . . . မင်းဟာ ရိုးသားဖြူစင်တယ်။ မင်းကို အစ်ကိုကြီး ချစ်တယ်။ မင်းကို အားလုံးခွင့်လွှတ်ပေးထားတယ်။ ပစ္စည်းတွေ မထည့်နဲ့။ ဒီအခန်းထဲဝင်ပြီး သူခိုးနေတာ။ ရှင်ပိုးအိ . . . သူ့စကား နားမထောင်နဲ့။ မင်းကြံရာပါဖြစ်သွားလိမ့်မယ်"

"ခင်ဗျားနော် . . . ပါးစပ်ပိတ်ထား။ ကျုပ် စိတ်မရှည်တော့ဘူး။ သေသွားမယ်"

"အား . . . အမယ်လေး မလုပ်ပါနဲ့ အစ်ကို။ မလုပ်ပါနဲ့"

မင်းကိုကြီး လက်ထဲက ဓားကို မြှောက်၍ ဦးနေဒွန်းအောင်အား ထိုးရန် ရွယ်လိုက်သဖြင့် ရှင်ပိုးအိက လန့်အော်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ခြင်းဖြစ်သည်။

မင်းကိုကြီးလက်သာ မြှောက်ပြီး မထိုးဖြစ်။

ရှင်ပိုးအိအား ဒေါသဖြစ်စွာ စိတ်တိုစွာဖြင့် မင်းကိုကြီး ကြည့်လိုက်သည်။

"ဘာဖြစ်နေတာလဲ။ မင်း ဒီလူကြီးစကား နားထောင်နေလဲ လုပ်မယ့်လုပ် အမြတ်လုပ်မယ်။ ယူမယ့် ယူ အကုန်ယူမယ်။ ထည့်စမ်း"

ရှင်ပိုးအိ ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နှင့် မီးခံသေတ္တာထဲက ငွေတွေကို အိတ်အမည်းထဲသို့ ထည့်ပေးနေ၏။

"ဟိုသေတ္တာလေးရော . . . ဘာတွေလဲ"

"ရွှေတွေ"

"ထည့် . . . အကုန်ထည့်"

"မဆန့်တော့ဘူး"

"အိပ်ခန်းထဲ သွား။ အိတ်တစ်အိတ်သွားယူခဲ့။ ငါ့ကျောပိုးအိတ်ဖြစ်ဖြစ် ယူလာခဲ့။ မြန်မြန်"



ရှင်ပိုးအိ အိပ်ခန်းထဲပြေးဝင်သွားသည်။

အိတ်တစ်ခု . . .

ဘာအိတ်ယူရမလဲ။

ခရီးဆောင်သားရေအိတ်တစ်ခု တွေ့၍ ယူလာခဲ့သည်။

"အေး . . . ထည့်လိုက် . . . ဟုတ်ပြီ။ ကဲ . . . အပြင်ထွက်။ သူ့ကို တံခါးပိတ်လိုက်မယ်"

"ဟော့ . . . နေဦး ငါပြောဦးမယ်"

ဦးနေဒွန်းအောင်စကားကို နားထောင်မနေတော့ဘဲ အခန်းထဲမှ ရှင်ပိုးအိ ထွက်ပြီးသည်နှင့် မင်းကိုကြီးက အခန်းတံခါးပိတ်လိုက်သည်။

"ကဲ . . . မြန်မြန်လုပ်။ ဒီပစ္စည်းတွေ ကားပေါ်တင်ပြီး သွားကြစို့"

အခန်းထဲမှာ ဦးနေဒွန်းအောင်အား လက်ပြန်ကြိုးတုပ်ထားသည်။

ခြေထောက်ကိုလည်း စားပွဲခုံ၏ ခြေထောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ပူးတွဲ၍ ကြိုးချည်ထားခဲ့ပြီမို့ တော်ရုံနှင့်တော့ လွှပ်ရှားနိုင်မည် မဟုတ်။ သူတို့နောက်လိုက်လာနိုင်မည်မဟုတ်ဟု မင်းကိုကြီးက တွေးထားလေသည်။

အောက်ထပ်ဆင်ဝင်အောက်မှာ မင်းကိုကြီး၏ ဂျစ်ကား အဆင်သင့်ရှိလေသည်။

သူ့အကြံနှင့်သူ ကားကို ဆီအပြည့်ဖြည့်၍ ပြင်ဆင်ထားလေသည်။

"အစ်ကို . . . ဧကလေး ကျွန်မရဲ့မှတ်ပုံတင်နဲ့ အိတ်သွားယူဦးမယ်"

"မြန်မြန်လုပ်"

မင်းကိုကြီးက ပြောရင်း ကားပေါ်တက်သည်။

ရှင်ပိုးအိ အိမ်ပေါ်သို့ ပြေးတက်၏။

ပြီးတော့ ဦးနေ့ဒွန်းအောင်ရှိသော အခန်းတံခါးကို ဖွင့်လိုက်၏။

ဦးနေ့ဒွန်းအောင်က ထိတ်လန့်စွာဖြင့် ကြည့်နေဆဲ။

"အစ်ကိုကြီး လက်ကို ကြိုးဖြေပေးခဲ့မယ်။ ကိုယ့်



ဘာသာ ခြေထောက်ဖြေပြီး ဆင်းခဲ့။ သူ သွားတော့မယ်"

အသင့်ပါလာသော ကတ်ကြေးဖြင့် လက်က ကြိုးကို ဖြတ်ပေးလိုက်၏။

ပြီးတော့ အိတ်ခန်းထဲပြန်ပြေးပြီး မိမိ၏ပစ္စည်းများ ယူကာ ရှင်ပိုးအိ အောက်သို့ ပြန်ဆင်းခဲ့သည်။

ဂျစ်ကား စက်နှိုးနေပြီ။

သည်ဂျစ်ကားနှင့် အဝေးဆုံးတစ်နေရာပြေးပြီး ဂျစ်ကားကို လမ်းမှာထားခဲ့ရမည်ဟု မင်းကိုကြီး စဉ်းစားနေသည်။

နောက်ထပ်ကားတစ်စီး ဘယ်ကရမလဲ။ သည်ငွေနှင့် ပစ္စည်းတွေ တစ်နေရာမှာ တစ်ဝက်ထားခဲ့ရမလားဆိုတာလည်း စဉ်းစားနေသည်။

သည်တစ်ခါတော့ သူ ချမ်းသာဖို့ လမ်းစဖြစ်သည်။

သည်ငွေနှင့် သည်ရွှေတွေကို သူ့တစ်သက် မြန်မြန်ဆန်ဆန် ရှာဖို့မလွယ်။

ရှင်ပိုးအိကို ခေါ်မသွားလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ဒီမှာထားခဲ့လို့မဖြစ်၊

ရှင်ပိုးအိအား တင်နေရာရာမှာ ထားခဲ့ရမှာမဟုတ်လား။

ဘယ်လိုထားမလဲ၊

နှုတ်ပိတ်သွားအောင် လုပ်ထားခဲ့ရင် ကောင်းမလား။

မင်းကိုကြီး၏အတွေးများသည် ရက်စက်သည်၊

ငွေတွေ အများကြီး မတရားသဖြင့် ပိုင်ဆိုင်ဖို့အတွက် သူ့အကြံအစည်များသည် ယုတ်မာရက်စက်လေပြီ၊

တကယ်တော့ အတ္တနတ်ဆိုး ဝင်ပူးခြင်းခံနေရတာမဟုတ်လား။

နတ်ဆိုး၏စေခိုင်းချက်ကြောင့် ယခင်က သူများအပေါ် ကူညီချင်စိတ်တွေလည်း ပျောက်သွားပြီ။

ရှင်ပိုးအိအား မေတ္တာသက်ဝင် ချစ်ကြင်နာစိတ်တွေလည်း ဘယ်ရောက်တုန်သည် မသိ၊

သူနှင့်အတူ ရှင်ပိုးအိ လိုက်လာခဲ့လျှင် သူ ပြေးရတာ မလွတ်လပ်၊ အနှောင့်အယှက်တစ်ခု ဖြစ်နေမည်မဟုတ်လား။

"ကဲ . . . လာ . . . မြန်မြန်။ မိုးမလင်းခင် ဟိုရောက်နေမှဖြစ်မယ်"

ဘယ်ကိုရောက်နေမှဖြစ်မယ်ဆိုတာ ရှင်ပိုးအိ မမေးဖြစ်၊

"ဟော့ . . .နေဦး"

ထိုစဉ်ပင် ဂျစ်ကားအနီး ဦးနေဒွန်းအောင် ရောက်လာသည်၊

မင်းကိုကြီး အံ့အားသင့်စွာကြည့်နေစဉ်ပင် ဦးနေဒွန်းအောင်၏ လက်သည် မြှောက်တက်သွားပြီး အသင့်ပါလာသော သံတုတ်ဖြင့် မင်းကိုကြီး၏ခေါင်းကို ရိုက်ချလိုက်လေသည်။

"အား"

မင်းကိုကြီး အသံကျယ်ကျယ်လောင်လောင်ပင် မအော်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်က မြန်လိုက်သည့်ဖြစ်ခြင်း။

ရှင်ပိုးအိ ထိတ်လန့်တုန်လှုပ်နေသည်။

ဦးနေဒွန်းအောင်က မင်းကိုကြီးအား ကားပေါ်မှ ဆွဲချလိုက်၏။

မင်းကိုကြီး၏ခေါင်းမှ သွေးများ ထွက်ပြီး သတိမေ့မျောသွားလေသည်။

ဦးနေဒွန်းအောင်က ကားပေါ်မှ သွပစ္စည်းများ ဆွဲချပြီး ရှင်ပိုးအိအား ပေးလိုက်သည်။

"ရော့ . . . ဒါယူခဲ့။ အိမ်ထဲဝင်"

မင်းကိုကြီးအား သူ ပခုံးထက်မှာ ထမ်းပြီး ဦးနေဒွန်းအောင် အိမ်ထဲဝင်လာ၏။

"ကျေးဇူးပဲ ရှင်ပိုးအိ။ မင်း ကူညီလိုက်လို့ ကိုယ့်ပစ္စည်းတွေ ကိုယ်ပြန်ရခဲ့တာ။ ဒီကောင် နတ်ဆိုးဝင်နေတာ၊ အေးအေးဆေးဆေးနဲ့ ထိုက်သင့်သလောက် မယူချင်ဘူး"

ဧည့်ခန်းဘေးရှိ စတိုခန်းထဲသို့ ဦးနေဒွန်းအောင်က ဦးဆောင်ဝင်လာသည်။

ဝ———ပျားအသ———ဝ



"သူ့ကို ဘာလုပ်မလို့လဲ"

ရှင်ပိုးအိက မေးလိုက်သည်။

"သူ့ကို ဒီအတိုင်းထားလို့ မလွယ်ဘူး။ လုံခြုံတဲ့နေရာမှာ ထားရမယ်"

"အပေါ်ထပ်အိမ်ထဲမှာ မထားဘူးလား"

"အဲဒီမှာထားလို့ မလွယ်ဘူး။ သူက ဖောက်ပြန်နေတာ။ ရှင်ပိုးအိ တွေ့ခဲ့တယ်မဟုတ်လား။ အပေါ်က မီးခံသေတ္တာ ဖိုးဖွင့်ပြီး ပစ္စည်းတွေ ယူမလို့လုပ်တုန်း အစ်ကိုကြီး အိပ်ရာက နိုးလာတာ။ ပစ္စည်းတွေအကုန်ယူတာ။ အဲဒါ ရှင်ပိုးအိ အစ်ကို အစစ်ဟုတ်ရဲ့လား"

ရှင်ပိုးအိ ကြောင်ငေးငေးလေးကြည့်နေသည်။

ဦးနေဒွန်းအောင်က စတိုခန်းအတွင်းရှိ စားပွဲခုံတစ်ခုကို ဖယ်လိုက်သောအခါ ကြမ်းခင်းပလစ်စတစ် ကော်ဇောနှင့် ဖုံးထားသော တံခါးပေါက်တစ်ခုကို တွေ့ရ၏။

တံခါးသော့ကို ဖွင့်ပြီးနောက် မင်းကိုကြီးအား သယ်၍ အောက်သို့ဆင်းခဲ့၏။

ဝ———ပျားအသ———ဝ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပိုးအိလည်း နောက်က လိုက်လာခဲ့၏။

မှောင်မည်းနေသော အဆောက်အဦးရှိ လှေကားထစ်များကို ဆင်းရင်း အိပ်မက်မက်ဖူးသော မြေအောက်ခန်းကို သတိရ၏။

ထိုမြေအောက်ခန်းထဲသို့ မိုးနှင်းဆီက ဒရွှမ့် ခေါ်သွား၍ ရှင်ပိုးအိ ရောက်ဖူးခဲ့ခြင်းမဟုတ်ပါလား။

ခုလည်း ထိုမြေအောက်ခန်းကို တကယ်ရောက်နေပါရောလား။

အထဲမှာ မီးခလုတ်ကို ဖွင့်လိုက်၏။

မီးချောင်းများပွင့်လာပြီး အတွင်းမှာ လင်းလင်း ရှင်းရှင်းရှိသောအခါ ကျယ်ဝန်းသော အခန်းပါလားဟု သိရ၏။

သစ်သားခုတင်ပေါ်တွင် သတိမေ့နေသော မင်းကိုကြီးအား တင်လိုက်၏။

ပြီးတော့ အနားမှာရှိနေသော ကြိုးဖြင့် ရုန်းဖယ်မရအောင် ခုတင်နှင့်ပတ်၍ တုပ်နှောင်လိုက်သည်။

"ဟင် . . . အဲဒီလောက်ကြီးတော့ မလုပ်ပါနဲ့။

o———ရှေ့ဆက်ရန်———o



အစ်ကိုခေါင်းက ဒဏ်ရာကြီးနဲ့ သတိရအောင်လုပ်ပေးပါဦး"

ရှင်ပိုးအိက ပြောလိုက်သည်။

ဦးနေဒွန်းအောင်က ရှင်ပိုးအိအား ရယ်စရာကောင်းသော၊ စချင်စရာကောင်းသော မိန်းကလေးအဖြစ် ပြုံးစေကြည့်သည်။

"သတိရအောင် ဘာလုပ်ဖို့လုပ်ရမှာလဲ။ ပြန် သတိမရလေ ကောင်းလေပေါ့"

"ရှင်"

"ဟုတ်တယ်လေ။ ခုလို သူ့ကိုမလုပ်ရင် သူ အစ်ကိုကြီးပစ္စည်းတွေယူ ထွက်ပြေးပြီပေါ့။ ရှင်ပိုးအိကိုလည်း ခေါ်သွားပြီး တစ်နေရာကျရင် နှိတ်ပိတ်ပြီးထားခဲ့မှာ"

"အို"

"ကဲ . . . လာ အပေါ်တက်ရအောင်"

"ဒီအတိုင်းထားခဲ့မလို့လား"

"လာပါ။ အပေါ်ရောက်မှ စဉ်းစားမယ်။ ရှေ့ဆက်ပြီး ဘာလုပ်မလဲလို့ စဉ်းစားကြတာပေါ့"

o———ရှေ့ဆက်ရန်———o

www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ ပြန်တက်လာခဲ့သည်။

ရေခဲသေတ္တာထဲမှ ရေယူ၍ ဦးနေဒွန်းအောင်က သူလည်း တစ်ခွက်သောက်သည်။ ရှင်ပိုးအိအားလည်း တစ်ခွက်တိုက်သည်။

ပြီးတော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အကြံညာဏ်ထုတ်နေသည်။

သူ့ကိုကြည့်ရင်း ရှင်ပိုးအိ ခေါင်းတောင်မော့လာပြီ။

"ရှင်ပိုးအိ"

"ရှင်"

"စောစောက မင်းကိုကြီးနဲ့တွက်ပြေးလို့ရရဲ့သားနဲ့ ဘာလို့ တွက်မပြေးဘဲ ကိုယ့်ကို ကြိုးဖြေပေးတာလဲ"

ရှင်ပိုးအိ၏ ဘေးမှာထိုင်ပြီး ရှင်ပိုးအိ မျက်လုံးများကို စိုက်ကြည့်၍ မေးလိုက်သည်။

"ဟို . . . အစ်ကိုကြီး ဒုက္ခရောက်မှာစိုးလို့။ အစ်ကိုကြီး မြန်မြန်လွတ်သွားအောင် ကြိုးဖြေပေးခဲ့တာ"

"ဒါဆို . . . မင်း အစ်ကိုကြီးကို ချစ်တာပေါ့နော်"

○———မြူးဒေဝ———○



"ရှင်"

ချစ်တာလား ဘာလားတော့ မသိ။ ရှင်ပိုးအိက သနားဝတ်သည်။

သူများဒုက္ခရောက်မှာကို မကြည့်ရက် မလုပ်ရက်။

"အစ်ကိုကြီးရဲ့ပစ္စည်းတွေကို သူ မတရားသဖြင့် လောဘတက်ပြီး လိုချင်လို့ သူ ကြံစည်ခဲ့တာ ရှင်ပိုးအိ သိတယ် မဟုတ်လား။ သူ့မှာ အတ္တစိတ်တွေများနေတာ။ သူ မရှိရင် အစ်ကိုကြီးနဲ့ ရှင်ပိုးအိ အတူတူနေကြမယ်။ ရှင်ပိုးအိကို မိုးနှင်းဆီရဲ့အရှင်သခင်အဖြစ် ထားမယ်"

"မမမိုးနှင်းဆီ ပြန်လာတဲ့အခါကျရင်ကော"

"သူ မပြန်လာတော့ပါဘူး"

"ဘာဖြစ်လို့လဲ။ မမမိုးနှင်းဆီနဲ့ အစ်ကိုကြီးက တရားဝင်လင်မယားပဲ။ ရှင်ပိုးအိနဲ့ အစ်ကိုကြီးကို သူ နှောင့်ယှက်နိုင်တာပဲ"

"သူ မနှောင့်ယှက်နိုင်ပါဘူး။ သူ ဘဝခြားသွားပြီ"

"ရှင်"

○———မြူးဒေဝ———○

www.burmeseclassic.com

www.burmeseclassic.com



"သူလည်း အစ်ကိုကြီးအပေါ်မှာ သစ္စာမရှိဘူး။ သူ မပြန်လမ်းကို သွားပြီ"

"ဘုရား . . . ရေ . . . တကယ်သေသွားတာပေါ့"

ရှင်ပိုးအိ ရင်ထဲမှာ တဆတ်ဆတ်တုန်သွားသည်။

"မိုးနှင်းဆီဟာ အစ်ကိုကြီး အရမ်းချစ်ရတဲ့မိန်းမပါ။ ဒါပေမဲ့ သူ သစ္စာမရှိဘူး။ ဖောက်ပြန်တယ်။ ဒါကြောင့် သူ့ကို ဒေါသအလျောက် သတ်မိတယ်၊ သူ ရုတ်တရက်သေသွားလို့ ရှင်ပိုးအိရဲ့ အကူအညီယူရတာပေါ့။ ဒါဟာ အစ်ကိုကြီး ကံကောင်းတာပဲ။ မိုးနှင်းဆီထက်စာရင် အစ်ကိုကြီးကို ရှင်ပိုးအိက ချစ်တတ်တယ်၊ ကြင်နာတတ်တယ်"

ဦးနေဒွန်းအောင်က သူ၏သန်မာတုတ်ခိုင်သော လက်ကြီးများဖြင့် ရှင်ပိုးအိအား ပွေ့ဖက်၍ နမ်းလိုက်သည်။

ရှင်ပိုးအိကတော့ ရင်တထိတ်ထိတ် ခုန်ရင်း ငြိမ်သက်နေသည်။

"ရှင်ပိုးအိရဲ့ဘဝဟာ ဂေဟာမှာကြီးပြင်းလာရတာဆို။ အစ်ကိုကြီးနဲ့နေပြီးရင် ဘာမှမလိုဘူးပေါ့။ နေ့ချင်းည



ချင်း မိုးနှင်းဆီရဲ့ အရှင်သခင်မဖြစ်သွားမယ်"

"ဘယ်လိုလုပ်ဖြစ်မှာလဲ။ ကြာကြာနေရင် ရှင်ပိုးအိဟာ မိုးနှင်းဆီ မဟုတ်မှန်း လူတွေသိကြမှာပေါ့"

"မသိနိုင်ပါဘူး။ မိုးနှင်းဆီက တော်ရုံလူနဲ့စကားမပြောဘူး။ ဒီက အိမ်နဲ့ လုပ်ငန်းတွေ တဖြည်းဖြည်းရောင်းပြီး ကိုယ်တို့ ရန်ကုန်ပြောင်းကြမယ်"

ရှင်ပိုးအိ ရင်ထဲမှာ ကြောက်လန့်စိတ်၊ စိုးရိမ်စိတ်တွေဖြင့် ရှုပ်ထွေးနေသည်။

ဦးနေဒွန်းအောင်ကို မယုံကြည်ချင်တော့။

"ကဲ . . . မညိုအိမလာခင် မိုးမလင်းခင် ကိစ္စတွေအပြီးလုပ်မှ။ အိမ်ကို ရှင်းလင်းထား။ ဒီကြိုးတွေဘာတွေ ရှုပ်ပွမနေစေနဲ့ သိမ်းထား။ မင်းကိုကြီးကို ငါ ခေါ်သွားမယ်"

"ဘယ်ကိုခေါ်သွားမှာလဲ"

"အေးဆေးတဲ့နေရာကိုပေါ့"

မြေအောက်ခန်းထဲက မင်းကိုကြီးအား ပွေ့ချီ၍ ဂျစ်ကားပေါ် တင်၍ ဦးနေဒွန်းအောင် ခေါ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုခေါ်သွားတာလဲ။

မင်းကိုကြီးအားလည်း ရှင်ပိုးအိ သံယောဇဉ်ရှိသည်။

မင်းကိုကြီး တစ်ခုခုဖြစ်လျှင်တော့ မိမိလည်း တာဝန်မကင်းပါလား။

ရှင်ပိုးအိမှာ ကြောက်ကလည်း ကြောက်နှင့် ဆောက်တည်ရာမရအောင် ယောက်ယက်ခတ်နေမိသည်။

အလွန်ချစ်မြတ်နိုးပါသော ဇနီးဖြစ်သူကိုတောင် သတ်ရက်သည့် ဦးနေဒွန်းအောင်သည် မင်းကိုကြီးအား လည်း သတ်ဖို့ ဝန်လေးမှာ မဟုတ်။

ရှင်ပိုးအိကိုရော . . .

တွေးရင်း တွေးရင်း ကြောက်လန့်တုန်လှုပ်စိတ် တွေဖြင့် တစ်ခုခုလုပ်ရတော့မည်မို့ တယ်လီဖုန်း ကောက် ကိုင်လိုက်သည်။

✣ ✣ ✣



## ၁၈။ အတ္တနုတ်ဆိုး

ဂျစ်ကားပေါ်မှာ မင်းကိုကြီးအားတင်ပြီး ဦးနေဒွန်း အောင် ထွက်လာခဲ့သည်။

စမ်းရေတွင်းရွာမှ ထွက်ပြီး ညောင်ပင်သာ မြို့ကုန်း တို့ကို ကျော်ဖြတ်ကာ ရေစီးသန်သော ချောင်းကလေးထိပ် သို့ ရောက်လာ၏။

ချောင်းကလေးသို့ ကားကို ဦးတည်ထားလိုက်၏။ ပြီးတော့ ကားမောင်းသည့်နေရာမှာ မင်းကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



အား ထားလိုက်သည်။

ကားမောင်းသည့်လက်ကိုင်နှင့် ကားစက်ဖုံးများတွင် မိမိလက်ရာမကျန်ရန် အဝတ်ဖြင့် လိုက်သုတ်သည်။

ပြီးမှ ကားကို ဂီယာဖြုတ်ကာ ချောင်းကလေးဆီသို့ တွန်းချလိုက်၏။

ကားက ကုန်းမြင့်ကနေပြီး ချောင်းကလေးဆီသို့ လိမ့်ဆင်းသွားကာ ချောင်းစပ်အရောက်တွင် ရေထဲသို့ ကားခေါင်းတစ်ဝက်နစ်မြုပ်ပြီး ရပ်သွားလေသည်။

ဦးနေဒွန်းအောင် လှည့်မကြည့်တော့။

မိမိ၏လက်ဖက်ခြံများကြားမှ ဖြတ်၍ အိမ်သို့ပြန်လာခဲ့လေသည်။

✧ ✧ ✧

လက်ဖက်ခြံထဲမှာနေသော ဦးတာတေ၏အိမ်သို့ ဝင်၍ စက်ဘီးကို ဆွဲယူပြီး မိုးနှင်းဆီခြံသို့ အပြန်ပြန်လာခဲ့သည်။



မိုးမလင်းခင် ပြန်ရောက်ဖို့အရေးကြီးသည်။

ပြီးတော့ ရှင်ပိုးအိတစ်ယောက်တည်း ကျန်ခဲ့သည်မို့ သည်ကလေးမ သိပ်များကြောက်နေမလားလို့။

စက်ဘီးကို ဆင်ဝင်အောက်တွင် ထားခဲ့ပြီး အိမ်ထဲသို့ ဝင်ခဲ့၏။

မီးတွေကလည်း မှောင်နေသည်မို့ မီးပျက်နေပြီထင်၏။

ရှင်ပိုးအိ ဘယ်ရောက်နေပြီလဲ။

တံခါးကလည်း ပိတ်မထား။ အဆင်သင့်ဖွင့်သည်ဆိုတော့ ရှိမှရှိရဲ့လား။

ပစ္စည်းတွေယူပြီးများ ရှင်ပိုးအိ ထွက်ပြေးသွားပြီလား တွေးရင်း လက်နှိပ်ဓာတ်မီးကို ရှာသည်။

အခန်းထောင့်စားပွဲမှာ အင်တာတာမီးရှိ၏။

အင်တာတာမီးက တစ်အိမ်လုံးတော့ မလင်းနိုင်။

အပေါ်ထပ်တက်သွားပြီး ပစ္စည်းများထားရာ အခန်းကို ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ရာခြေရာမပျက်။ အခန်းတံခါး သော့ပိတ်လျက်သားဖြစ်သည်။

"ရှင်ပိုးအိ"

"ရှင်ပိုးအိ"

အသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

ဘာမှတုံ့ပြန်မှုမရှိ။

အိပ်ခန်းထဲမှာလည်း မရှိ။

ဂေဇက္က ရှင်ပိုးအိဆိုတဲ့ကောင်မလေး ကြောက်လို့ ထွက်ပြေးသွားပြီလား။

အပေါ်ထပ်မှာမရှိတော့ အောက်ထပ်သို့ ဆင်းလာခဲ့၏။

အောက်ထပ်စတိုခန်းတံခါး ပွင့်နေသည်။

စားပွဲအောက်တွင်ရှိသော ၆အောက်ထပ်မြေအောက်ခန်းဆင်းသည့် တံခါး ပွင့်နေသည်။

စောစောကလည်း သူတံခါးပိတ်ခဲ့တာ သေချာပါရဲ့။

မြေအောက်ခန်းက အလင်းရောင်မှိန်နေသည်။

o——ဖျဖျဖ——o



လက်နှိပ်ဓာတ်မီးဖြင့် မြေအောက်ခန်းသို့ ဆင်းလာခဲ့၏။

"ဟင့် . . . ဟင့် . . . ဟင့်"

ငိုရှိုက်သံလိုလို ညည်းသံလိုလို ကြားရ၏။

"ရှင်ပိုးအိ . . . ရှင်ပိုးအိ"

သူ ခေါ်ရင်း လက်နှိပ်ဓာတ်မီးဖြင့် အခန်းထဲသို့ ဝှေ့ယမ်းထိုးကြည့်၏။

"အစ် . . . ကို . . . ကြီး"

တုန်တုန်ယင်ယင်အသံဖြင့် ခေါ်သံကြောင့် ဦးနေဒွန်းအောင် ဆတ်ခနဲ တုန်သွားသည်။

အခန်းထောင့်ရှိ ခုတင်ပေါ်ကနေပြီး မည်းမည်းအရိပ်တစ်ခု လှုပ်လာ၏။

"ရှင်ပိုးအိ"

"ဘာရှင်ပိုးအိလဲ။ ဒါ . . . မိမိုး . . . အစ်ကိုကြီးရဲ့ မိန်းမလေ"

ဦးနေဒွန်းအောင် တွေဝေသွားသည်။

o——ဖျဖျဖ——o

www.burmeseclassic.com

www.burmeseclassic.com

အဝတ်မည်းများ ဝတ်ထားသော ရှင်ပိုးအိသည် ဆံပင်ရှည်ကို ဖားလျားချထားပြီး မျက်နှာကတော့ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

"ဘာကြည့်နေတာလဲ။ ရှင်ပိုးအိကို မိမိုး သတ်လိုက်ပြီ"

"ဘာ"

"အခု မိမိုးရဲ့ဝိညာဉ်က ရှင်ပိုးအိကို ဝင်ပူးလိုက်တာ"

"ဘာလဲ . . . ရူးနေပြီလား။ မင်း . . . ရှင်ပိုးအိပါ"

"သေချာကြည့်ပါဦး အစ်ကိုကြီးရယ်။ ဒါအစ်ကိုကြီးရဲ့မိမိုးပါ။ အစ်ကိုကြီးနဲ့အတူနေဖို့ ပြန်လာခဲ့တာ"

ရှင်ပိုးအိ ခုတင်ပေါ်က ဆင်းလာသည်။

"လုံးဝမဖြစ်နိုင်ဘူး။ မိမိုးဟာ မရှိတော့ဘူး"

"ဘာဖြစ်လို့မရှိရမှာလဲ အစ်ကိုကြီးရယ်"

"ငါ့လက်နဲ့သတ်ခဲ့တာ"

"အဲဒါကြောင့် ဝိညာဉ်အဖြစ်နဲ့ပြန်လာခဲ့တာ"

"ရှင်ပိုးအိ . . . မင်း ဘာအရူးထနေတာလဲ။ မင်းဟာ မိမိုး လုံးဝမဖြစ်နိုင်ဘူး။ မိမိုးက သေပြီ။ ဒါပေမဲ့ မင်း . . ."



စကားမဆုံးခင် မီးတွေ ဖျတ်ခနဲလင်းသွား၏။

"ဒါပေမဲ့ ဘာဖြစ်လဲ ရှင်ပိုးအိကို မိုးနှင်းဆီအဖြစ် ဟန်ဆောင်ပြီး လူတွေကို လိမ်ညာဦးမလို့လား"

ပြတ်သားတည်ကြည်သော အသံနှင့်အတူ အခန်းအကွယ်မှ ဒုရဲအုပ်ကျော်လင်းထွေး ထွက်လာ၏။

မီးအလင်းရောင်နှင့် အခန်းထောင့်တွေမှာ ရဲဝတ်စုံဝတ်ထားသူများ ရှိနေ၏။

ဦးနေဒွန်းအောင် မျက်စိများ ပြာဝေသွားသည်။

"ဒါ . . . ဘာလုပ်ကြတာလဲ"

"ခင်ဗျားကို မိုးနှင်းဆီနဲ့ မင်းကိုကြီးသတ်တဲ့အမှုနဲ့ ရဲစခန်းခေါ်သွားဖို့ စောင့်နေကြတာလေ"

ဦးနေဒွန်းအောင် ဒေါသတွေ ချုပ်တည်းမရအောင် ပေါက်ကွဲကာ ရှင်ပိုးအိဆီ ပြေးသွား၏။

"မင်း . . . မင်း သစ္စာဖောက်တာပေါ့လေ။ မင်းကိုပါ တစ်ပါတည်း သတ်မယ်"

သို့သော် မသတ်ဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဦးနေဒွန်းအောင်၏ လက်ကို ဖမ်းဆွဲပြီး ဒုရဲအုပ်က လက်ထိပ်ခတ်လိုက်သောကြောင့်ပင် ဖြစ်ပါသည်။

"ကျွန်မ စိတ်မကောင်းပါဘူး အစ်ကိုကြီးရယ်။ ကျွန်မ လူတွေကို သနားတတ်ပေမယ့် မတရားသဖြင့်တော့ မဖြစ်စေချင်ပါဘူး။ အစ်ကိုကြီး ပြုလုပ်ခဲ့တဲ့အပြစ်အတွက် အစ်ကိုကြီး ပေးဆပ်ရလိမ့်မယ်။ ဒါကြောင့် ရဲစခန်းကို ဆက်သွယ်အကြောင်းကြားလိုက်ရတာပါ"

ရှင်ပိုးအိ ပြောလိုက်သည်။

ဦးနေဒွန်းအောင်မှာ ဒေါသစိတ်မှ နောင်တနှင့် ကြေကွဲစိတ်တွေပြည့်လျှမ်းလာ၏။

တကယ်တော့ အတ္တနတ်ဆိုး၏ စေခိုင်းမှုကြောင့် အများတွေ ကျူးလွန်ခဲ့ရသည်။

နောင်တရားက နောက်ကျသွားပြီ။

ပြန်လည်ပြုပြင်လို့ မရနိုင်တော့ပါလား။

ဥတ္တရာဓေမာ

—ပြီးပါပြီ—

# လေဒီဇော်

## အားလုံးရဲ့ကောင်းခြင်းမင်္ဂလာသမီး

အားလုံးပြီးဆုံးသွားပြီဆိုရင်တောင်
ဘယ်တော့မှ မဆုံးနိုင်တဲ့
သံယောဇဉ်ကြိုးမျိုးကို
မင်းနဲ့ငါက မှုပိုင်ချည်နှောင်ပြီးသားပါ...
အားလုံးဝေးသွားပြီဆိုရင်တောင်
နီးနီးလေးသာရှိနေနိုင်တဲ့
နှလုံးသားမျိုးကို
မင်းနဲ့ငါက အပိုင်စားရထားပြီးသားပါ...
နားလည်မှုနဲ့ အစပျိုးခဲ့တဲ့ "ဖြူစင်" မှုတွေကို
နားလည်မှုနဲ့ပဲ ဆက်ပြီး ရှင်သန်နေပါရစေ...

www.burmeseclassic.com

www.burmeseclassic.com

